# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၄၅)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဟားခါး ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နံနက် ၁၀ နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တာဝန်ရှိသည့် ပုဂ္ဂိုလ်အားလုံးက တက်ညီလက်ညီသန္နိဋ္ဌာန်ချ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ အစိုးရ အဖွဲ့တစ်ဖွဲ့တည်းဖြင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင်လည်း တာဝန်ရှိကြပါကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို စတင်၍ ခြေလှမ်းနေကြခြင်းဖြစ်ပါကြောင်း၊ တချို့မှာ ပြုပြင်ပြောင်းလဲရေးအတွက် စိုးရိမ်ခြင်းများရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ဆွေကောင်းတစ်ဦး ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် အခွင့်အခါကောင်း၊ အခွင့်အလမ်းကောင်းဖြစ်သည်ကို ဌာနဆိုင်ရာအသီးသီးက သိရှိစေလိုပါကြောင်း၊ အများအားဖြင့် နိုင်ငံသူနိုင်ငံသားများထင်မြင်ကြသည်မှာ အစိုးရအဖွဲ့ပြောင်းပါကပြုပြင်ပြောင်းလဲမှုဖြစ်သည်ဟုထင်ကြပါကြောင်း၊ အမှန်တကယ်မှာ အစိုးရအဖွဲ့ပြုပြင်ပြောင်းလဲခြင်းပြုလုပ်ရုံသာမက အဆင့်ဆင့်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးက လိုက်ပါပြောင်းလဲရမည်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍

◆ **အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲသည့်ပေါ်လစီကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များသည် အဓိကကျပြီး အကောင်အထည်ဖော်ပေးရမည်ဖြစ်**

◆ **မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအသီးအပွင့်များကို ခံစားနိုင်အောင် လက်တွေ့ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်**

**ပြည်ထောင်စုလွှတ်တော်တွင် အဆိုတစ်ခုတင်သွင်းခြင်းနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာ ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်**

*ပြည်ထောင်စုလွှတ်တော်* စာ » ၇

**အကြမ်းဖက်ဝါဒီများကို ပူးပေါင်းတိုက်ဖျက်သွားရန် အိန္ဒိယနှင့် ဆော်ဒီ သဘောတူ**

*နိုင်ငံတကာသတင်း* စာ » ၁၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကင်းကွာနေ၍မရစကောင်း

နိုင်ငံတစ်နိုင်ငံ သို့တည်းမဟုတ် ဒေသအစိတ်အပိုင်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖြေရှာရာတွင် အရင်းခံအကြောင်းတရားမျိုးစုံ၊ အခက်အခဲမျိုးစုံတို့မှ မြစ်ဖျားခံလာသည်ကို တွေ့ကြရသည်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ နှစ်ပေါင်းများစွာ ပြည်သူလူထုက နိုင်ငံရေးနှင့် ဝေးဝေးနေခဲ့ကြရသည့် အကျိုးဆက်အဖြစ် နိုင်ငံရေးအတွေ့အကြုံအားနည်းပြီး နိုင်ငံရေးပျိုးထောင်မှု အဆင့်အတန်းနိမ့်ကျခဲ့ရသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် များစွာ ခက်ခဲတတ်ကြောင်း ပညာရှင်များက ဆိုမိန့်ခဲ့သည်ကို မှတ်သားရဖူးသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံရေးအရခေတ်မီခြင်း **(Political modernization)** ရှိရမည်။ နိုင်ငံရေးအရ ခေတ်မီခြင်းဟုဆိုရာတွင် ပြည်သူတို့၏ မှန်ကန်သည့် သဘောထားဆန္ဒများကို လက်တွေ့အကောင်အထည်ဖော်သည့် လုပ်ငန်းများအဖြစ်သို့ ပြောင်းလဲပေးနိုင်သော နိုင်ငံရေးယန္တရား **(Political mechanism)** ရှိရမည်။ နိုင်ငံရေးဖြစ်စဉ်အတွင်း ပြည်သူတို့ ပါဝင်မှု အဆင့်အတန်းတိုးတက်မြင့်မားလာရန် အစိုးရက တာဝန်ယူရမည်ဖြစ်ပြီး အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်နားလည်မှုရှိရမည်။ အစိုးရနှင့် ပြည်သူတို့၏ နိုင်ငံရေးရင့်ကျက်မှု **(Political maturation)**သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအကျဆုံးသော လိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟူသော အဆက်အစပ်များ ရှိနေသည်ကို အထူးသတိမူကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တနင်္သာရီတိုင်းဒေသကြီးခရီးစဉ်အတွင်း ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် "ပြည်နယ်နှင့် တိုင်းတော်တော်များများကို ရောက်ခဲ့ရာတွင် ပြည်နယ်/တိုင်းအစိုးရများနှင့် ပြည်သူလူထုကြားတွင် နီးကပ်မှုရှိသင့်သလောက် မရှိသည်ကို သတိပြုမိကြောင်း၊ အစိုးရသည် ပြည်သူလူထုနှင့် ကင်းကွာနေ၍ မဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံမှာ အားလုံးတာဝန်ရှိသည်ဆိုသော်လည်း ဒီမိုကရေစီစနစ်အရ ရွေးချယ်ခံထားရသည့် အစိုးရများတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း၊ ပြည်သူတို့အတွက် တာဝန်ယူရာတွင် ဗဟိုအစိုးရမှာ တာဝန်ရှိသလို တိုင်း/ပြည်နယ်အစိုးရများမှာလည်း တာဝန်ရှိကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ရာတွင် ဗဟိုအစိုးရက တိုင်း/ပြည်နယ်အစိုးရများနှင့် မည်သို့မျှ မယှဉ်နိုင်ကြောင်း" စသည့်အချက်များကို ပြောကြားခဲ့သည်မှာ မှတ်သားပြုပြင်ကြရမည့် အချက်များပင်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပြည်သူများ ထိတွေ့ဆက်ဆံရေး၊ ပြည်သူများ၏ မှန်ကန်သော ဆန္ဒသဘောထားများကို အကောင်အထည်ဖော်နိုင်မည့် ယန္တရားများ တည်ဆောက်ရေး၊ အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်နားလည်မှု၊ တာဝန်ရှိမှုတို့ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆီ ဦးတည်ကြရမည်ဖြစ်သည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ပြည်သူများ၏ နိုင်ငံရေး ရင့်ကျက်မှုနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်လာရန် တာဝန်ရှိမှုတို့ကိုလည်း ပြည်သူများက ကောင်းစွာသိနားလည်ကြပြီး မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အစိုးရ၏ တာဝန်သက်သက်သာမဟုတ်ဘဲ မိမိတို့လည်း ပူးပေါင်းပါဝင်ကြရန် လိုအပ်သည်ကို သဘောပေါက်ထားကြရမည် ဖြစ်သည်။

"တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ တာဝန်ကျေပါ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ တာဝန်ကျေရင် ကျွန်မတို့ နိုင်ငံဟာ မုချမသွေအချိန်တိုတိုအတွင်းမှာ တိုးတက်နိုင်မယ်...။ ပြည်သူလူထုအနေနဲ့လည်း ကိုယ့်အစိုးရကို ကိုယ်ထိန်းပါ။ ကျွန်မထိန်းဖို့ ပြောတဲ့အခါမှာ ယဉ်ယဉ်ကျေးကျေးတော့ထိန်းပါ..." ဟူ၍လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ရာ အစိုးရနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံရာတွင် မလွဲမသွေလိုအပ်ချက်များလည်း ဖြစ်သည်။

နိုင်ငံဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခေါင်းဆောင်တို့၏ အခန်းကဏ္ဍသည် အမြင့်မားဆုံးတွင် တည်ရှိနေသည်။ မိမိတို့ဒေသ၊ မိမိတို့ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထက်သန်သောစိတ်ဓာတ်ခွန်အား၊ အပြန်အလှန်နားလည်မှု၊ တာဝန်ခံယူမှုများ၊ နိုင်ငံရေးရင့်ကျက်မှုများဖြင့် အစိုးရများနှင့် ပြည်သူများအကြား တစ်သားတည်းပေါင်းစည်းကာ ထုဆစ်တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

# (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကံသာကျေးရွာတွင်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

(၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက နေပြည်တော်ကောင်စီနယ်မြေလယ်ဝေး မြို့နယ် ကံသာကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော် ချင်းလူမှုရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးခမ်လျှန်ဆွမ်းက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းအား ဖတ်ကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်သဝဏ်လွှာအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ဖတ်ကြား၍ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက ဖတ်ကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေအား ဒုတိယဝန်ကြီးကပေးအပ်ရာ နေပြည်တော် ချင်းလူမှုရေးအသင်း အတွင်းရေးမှူး ဦးလိုင်ဒိန်းက လက်ခံရယူသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုဆုချီးမြှင့်ပြီး (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် အနိုင်ရရှိသည့် အသင်းများအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က ဂုဏ်ပြုဆုများချီးမြှင့်သည်။ ဆက်လက်၍ နေပြည်တော် ချင်းလူမှုရေးအသင်းဥက္ကဋ္ဌ ဦးဝင်းစိုးဦးနှင့် လယ်ဝေးမြို့နယ် သစ်တောရွာမှ ဆလိုင်းအောင်ရင်တို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ ချင်းရိုးရာအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကာ ဧည့်သည်တော်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ချင်းတောင်တန်းမှ ကြိုဆိုလျက် သီချင်းအား အခမ်းအနားတက်ရောက်လာသူများစုပေါင်းသီဆိုပြီး ရိုးရာကပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မျက်မမြင်ဆေးပညာအနှိပ် စံသင်ရိုးညွှန်းတမ်း ဆွေးနွေးပွဲကျင်းပ



စံသင်ရိုးညွှန်းတမ်းအတွက် ဆွေးနွေးကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ Japan Heart နှင့် International Medical Volunteers တို့ ပူးပေါင်းဆောင်ရွက်သည့် မျက်မမြင်ဆေးပညာအနှိပ်စံ သင်ရိုးညွှန်းတမ်း (အခြေခံအဆင့်နှင့် အဆင့်မြင့်)ဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ မျက်မမြင်သင်တန်းကျောင်းများနှင့် မျက်မမြင် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မျက်မမြင်အနှိပ်ပညာရှင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်ကျောင်းများမှ ကျောင်းအုပ်များ၊ Japan Heart အဖွဲ့မှ Managing Director Mr. YutaMomose နှင့် အခြားဖိတ်ကြားထားသူများက မျက်မမြင်ဆေးပညာအနှိပ်စံ သင်ရိုးညွှန်းတမ်းအတွက် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုမင်းစိုး**

# ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့်ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

၂၀၁၈ ခုနှစ်အတွက် အာဆီယံဆုကို ဖိလစ်ပိုင်နိုင်ငံမှ မစ္စစ် အာလင်ဒါယူကိုးက အားလုံးပါဝင်သည့် အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာတွင် ၎င်း၏ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိသွားခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်တို့က အာဆီယံဆုဖလားနှင့် ဆုတော်ငွေတို့ကို မစ္စစ် အာလင်ဒါယူကိုးအား ပေးအပ်ချီးမြှင့်ခဲ့သည်။ အာဆီယံဆုအတွက် ထောက်ပံ့သော အဖွဲ့အစည်းများမှာ စင်ကာပူနိုင်ငံမှ တမားဆက်ဖောင်ဒေးရှင်း (Temasek Foundation)၊ ဖိလစ်ပိုင်နိုင်ငံမှ အရာလာကော်ပိုရေးရှင်း(the Ayala Corporation) နှင့် မလေးရှားနိုင်ငံမှ ယာယာစံဟဆနာ (Yayasan Hasanah) အဖွဲ့အစည်းတို့ဖြစ်သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား(အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/ call-nominations-asean-prize-2019/. တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com ကို **၈-၃-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဖလမ်းမြို့နယ်(ဆူရ်ဘုန်) လေယာဉ်ကွင်း စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

ထို့အတူ နိုင်ငံသူနိုင်ငံသားများကလည်း မိမိတို့၏ပြုပြင်ပြောင်းလဲလိုသည့် စိတ်ဓာတ်များ၊ ခံယူချက်များကို ပြောင်းလဲနိုင်မှ ပြုပြင်ပြောင်းလဲမှုဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်အစိုးရ၊ လွှတ်တော်နှင့် ကျန်သည့် ဌာနဆိုင်ရာအားလုံး တက်ညီလက်ညီ ပြောင်းလဲ ကြရမည်ဖြစ်ပါကြောင်း။ ဒီမိုကရေစီတွင် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ သာတူညီမျှမှု များ ရှိပါကြောင်း၊ ဒီမိုကရေစီသည် နိုင်ငံသူနိုင်ငံသားများအတွက် လုံခြုံစိတ်ချမှုရှိသည့်အပြင် ပျော်ရွှင်ချမ်းမြေ့စေမှု စသည့်အခွင့်အရေးများ ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်ပြည်ထောင်စုနိုင်ငံဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံးမပါဘဲ ပြည်ထောင်စုဟုပြော၍မရပါကြောင်း၊ တိုင်းရင်းသားများ အားလုံးပါဝင်မှသာပြည်ထောင်စုဟု ပြောနိုင်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများအားလုံးတန်းတူညီမျှသည့် အခွင့်အရေးများရရှိရန်၊ ဖက်ဒရယ်အခွင့်အရေးများရရှိရန်၊ ဒီမိုကရေစီအခွင့်အရေးများရရှိရန်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း အခွင့်အရေးများရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ဖိနှိပ်ချုပ်ချယ်သည့်အုပ်ချုပ်မှုမျိုးမဖြစ်စေလို**

ထိုသို့ ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်သည် အဓိကကျပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းတွင် မိမိတို့ နိုင်ငံသူနိုင်ငံသားများအပေါ် တရားဥပဒေစိုးမိုးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ ကိုယ်လုံခြုံမှု၊ စိတ်လုံခြုံမှု၊ ပျော်ရွှင်ချမ်းမြေ့မှုပေးသည့် စီမံခန့်ခွဲသည့် ယန္တရားတစ်ခု ဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်မှုမျိုး မဖြစ်စေလိုပါကြောင်း။

ယင်းသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ ရည်ရွယ်ချက်များဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးအနေဖြင့် တရားမျှတ၍ ကိုယ်ချင်းစာတရားနှင့်အညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းဖြစ်မှသာ ဒီမိုကရေစီတည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း။

ထို့အတူ ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့်လည်း တရားမျှတသည့်ဥပဒေများ ဖြစ်စေရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို သွားမည်ဆိုပါက ဒီမိုကရေစီကျင့်စဉ်များပါဝင်သည့် ဥပဒေပြုရေးဖြစ်စေရန်၊ ဖက်ဒရယ်စနစ်များပါဝင်သည့် ဥပဒေပြုရေးဖြစ်စေရန် ဥပဒေပြုရေးမဏ္ဍိုင်က ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွက် လိုအပ်သည့်ဥပဒေများကို မှန်မှန်ကန်ကန် ပြဋ္ဌာန်းပေးနိုင်မှသာ အဆိုပါဥပဒေနှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်က အုပ်ချုပ်မည်ဖြစ်ပါကြောင်း၊ ယခင်ဥပဒေအတိုင်းသာ တည်ရှိနေပါက စီမံခန့်ခွဲသည့် အုပ်ချုပ်ရေးအပိုင်းတွင်လည်း ယခင်အတိုင်းပင် ဖြစ်နေမည် ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့ ဟန်ချက်ညီရန် ဂရုစိုက်စေလိုပါကြောင်း။

**အပြန်အလှန်ထိန်းကျောင်း**

တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ လွတ်လပ်သော တရားစီရင်ရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍ တစ်ခုနှင့်တစ်ခု ဝင်စွက်ဖက်၍ မရပါကြောင်း၊ တရားသူကြီး၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ဆောင်ရွက်ချက် မှန်ကန်မှု၊ မျှတမှုရှိ မရှိကိုသာ အုပ်ချုပ်ရေးပိုင်းနှင့် ဥပဒေပြုရေးပိုင်းက အပြန်အလှန် ထိန်းကျောင်းပေးရမည်သာဖြစ်ပါကြောင်း။

အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲသည့်ပေါ်လစီကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များသည် အဓိကကျပြီး အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအသီးအပွင့်များကို ခံစားနိုင်အောင် လက်တွေ့ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ဝန်ဆောင်မှုကောင်းကောင်းပေးရမည်ဖြစ်**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့် တာဝန်အပေါ် ကျေပွန်စွာတာဝန်ထမ်းဆောင်ရန်လိုအပ်ပြီး ပြည်သူကိုဗဟိုပြုသည့် ဝန်ဆောင်မှုကောင်းကောင်းပေးရမည်ဖြစ်ကြောင်း၊ အခြေခံစိတ်ထားမှာ ပြည်သူက မိမိတို့ကို နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပြည်သူ့အခွန်ဘဏ္ဍာများနှင့် လစဉ်ချီးမြှင့်ငွေပေးထားခြင်းဖြစ်သည်ဟု သဘောပေါက်ရန် လိုအပ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာရှိ၍ နိုင်ငံတော်၏ ကျေးဇူးတရားကို သိရှိကာ ပြဋ္ဌာန်းထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည် ဖြစ်ပါကြောင်း၊ ထိုသို့ လေးစားလိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများ တိုးပွားလာပါက နိုင်ငံလည်း ကောင်းမည်ဖြစ်ပါကြောင်း။

**ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်ကြည့်ရှု**

ပြည်နယ်အစိုးရအနေဖြင့် စီမံကိန်းတစ်ခု ဖော်ဆောင်မည်ဆိုပါက ယင်းစီမံကိန်းသည် မိမိဒေသအတွက် အကျိုးရှိ/မရှိနှင့် အမှန်တကယ်လိုအပ်မှု ရှိ/မရှိ၊ စီမံကိန်းဖြစ်နိုင်ခြေ ရှိ/မရှိတို့ကို စဉ်းစားတွက်ချက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ စဉ်းစားရာတွင် လွှတ်တော်ပိုင်းက စီမံကိန်းတစ်ခု၏ ငွေကြေးကုန်ကျမှု၊ ဒေသပေါက်ဈေး စသည်တို့ကို စစ်ဆေးရမည့်အပြင် စာရင်းစစ်အပိုင်းကလည်း ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရန် ကြည့်ရှုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ အမှန်တကယ် လိုအပ်၍ လုပ်ဆောင်ရပါက အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရမည့်အပြင် အမှန်တကယ်ကုန်ကျစရိတ်မှ ပိုလျှံသည်များကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ကိုင်တွယ်သုံးစွဲရာ၌ ခြိုးခြိုးခြံခြံဖြင့် စနစ်တကျသုံးစွဲရမည်ဖြစ်ပါကြောင်း။

> **“ပြည်နယ်အစိုးရအနေဖြင့် စီမံကိန်းတစ်ခု ဖော်ဆောင်မည်ဆိုပါက ယင်းစီမံကိန်းသည် မိမိဒေသအတွက် အကျိုးရှိ/မရှိနှင့် အမှန်တကယ်လိုအပ်မှု ရှိ/မရှိ၊ စီမံကိန်းဖြစ်နိုင်ခြေ ရှိ/မရှိတို့ကို စဉ်းစားတွက်ချက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ စဉ်းစားရာတွင် လွှတ်တော်ပိုင်းက စီမံကိန်းတစ်ခု၏ ငွေကြေးကုန်ကျမှု၊ ဒေသပေါက်ဈေးစသည်တို့ကို စစ်ဆေးရမည့်အပြင် စာရင်းစစ်အပိုင်းကလည်း ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရန် ကြည့်ရှု”**

မူးယစ်ဆေးဝါးပြဿနာမှာ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများ ရှိပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများတွင် တချို့က မသိချင်ယောင်ဆောင်၍ မျက်နှာလွှဲထားသည်များရှိပါကြောင်း၊ ဖမ်းဆီးရမည်ကို မဖမ်းဆီးဘဲထားခြင်း၊ အရေးယူရမည်ကို အရေးမယူဘဲထားခြင်း စသည့်ကိစ္စများတွေ့ရှိလာပါက တိတိကျကျ အရေးယူသွားမည်ဖြစ်ပါကြောင်း။

**ပြည်တွင်းငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်**

တရားစီရင်ရေးကို ပြန်လည်တည့်မတ်ရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ ဒီမိုကရေစီတည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး တရားဥပဒေရှေ့မှောက်၌ ညီတူညီမျှဖြစ်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တရားဥပဒေ၏ အရိပ်အာဝါသကို နိုင်ငံသူ၊ နိုင်ငံသားတိုင်း ခံစားရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးများသည် ချိတ်ဆက်နေပါကြောင်း၊ တစ်ခုချို့ဖောက်လျှင် အခြားတစ်ခုလည်း ချို့ဖောက်ခံရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတစ်ခု၊ မူဝါဒတစ်ခု ချမှတ်ပါက ပြည်နယ်အစိုးရအနေဖြင့် ယင်းလုပ်ငန်းစဉ် မည်မျှပြီးစီးသည်ကို မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းစဉ်၏ လိုအပ်ချက်များကို ဌာနဆိုင်ရာအဖွဲ့အစည်းများအား ပြုပြင်ခြင်း၊ ညွှန်ပြသင့်သည်များကို ညွှန်ပြခြင်းများ၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က လွှတ်တော်ရေးရာလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က တရားလွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ပေးနေ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် မဖွံ့ဖြိုးသေးသည့် ဒေသများနှင့် တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့နယ် (ဆူရ်ဘုန်) လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က (ဆူရ်ဘုန်) လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ မြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု၊ အရည်အသွေးကောင်းမွန်စေရန် ကြီးကြပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ရှင်းလင်းတင်ပြ**

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ယခုတည်ဆောက်လျက်ရှိသည့် (ဆူရ်ဘုန်) လေယာဉ်ကွင်းမှာ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ချိန်အတွင်း စီမံကိန်းလုပ်ငန်းများပြီးစီးစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**စီမံကိန်းလုပ်ငန်းခွင်အတွင်းလှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဖလမ်းမြို့နယ်(ဆူရ်ဘုန်) လေယာဉ်ကွင်း စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေဖြတ်ခြင်းနှင့် တောင်ဖြိုခြင်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့နှင့် မြေထိန်းနံရံတည်ဆောက်လျက်ရှိသည့် နေရာများကို လှည့်လည်ကြည့်ရှုသည်။

ဖလမ်းမြို့နယ်(ဆူရ်ဘုန်)လေယာဉ်ကွင်း တည်ဆောက်ခြင်းဖြင့် တောင်တန်းထူထပ်ပေါများသော ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရပါသည်။

**နေပြည်တော်သို့ပြန်လည်ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် (ဆူရ်ဘုန်) လေယာဉ်ကွင်းမှ ကလေးမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ နဝင်းပြည့်ဆုတောင်းပြည့် လာဘ်ပေးရန်ကာ နဂါးရုံဘုရားကြီး၏ ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို

**ဟားခါး ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော် ဇေတဝန်တောရကျောင်းတိုက်အတွင်း တည်ထားလျက်ရှိသည့် နဝင်းပြည့်ဆုတောင်းပြည့် လာဘ်ပေးရန်ကာ နဂါးရုံဘုရားကြီး၏ ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကို တက်ရောက်ကြည်ညိုပြီး ဓာတ်တော်မွေတော်၊ ဗုဒ္ဓရုပ်ပွားဌာပနာတော်များ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက မဟာဗောဓိမြိုင်ရိပ်သာကျောင်းတိုက် ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ဂုဏ်တော်ကိုးပါးကို နာယူ၍ လာဘ်ပေးရန်ကာ မုဒြာနဂါးရုံဘုရား ကြီးတွင် သွင်းလှူပူဇော်မည့် ဓာတ်တော်မွေတော် ဗုဒ္ဓရုပ်ပွား ဌာပနာတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ချင်းတောင်တန်းသာသနာပြု ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီးနောက် ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာဘဒ္ဒန္တ တေဇောသာရ ဟောကြားသည့် အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို တို့ ဆရာတော်ထံ ဓာတ်တော်မွေတော်၊ ဗုဒ္ဓရုပ်ပွားဌာပနာတော်များ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂျပန်-မြန်မာ ချစ်ကြည်ရေးကပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ MANJUSHAKA နိုင်ငံတကာ ယဉ်ကျေးမှုဖလှယ်ရေးအကအဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် ဂျပန်-မြန်မာ ချစ်ကြည်ရေးကပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။**




အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂျပန်-မြန်မာ ချစ်ကြည်ရေးကပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

ကပွဲ၌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယခုကပွဲသည် ဂျပန် - မြန်မာ ချစ်ကြည်ရေးနှင့် ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေမည်ဖြစ်ပြီး နှစ်နိုင်ငံခရီးသွားလာမှုနှင့် ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ ကပွဲသို့ တက်ရောက်လာကြသည့် ဂျပန်နိုင်ငံသားများအနေဖြင့်လည်း မြန်မာနိုင်ငံ၌ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန် MANJU-SHAKA နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေးအက အဖွဲ့တည်ထောင်သူ Ms. Mamarosa နှင့် ပွဲစီစဉ်သူ ဒေါ်မေညိုတို့က အကအဖွဲ့၏ ဖျော်ဖြေတင်ဆက်ခဲ့မှုများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဂျပန်အကအဖွဲ့က ၁၇ ရာစု နှောင်းပိုင်းအက၊ အလွန်အေးသောဒေသတွင် ထွန်းကားခဲ့သည့် ရိုးရာအက၊ ရဲတိုက်သို့ မင်္ဂလာဆောင်လမ်းသို့ လမ်းလျှောက်ဝင်မည့် သတို့သမီး၏ အကအလှ၊ ရွှေရောင်ခြယ်ပန်းချီကားပုံပြင်၊ နှစ်ပါးစုံညီ၊ ဂုဏ်ပြုအရက်ပွဲအက၊ အာရှ၏ပင်လယ်စောင့်နတ်သမီး၊ လူသားတွေ ငြိမ်းချမ်းပါစေနှင့် ကံကောင်းခြင်းများ ဆောင်ယူလာစေရန် တောင်းဆုခြွေအက၊ အိပ်မက်များ အကောင်အထည်ဖော်သည့် အက၊ နဂါးအက၊ ဂျပန်ရိုးရာအကများနှင့် နိုင်ငံတကာသို့ သွားရောက်ကပြရာတွင် လူကြိုက်များသည့် အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါကပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ JICA မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် Democracy Reporting International (DRI) အဖွဲ့အစည်းတို့ ပူးပေါင်း၍ "ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲ"ကို ဖေဖော်ဝါရီ ၁၉ ရက်က နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံက လက်ခံထားသော UPR အကြံပြုတိုက်တွန်းချက်များတွင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights – ICCPR) ကို စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ရေးလည်း ပါရှိကြောင်း၊ ICCPR တွင် ပါဝင်ခြင်းဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်း ထူထောင်ရာတွင် အထောက်အကူဖြစ်စေမည့်အပြင် နိုင်ငံတကာယုံကြည်မှုနှင့် အသိအမှတ်ပြုမှုကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ ICCPR နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်အတွက် ကော်မရှင်က အလုပ်ရုံဆွေးနွေးပွဲများလည်း ကျင်းပခဲ့ကြောင်း။

ICCPR ကို မြန်မာဘာသာသို့ ပြန်ဆိုဖြန့်ချိမှုများလည်း ပြုလုပ်ခဲ့ကြောင်း၊ ICCPR တွင် ပါဝင်ချုပ်ဆိုရေးအတွက် ကော်မရှင်က နိုင်ငံတော်သမ္မတရုံးသို့ အကြံပြုတင်ပြခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရပ်ကျွမ်းကျင်သူ Prof. Vitit Muntarbhorn နှင့် ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်တို့က ICCPR နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးပွဲ တက်ရောက်ကြသူများကလည်း ပါဝင်ဆွေးနွေးကြသည်။




**သတင်းစဉ်**

# နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၈၆ သန်းထုတ်နိုင်မည့် သူ‌ဌေးရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူဌေးချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သူဌေးရေအား လျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းအဓိကလုပ်ငန်းကြီးများအလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**စံချိန်စံညွှန်းပြည့်မီရေး**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများကို စနစ်တကျအသုံးပြုသွားရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိရေး ဂရုစိုက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမှတ်(၂)ရေလွှဲဥမင်လိုဏ်ဂူ အဝင်ပိုင်းနှင့် ရေထိန်းတံခါးပွင့်ပြွန် တူးဖော်ခြင်းလုပ်ငန်း၊ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဥမင်လိုဏ်ခိုင်ခံ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် အထွက်ပိုင်း ကွန်ကရစ်သွန်းလောင်းနေမှုများကို ဥမင်လိုဏ်တစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးပြီး အမှတ်(၁)ရေလွှဲဥမင်လိုဏ်၏ ဖောက်လုပ်ပြီးစီးနေမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

**ရေတားနံရံလုပ်ငန်းဆောင်ရွက်**

ဆက်လက်၍ စီမံကိန်းလုပ်ငန်းခွင်ရှုရပ်မှ တမံအုတ်မြစ်စိမ့်ရေတားနံရံလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပင်မတမံအောက်ခြေမြေကြီး၊ ကျောက်သားတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ စီမံကိန်းလုပ်ငန်းများအလိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

သူဌေးရေအားလျှပ်စစ်စီမံကိန်းသည် သူဌေးချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ၁၁၁ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်း ထုတ်လုပ်ပြီး ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်နှင့် နိုင်ငံတော် ဓာတ်အားစနစ်သို့ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးရည်ရွယ်၍ တည်ဆောက်လျက်ရှိရာ စီမံကိန်း၏ ၅၁ ဒသမ ၀၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အမှတ်(၂) ရေလွှဲဥမင်လိုဏ်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေးစဉ်။

**လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းဧည့်ရိပ်သာ ရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

**သတင်းစဉ်**

# ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**ပညာရေးဝန်ကြီးဌာန၊ Telecom International Myanmar Co., Ltd. (Mytel) နှင့် Skynet တို့ ပူးပေါင်းမှုဖြင့် မြန်မာလူငယ်များ မြန်မာစာ၊ မြန်မာစကားကို ချစ်ခင်မြတ်နိုးစိတ်ဖြစ်ပေါ်လာစေရေးနှင့် မြန်မာစကားပြောစွမ်းရည်များ တိုးတက်လာစေရေး၊ ထိုမှတစ်ဆင့် ပြင်ပစာပေဖတ်ရှုသည့် အလေ့အထများထွန်းကားလာစေရေး တို့ကို ရည်ရွယ်၍ ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် တိရစ္ဆာန်ဥယျာဉ်လမ်းရှိ Mytel ရုံးချုပ်၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။**

**မြန်မာစကား မှန်ကန်ပီသဖို့**

ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦးက "အဓိကရည်ရွယ်ချက်က မြန်မာဘာသာစကားက တိုင်းပြည်ရဲ့ ကျောင်းသုံး၊ ရုံးသုံး မိခင်ဘာသာစကား ဖြစ်တဲ့အတွက် မြန်မာဘာသာစကားကို ထက်ထက်မြက်မြက်နဲ့ ပြောတတ်ဆိုတတ်ဖို့၊ အသံထွက်ကအစ အသုံးအနှုန်းအစ မှန်မှန်ကန်ကန် ပြောဆိုရေးသားသုံးနှုန်းနိုင်ဖို့၊ နောင်တစ်ခေတ်မှာ နိုင်ငံ့ခေါင်းဆောင်တွေဖြစ်လာမယ့် လူငယ်တွေ မြန်မာဘာသာစကားကို မှန်မှန်ကန်ကန် ပြောဆိုဆက်သွယ်နိုင်ဖို့၊ ဒီပြိုင်ပွဲကျင်းပခြင်းဖြင့် ကျောင်းသားကျောင်းသူတွေရဲ့ တခ်ဏာပွတ္တိဉာဏ် ရှင်သန်ထက်မြက်လာစေဖို့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုကျင်းပခြင်းဖြင့် ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ မြန်မာစာ၊ မြန်မာဘာသာစကားနဲ့ပတ်သက်ပြီး ပိုမိုလေးစားလာမယ်၊ တန်ဖိုးထားလာမယ်၊ ပိုပြီးစိတ်ဝင်စားလာမယ်။ ပြိုင်ပွဲတွေမှာလည်း မြန်မာစကားကို မှန်မှန်ကန်ကန် ပီပီသသနဲ့ပြောဖို့ဆိုဖို့ သတိထားရမယ့် ကိစ္စဆိုတာ သိလာမယ်"ဟု ပြောသည်။



ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။

ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲ၏ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်အဆင့် ဆန်ခါတင်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့၌ ကျင်းပခဲ့သည်။ အဆိုပါ ဆန်ခါတင်အဆင့် ပြိုင်ပွဲများသို့ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်များမှ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ သမဝါယမတက္ကသိုလ်များ၊ ပညာရေးကောလိပ်များ၊ ဝိဇ္ဇာနှင့်သိပ္ပံ ဒီဂရီကောလိပ်များမှ အထက်မြန်မာပြည်မှ ၂၆ ကျောင်း၊ အောက်မြန်မာပြည်မှ ၂၈ ကျောင်း စုစုပေါင်း ၅၄ ကျောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုဆန်ခါတင်အဆင့်ပြိုင်ပွဲများမှ အထက်မြန်မာပြည်ကျောင်းလေးကျောင်းမှ ကိုယ်စားပြုအသင်း လေးသင်းနှင့်အောက်မြန်မာပြည်ကျောင်းလေးကျောင်းမှ ကိုယ်စားပြုအသင်းလေးသင်း စုစုပေါင်း ရှစ်သင်းတို့သည် ကွာတားဖိုင်နယ်ပြိုင်ပွဲများ၌ ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အဆိုပါရှစ်သင်းမှာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကိုယ်စားပြု "နှင်းဆီရောင်" အသင်း၊ မန္တလေးတက္ကသိုလ်ကိုယ်စားပြု "မြကွန်းသာ" အသင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ကိုယ်စားပြု "ရွှေမင်းဝံ" အသင်း၊ စစ်ကိုင်းတက္ကသိုလ်ကိုယ်စားပြု "ကန္တာရနှင်းဆီ" အသင်း၊ ပုသိမ်တက္ကသိုလ် ကိုယ်စားပြု "မြဝါးရုံ"အသင်း၊ ရန်ကုန်တက္ကသိုလ်ကိုယ်စားပြု "အဓိပတိ" အသင်း၊ ဒဂုံတက္ကသိုလ် ကိုယ်စားပြု "ဒဂုံမောင် " အသင်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ကိုယ်စားပြု "ပညာ့အားမာန်" အသင်းတို့ ဖြစ်ကြသည်။

**မြန်မာစာ၊ စကား အားပေးနိုင်မယ်**

Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက "Mytel အနေနဲ့ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲကို လူငယ်တွေအတွက် ဒီအစီအစဉ်ဟာ အင်မတန်ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်လို့ ယုံကြည်ပြီး အားတက်သရော ပါဝင်ကူညီဖြစ်ခဲ့တာပါ။ အဓိကကတော့ ဒီလိုပြိုင်ပွဲတွေ ရှိလာတဲ့အတွက် မြန်မာစာ၊ မြန်မာစကားကိုလည်း တိုးမြှင့်အားပေးနိုင်မယ်။ လူငယ်တွေအနေနဲ့ ရသစာပေ အပါအဝင် ပြင်ပစာပေတွေဖတ်ရှုတဲ့ အလေ့အထလည်း ပိုမိုထွန်းကားလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

Mytel အနေဖြင့် ယခုအခါ ပညာရေးကဏ္ဍကို အထူးအလေးထားပြီး ဒစ်ဂျစ်တယ်လမ်းကြောင်းပေါ်သို့ ခေါ်ဆောင်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိရာ မြန်မာလူငယ်များအကြား မြန်မာစာ၊ မြန်မာစကား ကျွမ်းကျင်မှု ပိုမိုတိုးတက်စေရန် ဆောင်ရွက်ပေးသင့်သည်ဟု ခံယူသဖြင့် ပညာရေးဝန်ကြီးဌာနနှင့် Skynet တို့နှင့်အတူ လက်တွဲပူးပေါင်း၍ ယခုအစီအစဉ်အတွက် အဓိကကူညီပံ့ပိုးသူအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ပွဲစဉ်များကို Skynet Up To Date နှင့် Education ရုပ်သံလိုင်းများနှင့် Mytel ၏ My TV တို့တွင် ညစဉ် ညနေ ၆ နာရီမှ စတင်ကာ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။

အကဲဖြတ် ဒိုင်လူကြီးများအဖြစ် စာရေးဆရာမ မစန္ဒာ၊ စာရေးဆရာ မောင်သာချို့နှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က လည်းကောင်း၊ ပြိုင်ပွဲ အခမ်းအနားမှူးများအဖြစ် ဦးအရိုင်းနှင့် ကျော်ကျော်ဗိုတို့ကလည်းကောင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

အကဲဖြတ်ဒိုင်လူကြီးများ၏ အကဲဖြတ်အမှတ်များနှင့် ပရိသတ်တို့၏ SMS Voting တို့ကို ပေါင်းစပ်၍ ရွေးချယ်ပေးသွားမည်ဖြစ်သည်။ ပရိသတ်များအနေဖြင့် မိမိတို့နှစ်သက်ရာအသင်းများကို Mytel ၏ SMS တွင် 8668 ကို ခေါ်ဆိုကာ အသင်းကိုယ်စားပြုသင်္ကေတကို ရိုက်နှိပ်၍ မဲပေးနိုင်မည်ဖြစ်သည်။

**ဆုငွေချီးမြှင့်ပေးမည်**

ပြိုင်ပွဲတွင်ဆုများအဖြစ် ကွာတားဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်သွားသည့် အသင်း လေးသင်းအား တစ်သင်းလျှင် ငွေကျပ် ခြောက်သိန်းစီ၊ အကြိုဗိုလ်လုပွဲတွင် ရှုံးနိမ့်သွားသည့်အသင်း နှစ်သင်းကို တစ်သင်းလျှင် ငွေကျပ် ၁၂ သိန်းစီ၊ ဗိုလ်လုပွဲတွင် ရှုံးနိမ့်သွားသည့်အသင်းကို ငွေကျပ်သိန်း ၆၀ နှင့် အနိုင်ရဗိုလ်စွဲသွားသည့်အသင်းအား ငွေကျပ်သိန်း ၁၅၀ ကို Mytel က ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက pr@passionmyanmar.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**

# စိတ်ပညာ ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ စိတ်ပညာအသင်းနှင့် ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနတို့ ပူးပေါင်းကျင်းပသော "စိတ်ပညာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ၂၀၁၉ " ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံ စိတ်ပညာအသင်းအတွင်းရေးမှူးထံမှ သိရသည်။

**မောင်မောင်မျိုး**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁ -** နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

ငပလီ ဖေဖော်ဝါရီ ၂၁

**ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ "ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ" ဖွင့်ပွဲ အခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေ Jasmine Ngapali Resort ဟိုတယ်၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။**



ဦးညီပု



ဦးအောင်နိုင်ဦး



ဦးကျော်အေးသိန်း



ဦးစိုင်းဟန်မြင့်



ဦးဖြိုးမင်းအောင်



ဦးစိုးမင်းထိုက်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက " ရခိုင်ပြည်နယ်က တကယ့်ကို စီးပွားရေး ရင်းနှီးမြှုပ်နှံဖို့ကောင်းတဲ့ အခြေခံအချက်တွေ အများကြီးရှိပေမယ့် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေရတယ်။ ဒါကြောင့် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးဖို့အတွက် ရင်းနှီးမြှုပ်နှံမယ့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးသမားတွေကို ရခိုင်ပြည်နယ်မှာ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ ငပလီကမ်းခြေဖြစ်တဲ့အတွက် ဟိုတယ်နဲ့ ခရီးသွားလာရေး လုပ်ငန်းအပြင် အခြား စက်မှုလက်မှုလုပ်ငန်းတွေ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ ဒီဒေသမှာ အခွင့်အလမ်းကောင်းတွေ ရှိတယ်ဆိုတာ သိစေချင်တယ်။ ရခိုင်ဒေသမှာ လာရောက်ပြီး ရင်းနှီးမြှုပ်နှံဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်" ဟုပြောသည်။

" အဓိကကတော့ မြန်မာနိုင်ငံကို လာတဲ့ နိုင်ငံခြားသားတွေက မြန်မာပြည်ကိုလာပြီး စီးပွားရေးလုပ်ပါလို့ ဆိုရင် ရန်ကုန်နဲ့ မန္တလေးပဲ စိတ်ဝင်စားတယ်။ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တကယ့်ကိုစီးပွားရေးအတွက် ရင်းနှီး မြှုပ်နှံဖို့အလားအလာကောင်းတဲ့ နေရာတွေ အများကြီးရှိတယ်ဆိုတာရယ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအသီးသီးမှာ ရှိတဲ့ လက်ငုပ်လက်ရင်း စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း နိုင်ငံတကာကလာတဲ့ လုပ်ငန်းရှင်တွေ၊ ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ အချင်းချင်း ချိတ်ဆက်မိပြီး ပူးပေါင်းဆောင်ရွက်လို့ရအောင်လည်း ရည်ရွယ်ပါတယ်" ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

အဆိုပါ ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ခရီးသွားကဏ္ဍ၊ SME လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံရန် ဦးစားပေးကဏ္ဍအနေဖြင့် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး ကျန်သည့်ကဏ္ဍများတွင်လည်း စိတ်ဝင်စားမှုရှိပါက ဆွေးနွေးဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းဝန်ကြီး ဦးကျော်အေးသိန်း က "ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်တဲ့နေရာမှာ အဓိကလိုအပ်တဲ့ လျှပ်စစ်မီးဆိုရင်လည်း ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှာ လျှပ်စစ်မီးရပြီးဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အနေနဲ့လည်း ရခိုင်ပြည်နယ်ကို အဓိကဝင်ပေါက်ကြီး သုံးပေါက်ကနေ အချိန်မရွေး သွားလာလို့ရပါတယ်။ လေယာဉ်ကွင်းတွေလည်း ရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် လေကြောင်းလိုင်းကနေ သွားရေးလာရေး အဆင်ပြေသလို ရေကြောင်းကနေလည်း သွားလာလို့ရပါတယ်။ ဒီပွဲမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ အခွင့်အလမ်းတွေကိုပြမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ပြပွဲတွင် ဝန်ကြီးဌာန အသီးသီးမှ ကဏ္ဍအလိုက် ပြသထားသည့် ပြခန်းများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသထွက်ကုန်များ၊ ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများမှ ပြခန်းများ ဖွင့်လှစ်ပြသထားသည်။

"နှစ်လမ်း တစ်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်း"ပြခန်းမှ ဖွံ့ဖြိုးမြန်မာစွမ်းအား ဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းဟန်မြင့်က "ဒီပြပွဲမှာ ရခိုင်မှာလုပ်မယ့် စီမံကိန်း ၄ ခုကို ပြသထားမှာပါ။ ရခိုင်ပြည်နယ်မှာလုပ်မယ့် စီမံကိန်းတွေဖြစ်တဲ့ စစ်တွေ- သံတွဲ-ကျောက်ဖြူ-မကွေး ရထားလမ်းဖောက်ဖို့၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူနဲ့ မူဆယ်မြို့ အသွားအပြန် နှစ်လမ်းသွား ရထားလမ်း၊ ကျောက်ဖြူ- နမ့်ခမ်း ၈ လမ်းသွား၊ ဒီလမ်းတွေပြီးတာနဲ့ ရခိုင်ပြည်နယ်က အများကြီး တိုးတက်ဖွံ့ဖြိုးလာမယ်။ ရခိုင်တင်မဟုတ်ပါဘူး။ နိုင်ငံက သုံးလေးဆလောက် တိုးတက်ဖွံ့ဖြိုးလာမှာပါ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းအားလုံးကို ကုမ္ပဏီက စိုက်ထုတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်နိုင်အောင်လည်း ကြိုးစားနေပါတယ် " ဟု ပြောသည်။

ထို့ပြင် COHORT CO.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးမင်းအောင်က "ကျွန်တော့်ကုမ္ပဏီက ရှက်သစ်နု လက်ဖက်ခြောက်နဲ့ ကျော့ပိုက်ဆိုတဲ့ အသင့်စား ငါးနီတူခြောက် ထုတ်လုပ်ပါတယ်။ ဒီပြခန်းမှာ သဘာဝ နေရောင်ခြည်နဲ့ ငါးကို အခြောက်လှန်းတဲ့ ပုံစံ၊ ငါးဖမ်းရင် သုံးတဲ့ ကျော့ပိုက်၊ ဖော့နဲ့ ခမောက်လေးတွေ ပြထားတယ်။ လာတဲ့ဧည့်သည်တွေကို ကျွန်တော့်မိဘရဲ့မိရိုးဖလာလုပ်ငန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆင်ခေါင်းရွာကဖမ်းတဲ့ ငါးနီတူခြောက်ကို ပင်းတယက ရေနွေးကြမ်းနဲ့ တိုက်မယ်။ ငါးနီတူခြောက်က ပြည်တွင်းဈေးကွက်နဲ့ ဘင်္ဂလားကို ပို့ပါတယ်။ ဒီပြပွဲမှာက နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေလာတာဆိုတော့ အဓိကကတော့ မိရိုးဖလာ ရေလုပ်ငန်းတစ်ခုကနေ အခြားပြည်ပနိုင်ငံတွေကို ဈေးကွက်သစ်ထပ်ထိုးဖောက်နိုင်ဖို့၊ ဈေးကွက်သစ်ရှာဖို့ ဒီပြပွဲမှာ အခုလိုဝင်ပြတာပါ" ဟု ပြောသည်။

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့်ပတ်သက်၍ Sesons Hotel and Resorts မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမင်းထိုက်က "စီးပွားရေးပညာရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေက နေရာပေါင်းစုံက လာတာဖြစ်တဲ့အတွက် စီးပွားရေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ဖလှယ်လို့ရမယ်။ မိမိတို့နှစ်သက်တဲ့ သင့်တော်တဲ့ နေရာတွေမှာ သွားရောက်ရင်းနှီးလုပ်ကိုင်ကြမယ်ဆိုရင် ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်။ ရခိုင်မှာ လုပ်တယ်ဆိုပေမယ့် တစ်တိုင်း ပြည်လုံးအတွက် အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာနိုင်တယ်။ ဒါကြောင့် ဒီပွဲက ပေါင်းကူးတံတားလို့ မြင်ပါတယ်။ အလွန်ကောင်းတဲ့ ပွဲမျိုးပဲဖြစ်ပါတယ်" ဟုပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြပွဲများကို ၂၀၁၅ ခုနှစ်တွင် မန္တလေးမြို့၌ လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရှမ်းပြည်နယ်၌ လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ကရင်ပြည်နယ်၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေတွင် ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - သီသီမင်း၊ မင်းသစ်**

**ဓာတ်ပုံ - နေလင်း**

**ရခိုင်ပြည်နယ်က တကယ့်ကို စီးပွားရေး ရင်းနှီးမြှုပ်နှံဖို့ကောင်းတဲ့ အခြေခံအချက်တွေ အများကြီးရှိပေမယ့် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှု နောက်ကျနေရတယ်။ ဒါကြောင့် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးဖို့အတွက် ရင်းနှီးမြှုပ်နှံမယ့် ပြည်တွင်း၊ ပြည်ပ စီးပွားရေး သမားတွေကို ရခိုင်ပြည်နယ်မှာ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ ငပလီကမ်းခြေဖြစ်တဲ့ အတွက် ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်း အပြင် အခြားစက်မှုလက်မှု လုပ်ငန်းတွေ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ ဒီဒေသမှာ အခွင့်အလမ်း ကောင်းတွေရှိတယ်ဆိုတာ သိစေချင်တယ်**




ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ၌ ခင်းကျင်းပြသမည့် ပြခန်းအချို့ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

## စစ်တွေမြို့ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

စစ်တွေ ဖေဖော်ဝါရီ ၂၁

ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ် (၄) လုံခြုံရေး ရဲကွပ်ကဲမှူးရုံးတို့မှ တပ်ဖွဲ့ဝင်များ (၁၀) ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပသည်။ သွေးလှူဒါန်းပွဲတွင် လုံခြုံရေးရဲကွပ်ကဲမှူးအဖွဲ့မှူးနှင့် စစ်တွေမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ရောဂါဗေဒအထူးကု ဆရာဝန်တို့က သွေးလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမြင့်ဝင်းက သွေးလှူဒါန်းသော တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ သွေးလှူဒါန်းပွဲတွင် တပ်ဖွဲ့ဝင် ၆၃ ဦးတို့က သွေးအမျိုးအစားမျိုးစုံ ၆၃ လုံးကို လှူဒါန်းကြခြင်း ဖြစ်သည်။

**တင်ထွန်း(မြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်တွင် အဆိုတစ်ခုတင်သွင်းခြင်းနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာ ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

## မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက် အမှတ်(၅)ကို ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာ ၂၂ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်

အစည်းအဝေးတွင် ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ထွန်းက **"OIC၊ EU နှင့် UNHCR တို့က မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေ ဆုံးဖြတ်ချက်အား ကုလသမဂ္ဂအထွေထွေညီလာခံတွင် ယခုလမကုန်မီ အတည်ပြုနိုင်ရန် စဉ်ဆက်မပြတ် လုပ်ဆောင်နေမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အား အကျပ်အတည်းအတွင်း တွန်းပို့ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးရေး ထောင်ချောက်ဆင်ထားသည့် နိုင်ငံရေး Agenda ကို ဖော်ဆောင်နေခြင်းဖြစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံး ပါတီစုံ၊ အယူဝါဒစုံ၊ ဒေသစုံ၊ ပုဂ္ဂိုလ်စုံ၊ အစုံကင်းကင်းဖြင့် စည်းလုံးညီညွတ်စွာ ထိထိရောက်ရောက် တုံ့ပြန်သွားရေး စီမံဆောင်ရွက်သွားပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ်(၅)ကို ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာ ၂၂ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ပါကြောင်း၊ ထို့ပြင် စွပ်စွဲထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုသည်များကို တရားစွဲဆိုနိုင်ရန် အဖွဲ့ဝင် ၆၂ ဦးပါ တရားဝင်သက်သေခံမှတ်တမ်းများ ရယူရေးအဖွဲ့အတွက် အမေရိကန်ဒေါ်လာ ၂၆ သန်း သုံးစွဲရန် သဘောတူခဲ့ပါကြောင်း။

ထိုသို့ ဖြစ်လာစေရန် OIC၊ EU နှင့် လူ့အခွင့်အရေးကောင်စီတို့က အကွက်ချစီမံခဲ့ကြခြင်းဖြစ်ပြီး (၃၉)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာသည် ဇာတ်အထွတ်အထိပ်သို့ ပို့လိုက်သည့် ဇာတ်ကွက်ဖြစ်ပါကြောင်း။

## ရှင်းလင်းခိုင်မာပြည့်စုံသည့် အစီရင်ခံစာ ထုတ်ပြန်ချေပ တုံ့ပြန်သွားသင့်

မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်အစီရင်ခံစာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် လေ့လာသုံးသပ်ပြီး ရှင်းလင်းခိုင်မာပြည့်စုံသည့် အစီရင်ခံစာ ထုတ်ပြန်ချေပ တုံ့ပြန်သွားသင့်ပါကြောင်း၊ ပကတိအခြေအနေနှင့် ပတ်သက်၍ လူထုအသိနိုးကြားမှုကို မြှင့်တင်ပေးပြီး နိုင်ငံတော်အပေါ်တွင် ကျရောက်နေသည့် အန္တရာယ်ကြီးကို လူထုပါဝင်ပူးပေါင်းမှုဖြင့် တားဆီးကာကွယ်တုံ့ပြန်သွားသင့်ပါကြောင်း။

အချက်အလက်ရှာဖွေရေးအဖွဲ့အစီရင်ခံစာကို အခြေပြုပြီး ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ရအောင်ပြုလုပ်၍ ကိုယ်ပိုင်နိုင်ငံရေးရည်ရွယ်ချက် အသီးသီးအတွက် နိုင်ငံအချို့က ပူးပေါင်းကြံစည်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး ဖိအားများပေးရန် လုပ်ဆောင်လာခြင်းသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အကျပ်အတည်းတွေ့စေပြီး အခန့်မသင့်ပါက နိုင်ငံပြိုကွဲရေးထောင်ချောက်ထဲသို့ ကျသွားနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်ထောင်စု အိမ်ဝတွင် တံခါးလာခေါက်နေပြီဖြစ်သည့် အဆိုပါ ပြည်ပခြိမ်းခြောက်မှု ဘုံရန်သူကို မြင်အောင်ကြည့်ပြီး တင်ပြပါလုပ်ငန်းစဉ်များအတိုင်း မိမိတို့ မြန်မာနိုင်ငံသားအားလုံး ပါတီစုံ၊ ဝါဒစုံ၊ ဒေသစုံ၊ လူမျိုးစုံ၊ ပုဂ္ဂိုလ်စုံ အစုံကင်းကင်းဖြင့် တစ်သားတည်းဖြစ် တစ်သံတည်းထွက်သည့် ညီညွတ်ရေးစိတ်ဓာတ်ဖြင့် ထိရောက်စွာ တားဆီးကာကွယ်တုံ့ပြန်နိုင်ရေး စည်းရုံးစီမံဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် **ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း**က ပထဝီနိုင်ငံရေး Geopolitics အရ မိမိတို့နိုင်ငံသည် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားများ ထိပ်တိုက်တွေ့ရာ ဆုံမှတ်ဖြစ်နေသည့်အပြင် လူများ - မြေရှားသည့်နိုင်ငံများ၏ လူဦးရေပေါက်ကွဲမှု နောက်ဆက်တွဲဆိုးကျိုးများကိုလည်း မလွှဲမရှောင်ခံစားရသည့်အတွက် ပထဝီနိုင်ငံရေးဖိအားများ တစ်နေ့တခြား ပိုမိုများပြားလာခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ ပါ နိုင်ငံခြားရေးမူဝါဒကို တိကျစွာကိုင်စွဲလျက် အဓိက အမျိုးသားအကျိုးစီးပွားကို ခိုင်မာစွာကာကွယ်ရန် လိုအပ်သည်ကို နိုင်ငံတော်အရေးအတွက် ရိုးသားစွာအကြံပြုလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တရားနည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ပေးနေသော်လည်း ARSA အကြမ်းဖက်သမားများသည် နောက်ကွယ်မှ ကြိုးကိုင်နေသည့် အဖွဲ့အစည်းများ၏ လိုလားချက်နှင့်အညီ ထပ်မံ၍ ကြီးမားသည့် ဥပဒေမဲ့လုပ်ရပ်များကို လူ့အခွင့်အရေး အကာအကွယ်အောက်မှ လုပ်ဆောင်လာနိုင်ကြောင်း သုံးသပ်ရသည့်အတွက် နိုင်ငံတော်အခွန့်ရှည်တည်တံ့ရေး မျှော်တွေးလျက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံး ပါတီစုံ၊ အယူဝါဒစုံ၊ ဒေသစုံ၊ ပုဂ္ဂိုလ်စုံ အစုံကင်းကင်းဖြင့် စည်းလုံးညီညွတ်စွာ ထိထိရောက်ရောက် တုံ့ပြန်သွားရေး စီမံဆောင်ရွက်သွားပါရန် အဆိုကို ထောက်ခံဆွေးနွေးအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်၍ **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ အောက်တိုဘာလ ၉ ရက်နေ့အထိ) အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီး ဌာန**တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က **ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများရှိ ကျောင်းသားဦးရေနှင့် စာသင်ခန်းဦးရေ အခြေအနေကို လေ့လာဆန်းစစ်ခြင်းနှင့်စပ်လျဉ်း၍** လက်တွေ့ကျပြီး နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အခြေခံပညာကျောင်းဝင်ခွင့်ဆိုင်ရာ မူဝါဒလမ်းညွှန်တစ်ခုကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးရေးဆွဲသွားရန် အစီအစဉ်ရှိပါကြောင်း။

**အခြေခံပညာအထက်တန်းအဆင့် သိပ္ပံဘာသာတွဲနှင့် သင်္ချာဘာသာရပ်များတွင် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားရေးနှင့် စပ်လျဉ်း၍** အခြေခံပညာအထက်တန်းအဆင့် သိပ္ပံ၊ နည်းပညာနှင့် သင်္ချာဘာသာရပ်များကို ဒေသတွင်းနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျောင်းသား ကျောင်းသူများ ပြုစုပျိုးထောင်သင်ကြား သင်ယူလေ့ကျင့်ရန်လည်းကောင်း၊ လူ့အဖွဲ့အစည်းဒေသအကျိုး၊ နိုင်ငံ့အကျိုး၊ ကမ္ဘာ့ကောင်းကျိုးအတွက် အကောင်းဆုံးစွမ်းဆောင်ရည်ဖြင့် ဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းအတွက် လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် သင်ကြားမည်ဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် **နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအတွက်** စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်များ၊ အစားအသောက်သိပ္ပံဆိုင်ရာ ဘာသာရပ်များ သင်ကြားရေး၊ ခရီးသည်နှင့် လုပ်ငန်းသုံးမော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးနှင့် သင်တန်းကျောင်း တည်ထောင်နိုင်ရေး၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရေးအတွက် ဝန်ကြီးဌာနများသို့ အကြံပြုသဘောထားမှတ်ချက်များ ပေးပို့လျက်ရှိပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် အသက်မွေးဝမ်းကျောင်းဘာသာရပ်များ တိုးချဲ့သင်ကြားဆောင်ရွက်ရေးအတွက် ကော်မရှင်ရုံးတွင် သက်ဆိုင်ရာပညာရှင်များနှင့် အကြံပြုဆွေးနွေးခဲ့ရာ မကြာမီတွင် ယင်းပညာရပ်များကို တိုးချဲ့သင်ကြားပေးတော့မည် ဖြစ်ပါကြောင်း။

## ကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနကို သင့်တော်မှန်ကန်သည့် မူဝါဒတစ်ခုပေါ်ပေါက်ရေး လိုအပ်သောအကြံပြုမှုများ ထပ်မံပြုလုပ်သွားမည်

**အဆင့်မြင့်ပညာ ဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍** ကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနကို သင့်တော်မှန်ကန်သည့် မူဝါဒတစ်ခုပေါ်ပေါက်ရေးအတွက် လိုအပ်သောတိုက်တွန်းမှုနှင့် အကြံပြုမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပညာရေးမူဝါဒများ၊ စီမံကိန်းများကို လေ့လာသုံးသပ်အကဲဖြတ်အကြံပြုရေး၊ ကော်မရှင်၊ ကော်မတီများနှင့် ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းရေး၊ သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာဆွေးနွေးရေးနှင့် နိုင်ငံတကာပညာရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ပြီး အမျိုးသားပညာရေးဥပဒေပါ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ဆောင်ရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာရေးကဏ္ဍတွင် **အခြေခံပညာအဆင့် ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ဝေအသုံးပြုမှု စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒချမှတ်ရေး အကြံပြုစာတမ်းနှင့်စပ်လျဉ်း၍** ဝန်ကြီးဌာနအနေဖြင့် ကျောင်းသုံး ဖတ်စာအုပ်များ အခမဲ့ထောက်ပံ့ခြင်း၊ မူလတန်းကျောင်းသား ကျောင်းသူများ အားလုံးကို ဗလာစာအုပ်များထောက်ပံ့ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ မသန်စွမ်းကျောင်းသား ကျောင်းသူများအပါအဝင် ကျောင်းသားကျောင်းသူများအားလုံးကို ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ မိဘ အုပ်ထိန်းသူ၊ ပြည်သူများထံမှ ငွေကြေးကောက်ခံခြင်းမပြုစေရန်အတွက် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ ထောက်ပံ့ခြင်း၊ လက်ခံရယူလိုသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**အခြေခံပညာကဏ္ဍ၏ အဆင့်တစ်ခုချင်းအတွင်း၌ပင် ရာထူးအဆင့်သတ်မှတ်ရေးအကြံပြုခြင်းနှင့်စပ်လျဉ်း၍** အခြေခံပညာ ဆရာ ဆရာမများ၏ ရာထူးအဆင့်သတ်မှတ်ခြင်းကိစ္စအတွက် Teacher Competency Standard Framework-TCSF ဆောင်ရွက်ခြင်းနှင့် နှစ်နှစ်သင် ပညာရေးကောလိပ် ၂၅ ကျောင်းလုံးကို လေးနှစ်သင်ပညာရေးကောလိပ်များအဖြစ်သို့ မြှင့်တင်နိုင်ရေးကိစ္စတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ **နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ** ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ သက်မွေးပညာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရေး၊ ကျွမ်းကျင်မှုအခြေပြု သက်မွေးပညာသင်တန်းကာလတို သင်တန်းအမျိုးအစားများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အဆင့်မြင့်ပညာရေးကဏ္ဍ**တွင် တက္ကသိုလ်များ ရေရှည်ဖွံ့ဖြိုးရေးကိစ္စများကို ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပဋိညာဉ်စာတမ်းများ ရေးဆွဲရေး၊ အရည်အသွေးရှိသော အဝေးသင်ပညာရေးစနစ် ဖြစ်စေရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ KG+12 နှင့် ပတ်သက်၍ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ တာဝန်ရှိသူများကလည်း မြန်မာ့အသံနှင့် ညှိနှိုင်းပြီး ပညာရေးမူဝါဒများ၊ သင်ရိုးသစ်များအကြောင်းကို စကားဝိုင်းဆွေးနွေးပွဲအဖြစ် ထုတ်လွှင့်ခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နောင်တွင်လည်း တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ပညာရေးစကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ အောက်တိုဘာလ ၉ ရက်နေ့အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာန၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့်(သတင်းစဉ်)**



# မြန်မာ-ကိုရီးယား နှစ်နိုင်ငံလွှတ်တော်များအကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr.Kim Jaewon အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စံပြကျေးရွာလှုပ်ရှားမှု (Saemau / Undong) စီမံကိန်းအောက်တွင် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အစီအစဉ်ကိစ္စ၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ရန်ကုန်-ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းကိစ္စ၊ အာဆီယံ-ကိုရီးယားဆွေးနွေးဖက်နိုင်ငံများ မိတ်ဖက်ဆက်ဆံရေးထူထောင်ခြင်းနှစ် (၃၀) ပြည့် ထိပ်သီးအစည်းအဝေးကျင်းပမည့်ကိစ္စ၊ ကိုရီးယားနိုင်ငံမှ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများ (ODA) ပေးအပ်ခြင်းကိစ္စနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ရှေးဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့်အဆိုနှင့် မေးခွန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

**ရုပ်သိမ်း**

ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**





# ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ၂၇ ဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခုတို့မှ ရုံးအဖွဲ့မှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန ၂၇ ဌာန၊ တိုင်းဒေသကြီး / ပြည်နယ် ၁၃ ခုတို့မှ ရုံးအဖွဲ့မှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော်မတီအတွင်းရေးမှူး ဦးဖုံးတိန့်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးများတွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ/ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းစွာဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကော်မတီဝင်များက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန်အထိ အစည်းအဝေးများတွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ/ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းဆွေးနွေး၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီဝင်များက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၄၃) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၁) | MMS 2:2019 သောက်သုံးရေအရည်အသွေး စံချိန်စံညွှန်း |
| (၂) | MMS CODEX STAN 210:1999 ဟင်းသီးဟင်းရွက်ဆီ စံချိန်စံညွှန်း |
| (၃) | MMS ASEAN STAN 11:2008 ဖရဲသီး စံချိန်စံညွှန်း |
| (၄) | MMS CODEX STAN 197:1995 ထောပတ်သီး စံချိန်စံညွှန်း |
| (၅) | MMS CODEX STAN 205:1997 ငှက်ပျောသီး စံချိန်စံညွှန်း |
| (၆) | MMS ASEAN STAN 31:2013 ကော်ဖီစေ့ စံချိန်စံညွှန်း |
| (၇) | MMS CODEX STAN 214:1999 ကျွဲကောသီး စံချိန်စံညွှန်း |
| (၈) | MMS ISO/IEC 17011:2017 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း---အသိအမှတ်ပြုအဖွဲ့များမှ အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များကို အသိအမှတ်ပြုနိုင်ရေးလိုအပ်ချက်များ |
| (၉) | MMS ISO/IEC 17007:2009 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း---အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းတွင် အသုံးပြုရန်အတွက် သင့်တော်သည့်စံအဖြစ်သတ်မှတ်မည့်အချက်အလက်မူကြမ်းရေးဆွဲရေးအတွက် လမ်းညွှန်ချက် |
| (၁၀) | MMS ISO/IEC 17020:2012 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း---အရည်အသွေးစုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များ၏ လုပ်ဆောင်ချက်ဆိုင်ရာ လိုအပ်ချက်များ |
| (၁၁) | MMS ISO/IEC 17021-1:2015 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၁) လိုအပ်ချက်များ |
| (၁၂) | MMS ISO/IEC 17021-2:2016 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၂) ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ |
| (၁၃) | MMS ISO/IEC 17021-3:2017 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၃) အရည်အသွေး စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များ |
| (၁၄) | MMS ISO/IEC TS 17021-4:2013 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၄) လုပ်ငန်းစဉ်ဆက်မပြတ် ထိန်းသိမ်းခြင်း ကိစ္စရပ်များဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များ |
| (၁၅) | MMS ISO/IEC TS 17021-5:2014 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၅) ပိုင်ဆိုင်ပစ္စည်း စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များ |
| (၁၆) | MMS ISO/IEC TS 17021-6:2014 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၆) စီးပွားရေးလုပ်ငန်း စဉ်ဆက်မပြတ်တိုးတက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များ |
| (၁၇) | MMS ISO/IEC TS 17021-7:2014 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၇) မော်တော်ယာဉ်လမ်းကြောင်းသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ |

ဆက်လက်ဖော်ပြပါမည်

# နေပြည်တော်၌ ၂၀၁၉ မျိုးစေ့ပြပွဲတွင် သီးနှံအမျိုးပေါင်း ၂၂ မျိုး၏ မျိုးကွဲပေါင်း ၅၉ မျိုးပြသထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး ပြည်တွင်းမျိုးစေ့လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းရုံသာမက ပြည်ပသို့ မျိုးစေ့တင်ပို့ရောင်းချနိုင်သည့် Seed Export Country ဖြစ်လာစေရန် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပသည့် ၂၀၁၉ မျိုးစေ့ပြပွဲ ဖွင့်ပွဲအခမ်းအနား၌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

မြန်မာ့တောင်သူလယ်သမားများ၏ သီးနှံအထွက်နှုန်း မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် အဓိကအကျဆုံး သွင်းအားစုတစ်ခုဖြစ်သည့် မျိုးစေ့များ လုံလောက်စွာ ရရှိသုံးစွဲစေနိုင်ရေးအတွက် စီးပွားရေးတွက်ခြေကိုက်ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့်ဒေသနှင့် ကိုက်ညီမှုရှိသော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်၊ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ် သမဝါယမအသင်းများနှင့် တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်သူများဖြင့် ထုတ်လုပ်ဆောင်ရွက်ရေးသည် အဓိကကျသောအချက်ဖြစ်ရာ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် မျိုးစေ့ထုတ် အစုအဖွဲ့များ၊ မျိုးစေ့ထုတ်တောင်သူလယ်သမားများ အားလုံးပူးပေါင်းဆောင်ရွက်သွားနိုင်မှသာလျှင် နိုင်ငံတော်၊ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံး မျိုးစေ့၏အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးလှကျော်က ဆက်လက်ပြောကြားသည်။

**ပြသထား**

မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးစေ့ထုတ်လုပ်သူနှင့် သုံးစွဲသူတောင်သူလယ်သမားများအကြား ယုံကြည်မှုတည်ဆောက်ပြီး မျိုးစေ့ပိုမိုသုံးစွဲလာစေရေး၊ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသူပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများအကြား သတင်းအချက်အလက်ဖလှယ်နိုင်ရန် ၂၀၁၉ မျိုးစေ့ပြပွဲ အခမ်းအနားကို ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှပြခန်းပေါင်း ၄၄ ခန်းနှင့် မျိုးစေ့၊ ပျိုးပင်များ ခင်းကျင်းပြသထားပြီး သီးနှံအမျိုးပေါင်း ၂၂ မျိုး၏ မျိုးကွဲပေါင်း ၅၉ မျိုးနှင့် မိဘလိုင်း တစ်မျိုးစိုက်ပျိုးပြသထားကြောင်း သိရသည်။

**ဆွေးနွေးပွဲကျင်းပ**

ထို့နောက် ကမ္ဘာ့ဘဏ်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း(IFC)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် မျိုးစေ့လုပ်ငန်းရှင်များ၊ တောင်သူများ ပါဝင်တက်ရောက်သည့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ သွင်းအားစုများဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။



မျိုးစေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် သီးနှံမျိုးစုံကို တွေ့ရစဉ်။

ဆွေးနွေးပွဲတွင် ပညာရှင်များ၊ သက်ဆိုင်ရာ ကိုယ်စားလှယ်များက မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တောင်သူများ အချင်းချင်းတို့အကြား ပိုမိုနီးကပ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိကျင့်သုံးလျက်ရှိသည့် စိုက်ပျိုးရေးသွင်းအားစုများ၏ မူဝါဒများအပေါ် လိုအပ်သည့် ပြောင်းလဲပြင်ဆင်မှုများဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ကြုံနေကြရသည့် ပြဿနာများအား ကျော်လွှားနိုင်ရန် လိုအပ်သည့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲရန် အချက်အလက်များကို ကဏ္ဍအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ရန်ကုန်မြို့ နောက်ဖေးလမ်းကြား ဥယျာဉ်ပရောဂျက်အသစ်အတွက် လူငယ်ပန်းချီပညာရှင်များ ရှာဖွေနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့ရှိ နောက်ဖေးလမ်းကြားများတွင် နံရံပန်းချီများရေးဆွဲရင်း မိမိ၏ အနုပညာလက်ရာကို အများပြည်သူထံ ပြသနိုင်မည့် အခွင့်အရေးတစ်ရပ်အဖြစ် ဒို့အိမ်လူမှုအကျိုးပြု အဖွဲ့အစည်းမှ နောက်ဖေးလမ်းကြား ဥယျာဉ်ပရောဂျက်အသစ်အတွက် လူငယ်ပန်းချီပညာရှင်များ ရှာဖွေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ နောက်ဖေးလမ်းကြား နံရံတွေမှာ ပန်းချီပုံဆွဲတဲ့အခါ ရန်ကုန်နဲ့ နယ်တွေမှာရှိတဲ့ အသက် ၁၃ နှစ်ကနေ အသက် ၃၀ ကြား လူငယ်ပန်းချီပညာရှင်တွေကို ဖိတ်ခေါ်ပြီးတော့ ပန်းချီတွေဆွဲသွားဖို့ ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဖေဖော်ဝါရီ ၂၃ ရက်မှာ သူတို့အတွက် လိုအပ်မယ့် သတင်းအချက်အလက်တွေ မျှဝေပေးသွားမှာပါ"ဟု ဒို့အိမ်လူမှုအကျိုးပြု အဖွဲ့အစည်းမှ ကိုကျော်စည်သူက ပြောသည်။

ဆေးခြယ်ခြင်း၊ ရုပ်ပုံရေးဆွဲခြင်းစသော ဖန်တီးမှုစွမ်းရည်ကောင်းမွန်သည့် တက်သစ်စ ပြည်တွင်းပန်းချီပညာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်ရန် ရည်ရွယ်ထားသော စီမံချက်အတွက် ပန်းချီပညာရှင်များအား အစီရင်ခံရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လမ်း ၃၀ နှင့် ဗိုလ်ဆွန်ပက်လမ်းနောက်ဖေးလမ်းကြား (အထက်ဘလောက်)တွင် ညနေ ၃ နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့ရှိ နောက်ဖေးလမ်းကြားတစ်နေရာကို တွေ့ရစဉ်။

"နောက်ဖေးလမ်းကြားမှာ ဆွဲမယ့် ပန်းချီပုံစံတွေဆိုရင်လည်း လူငယ်တွေ စိတ်ဝင်စားမယ့် အမှတ်အသားတွေ၊ အငွေ့အသက်တွေ၊ ပုံရိပ်တွေပါမယ့် ပန်းချီပုံစံလေးတွေနဲ့ ပုံဖော်သွားတယ်။ အဲဒီလို ပုံဖော်တဲ့အခါမှာလည်း လူငယ်ပန်းချီဆရာတွေ၊ ပန်းချီပညာရှင်တွေ၊ ပုံဆွဲတော်တဲ့သူတွေနဲ့အတူတူ ဒီဇိုင်းဖန်တီးသွားဖို့ရှိပါတယ်"ဟု ကိုကျော်စည်သူက ဆက်လက်ပြောကြားသည်။

**ပေါင်းစပ်အသုံးပြုနိုင်**

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့သော နောက်ဖေးလမ်းကြားဥယျာဉ်ပရောဂျက်သည် အမှိုက်ပုံများကို အပန်းဖြေအနားယူစရာ နေရာများအဖြစ် ပြောင်းလဲနိုင်ကြောင်း ပြသနိုင်ရန် ရည်ရွယ်၍စတင်ခဲ့သော ပရောဂျက်တစ်ခုဖြစ်သည်။ ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားများ၌ အမှိုက်၊ ကြွက်၊ ခြင်၊ ယင်နှင့် ရောဂါပိုးများ စုဝေးရာနေရာအဖြစ်သာရှိနေပြီး အဆိုပါနေရာများကို ကျန်းမာရေးနှင့်ညီညွတ်သော အပန်းဖြေအနားယူစရာနေရာများအဖြစ် ပြောင်းလဲပြီး သက်ဝင်လှုပ်ရှားစေကာ ပန်းဥယျာဉ်များ၊ နံရံပန်းချီများနှင့် ကစားကွင်းများအဖြစ် ပေါင်းစပ်အသုံးပြုနိုင်ကြောင်းကို ပြသလိုခြင်းဖြစ်သည်။

ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းသည် မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အများပြည်သူဆိုင်ရာနေရာများ ဖန်တီးရေးကို လုပ်ဆောင်နေသည့် ရန်ကုန်အခြေစိုက် နယ်ပယ်စုံ လူမှုအကျိုးပြုအဖွဲ့အစည်း တစ်ခုဖြစ်ပြီး မြို့ပြအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ အများပြည်သူဆိုင်ရာ နေရာများကို အဆင့်မြှင့်တင်ခြင်း၊ မြို့နေလူထုနှင့်နေရာများကို တစ်သားတည်းချိတ်ဆက်ပေးနိုင်မည့် ပွဲအစီအစဉ်များကို ပြုလုပ်ပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-ထိန်လင်း**

# တိုးမြှင့်ပင်စင်လစာများအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ထုတ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အစိုးရသည် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစတင်၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီးဖြစ်ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာနအနေဖြင့် ပင်စင်စားတစ်ဦးချင်းစီအတွက် တိုးမြှင့်ပင်စင်ငွေပေးအမိန့်များ စိစစ်တွက်ချက်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးသို့ နေ့စဉ်ပေးပို့လျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာများ ဆောလျင်စွာခံစားရရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၅ ရက်အထိ မြို့ပြပင်စင်စား ၁၉၇၀၈၂ ဦးနှင့် နိုင်ငံရေးပင်စင်စား ၄၄၄၁၅ ဦး စုစုပေါင်းပင်စင်စား ၂၄၁၄၉၇ ဦး၏ ငွေပေးမိန့်များအား ထုတ်ပြန်၍ သက်ဆိုင်ရာ မြန်မာ့စီးပွား ရေးဘဏ်ခွဲအသီးသီးသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။

မိဘပြည်သူပင်စင်စားများအနေဖြင့် ဖေဖော်ဝါရီလ ၁၅ ရက်အထိ မြို့ပြပင်စင်စား ၅၄၄၉၂ ဦးနှင့် နိုင်ငံရေးပင်စင်စား ၄၉၇၁ ဦး စုစုပေါင်းပင်စင်စား ၅၉၄၆၃ ဦးသာ ပင်စင်လစာများ ထုတ်ယူခဲ့ပြီး ထုတ်ယူရန်ကျန်ရှိနေသည့် ပင်စင်စား ၁၈၂၀၃၄ ဦးဖြစ်သည်။

မိဘပြည်သူပင်စင်စားများအနေဖြင့် မိမိတို့၏ တိုးမြှင့်ပင်စင် လစာများအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် သွားရောက်ထုတ်ယူကြပါရန်နှင့် မိဘပြည်သူပင်စင်စားများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် အဆင်မပြေမှုများ၊ အကြောင်းအမျိုးမျိုးကြောင့် ပင်စင်လစာထုတ်ယူရန် အခက်အခဲများဖြစ်ပေါ်နေပါက နေပြည်တော်ပင်စင်ဦးစီးဌာန (ရုံးချုပ်)၏ Hot Line - တယ်လီဖုန်းအမှတ် ၀၆၇ - ၃၄၁၀၃၇၃၊ မိုဘိုင်းလ်ဖုန်းအမှတ် ၀၉ - ၄၄၂၁၄၅၉၁၃ သို့ စုံစမ်းဆက်သွယ်မေးမြန်းနိုင်ကြောင်း ပင်စင်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းအထောက်အပံ့ဖြင့် ကိုရီးယားနိုင်ငံမှ လှူဒါန်းသော ကွန်ပျူတာများကို ရှမ်းပြည်နယ် မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က တောင်ကြီးမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က စီမံကိန်းကျေးရွာများသို့ ကွန်ပျူတာများ ပေးအပ်စဉ်။

မောင်ကျော်ကြီး



**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၏ တတိယအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်း၌ကျင်းပစဉ်။** (အဆိုပါပြိုင်ပွဲတွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ ရုရှား၊ ထိုင်းဘာသာရပ်အသင်းများ၊ မြန်မာဘာသာဝိဇ္ဇာဘွဲ့ကြိုတက်ရောက်နေသော နိုင်ငံခြားကျောင်းသား ကျောင်းသူများ စုစုပေါင်း ဘာသာရပ်အသင်း ကိုးသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။) **အေကေလင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဥရောပကော်မရှင်၏ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အီးယူသံအမတ်ကြီးတို့ အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဥရောပကော်မရှင်၏ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig, Deputy Managing Director, Mrs. Paola Pampaloni, မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး Mr. Kristian Schmid, Deputy Head of Unit, Ms. Alina Boiciuc, နှင့် Desk Officer, Mr. Dirk Buda နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ရှင်းလင်းဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာနိုင်ငံသတင်းမီဒီယာလွတ်လပ်ခွင့် အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ဥပဒေအချို့အား ပြန်လည်ပြင်ဆင်ရေးသုံးသပ်နေမှုနှင့် ရခိုင်ပြည်နယ်သို့ သတင်းမီဒီယာများ စေလွှတ်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းနှင့် အခွင့်အရေးများဆိုင်ရာ ဟောပြောပွဲကျင်းပ

**ကလေး ဖေဖော်ဝါရီ ၂၁**

တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ကလေးမြို့၌ ကျင်းပသည်။

အစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းက အမှာစကားပြောကြားပြီး တီးတိန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဂင်ခန့်ပေါင်က စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကိုယ်စား ကျေးဇူးတင်စကားပြောကြား၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအကြောင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအား မိတ်ဆက်ရှင်းလင်းပြောကြားကာ ဒေသခံတိုင်းရင်းသားများထံမှ တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များကို စစ်တမ်းကောက်ယူကြသည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို တိုင်းရင်းသားလူမျိုးများ သိရှိနားလည်ရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များ စစ်တမ်းကောက်ယူခြင်း အစီအစဉ်များကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း (၄)ကြိမ်စီ ဆောင် ရွက်ရမည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဗန်းမောက်မြို့နှင့် မုံရွာမြို့တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ချင်းပြည်နယ်အတွက် ရေသယ်ယာဉ်အသစ် လေးစီးလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သော ချင်းအမျိုးသားနေ့အခမ်းအနားတွင် ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်အသစ်လေးစီးကို ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်ထံ ပေးအပ်လှူဒါန်းသည်။** (အောက်ပုံ)



ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏စီစဉ်မှုဖြင့် ချင်းပြည်နယ်အတွင်းရှိ ပြည်သူများထံသို့ သောက်သုံးရေ ဖြန့်ဖြူးနိုင်ရန် ယခုလှူဒါန်းသည့် ရေသယ်ယာဉ်လေးစီး အပါအဝင် စုစုပေါင်း ကိုးစီးကို ပြည်နယ်အစိုးရနှင့် ဒေသခံရပ်မိရပ်ဖများထံသို့ လှူဒါန်းခဲ့သည့်အပြင် ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့တွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သန်း ၁၀၀၀ ကို ပြည်နယ်အစိုးရထံသို့ ၂၀၁၆ ခုနှစ်က လှူဒါန်းခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ကမ္ဘောဇအေနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ချင်းပြည်နယ်အတွက် ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း အဆိုပါဖောင်ဒေးရှင်းမှ သိရသည်။ **မောင်လူမူ**




# ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင် (၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို) ညပိုင်းရိုးရာယဉ်ကျေးမှုအစီအစဉ် အခမ်းအနားတက်ရောက်

**ပဲခူး ဖေဖော်ဝါရီ ၂၁**

(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို)ညပိုင်းရိုးရာယဉ်ကျေးမှုဖျော်ဖြေရေး အစီအစဉ်အခမ်းအနားကို ယမန်နေ့ ညပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ သဘာပတိက(၇၂)ကြိမ်မြောက် မွန်အမျိုးသားနေ့မိန့်ခွန်းပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မွန်အမျိုးသားနေ့ကျင်းပရေး(ဗဟို)ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွန်စာပေပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌက မွန်စာပေနှင့် ယဉ်ကျေးမှုစာတမ်းကို ဖတ်ကြားပြီး မွန်အမျိုးသားနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲမှ ဆုရရှိသူများ အားဆုများချီးမြှင့်ကြ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ မွန်ယဉ်ကျေးမှု အကများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်သည်။ **သတင်းစဉ်**

## ရန်ကုန်စာအုပ်လမ်း အစီအစဉ်များစွာဖြင့် ရောင်းချသဖြင့် စာချစ်သူများ လာရောက်လေ့လာဝယ်ယူနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် အပတ်စဉ် စနေ-တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော ရန်ကုန်စာအုပ်လမ်း၏ ဖေဖော်ဝါရီ၂၃ ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် မောင်လင်းရိပ်၊ နှင်းခါးမိုး၊ မြတ်၊ ဇော်လူစိမ်း၊ မင်းထက်မောင်တို့၏ “Poetry Reading and Talk (ကဗျာအသွားကဗျာစကား)”၊ ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် “Save the Library (စာကြည့်တိုက်ကွန်ရက်)”မှ ဥပဒေကြမ်းဆွေးနွေးပွဲ၊ နံနက် ၁၁ နာရီခွဲတွင် အလင်းဆက် (IR) ၏ “ကိုလိုနီခေတ်မြန်မာ့ရုပ်ရှင် သူရဲကောင်းပဲရော့ ဦးဆန်နီ” စာအုပ်မိတ်ဆက်ပွဲ၊ မွန်းလွဲ ၂ နာရီတွင် အလှမယ် အယ်လီနာဝင်း ပါဝင်ကူညီပြီး စိတ်ကူးချိုချိုစာအုပ်တိုက်မှ ထုတ်ဝေထားသော စာအုပ်များကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့်စာအုပ်ပဟေဠိနှင့် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား တစ်ယောက်လျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာ ပေးဝေမည့်အစီအစဉ်၊ မွန်းလွဲ ၃ နာရီတွင် ဒါရိုက်တာကြည်စိုးထွန်း၏ “ဝတ္ထုမှပြောင်းလာသော ရုပ်ရှင်များ” ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ၊ ညနေ ၅ နာရီတွင် Indonesia Musician (Indra Menus) ၏ ဖျော်ဖြေရေး စသည့် အစီအစဉ်ကောင်းများပါရှိသဖြင့် စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာဖြေဆိုဝယ်ယူနိုင်ကြရန် သတင်းကောင်းပါး ဖိတ်ခေါ်နှိုးဆော်ထားသည်။ **သတင်းစဉ်**

# မြဝတီဘဏ်လီမိတက်၏ (၆၃) ခုမြောက် မြဝတီဘဏ် (နမ့်စန်) ဘဏ်ခွဲဖွင့်လှစ်

**နမ့်စန် ဖေဖော်ဝါရီ ၂၁**

မြဝတီဘဏ်လီမိတက်၏ (၆၃) ခုမြောက် ဘဏ်ခွဲဖြစ်သော မြဝတီဘဏ် (နမ့်စန်) ဘဏ်ခွဲဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် (၂)ရပ်ကွက် နမ့်စန်-လင်းခေးလမ်း (မြို့တော်ခန်းမအနီး) အမှတ် ၂/၄၁၀-က ရှိ အဆိုပါဘဏ်ခွဲ၌ ပြုလုပ်သည်။




ဘဏ်ခွဲဖွင့်ပွဲတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ခေတ္တတပ်နယ်မှူး ဗိုလ်မှူးကြီးမောင်မောင်စိုး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ထူးမြတ်တိုး၊ လှိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်တို့က မြဝတီဘဏ် (နမ့်စန်)ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

မြဝတီဘဏ် (နမ့်စန်)ဘဏ်ခွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Line Walker -2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ ရန်ကုန်မြို့လယ်ကောင်တွင် ဆက်လက်ရိုက်ကူး



ဒါရိုက်တာ ကြည်ဖြူသျှင်



သရုပ်ဆောင် မင်းရာဇာ



သရုပ်ဆောင် နေထူးနိုင်



ဦးလုကျော်



ဒုတိယရဲမှူး ကျော်စန်းဦး



ဦးဇော်ဇော်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**Line Walker - 2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်လမ်း)တွင် ရိုက်ကူးခဲ့သည်။**

နံနက် ၆ နာရီခွဲမှစတင်ပြီး ရိုက်ကူးရေးအတွက် ဇာတ်ဝင်ခန်းအပြင်အဆင်များနှင့်အတူ အက်ရှင်ဇာတ်ဝင်ခန်းအချို့ကို ရိုက်ကူးရေးအဖွဲ့သားများက အချိန်ယူ ရိုက်ကူးခဲ့ကြသည်။

### ကြိုတင်ပြင်ဆင်မှုအားကောင်း

ဒါရိုက်တာကြည်ဖြူသျှင်က "နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဇာတ်ကား လာရိုက်တာ ရုပ်ရှင်သမားတစ်ယောက်အနေနဲ့ ပြောမယ်ဆိုရင်တော့ လက်တွေ့ကွင်းဆင်းလာပြသလိုပဲ။ ဒီနေ့မြင်ရတဲ့ ဆက်တင်တွေဆိုရင် မနေ့ည ၈ နာရီလောက်ကတည်းက ချထားပြီးပြီ။ ကမ္ဘာကျော်ကားတွေ အောင်မြင်တာမပြောနဲ့၊ သူတို့ရဲ့ကြိုတင်ပြင်ဆင်မှုတွေက တအားကောင်းတယ်။ နောက်တစ်ခုက ရိုက်ကွင်းပေါ်က ကြိုးစားမှုတွေ၊ မြင်တွေ့ရတဲ့ စွန့်စားမှုတွေကလည်း စိတ်လှုပ်ရှားစရာကောင်းတယ်။ ဒါ့ကြောင့် ဒီမှာရှိတဲ့ ရုပ်ရှင်လောကသားတိုင်း ရိုက်ကွင်းကို လာကြည့်သင့်တယ်။ အချိန်မပေးနိုင်ရင်တောင် တစ်ရက်လောက်ဖြစ်ဖြစ်၊ နေ့တစ်ပိုင်းလောက်ဖြစ်ဖြစ် ကြည့်စေချင်တယ်။ ဒါမှ သူတို့ရဲ့ ကြိုးစားမှုနဲ့ လုပ်ဆောင်မှုကို မြင်တွေ့နိုင်မယ်"ဟု ပြောသည်။

### အတွေ့အကြုံအတွက် ဝင်ရိုက်တာပါ

သရုပ်ဆောင် မင်းရာဇာက "ကျွန်တော်က ဝါသနာပါတဲ့အတွက် သူတို့ရိုက်ကွင်းရိုက်တဲ့ဆီကို သွားလေ့လာတော့ အဲ့ဒီမှာ ကျွန်တော့်ကိုတွေ့ပြီး သဘောကျလို့ခေါ်တယ်။ သရုပ်ဆောင်တဲ့အပိုင်းကတော့ နေရာအများကြီး မရပါဘူး။ အတွေ့အကြုံအတွက်ပဲ ဝင်ပြီးတော့ ရိုက်တာပါ။ ဆိုးသွမ်းတဲ့ ပုံစံမျိုး၊ ဂိုဏ်းစတားနေရာက ပါဝင်ရမယ်။ ကိုယ့်နိုင်ငံမှာလာရိုက်တဲ့အတွက် လေ့လာသင့်ပါတယ်။ အိပ်ပျော်နေတဲ့နိုင်ငံကို နှိုးထလိုက်သလို အိပ်ပျော်နေတဲ့ ဈေးကွက်ကို အမြင်တစ်ခုအနေနဲ့ ပေးလိုက်တယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

ယနေ့ရိုက်ကူးရာတွင် တရားခံဖြစ်သူကို ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးသည့် ဇာတ်ဝင်ခန်းဖြစ်ပြီး အဆောက်အအုံအမြင့်ပေါ်မှ ခုန်ချခြင်း၊ လူအုပ်ထဲပြေးလွှားခြင်းများနှင့် သေနတ်ပစ်ခတ်ခြင်း စသည့် ဇာတ်ဝင်ခန်းများပါဝင်ပြီး လာရောက်ကြည့်ရှုလေ့လာသူ ပြည်သူအများအပြားရှိခဲ့သည်။

### ရိုက်ကွင်းပြင်ဆင်မှုကွာတယ်

လာရောက်လေ့လာကြည့်ရှုသူ သရုပ်ဆောင်နေထူးနိုင်က "ရိုက်ကွင်းပြင်ဆင်မှုတွေကတော့ ကျွန်တော်တို့ဆီမှာ ရိုက်နေတဲ့ပုံစံနဲ့ တော်တော်ကွာတယ်။ အဓိကကတော့ ဈေးကွက်နဲ့ ဘတ်ဂျက်ပါပဲ။ အခု သူတို့ မြန်မာနိုင်ငံကို ၁၂ ရက်လောက် လာရိုက်တာ ကျပ်သိန်းပေါင်း ၁၈၀၀၀ လောက် ဘတ်ဂျက်ရှိတယ်လို့ ဆိုတယ်"ဟု ပြောသည်။

### မြန်မာရုပ်ရှင်တွေ အခွင့်အရေးရစေချင်

လာရောက်လေ့လာကြည့်ရှုသူ ယုဇနဥယျာဉ်အိမ်ရာနေထိုင်သူ ဦးလုကျော်က "ဖေ့စ်ဘုတ်မှာ နိုင်ငံခြားကနေ လာရိုက်တယ်ဆိုတာ တွေ့လို့ အခုလိုလာကြည့်တာ။ ကမ္ဘာ့အဆင့်အတန်းမီတဲ့ ရုပ်ရှင်တွေရိုက်တဲ့အတွက် သုံးစွဲတဲ့ပစ္စည်းတွေက ပြောစရာမလိုဘူး။ မြင်ကွင်းအနေနဲ့ တွေ့တာက ရှုတင်အနေနဲ့ ဈေးသည်တွေခေါ်တယ်။ လုံခြုံရေးအတွက် မြန်မာနိုင်ငံက လုံခြုံရေးဝန်ထမ်းတွေ ငှားတယ်။ နောက်ရိုက်ကွင်းအတွက် မြန်မာဝန်ထမ်းတွေကို ငှားတယ်။ ဒါတွေမြင်ရတော့ ဝမ်းသာတယ်။ ထိုက်ထိုက်တန်တန်တော့ ရစေချင်တယ်။ နိုင်ငံခြားသားကုမ္ပဏီတွေကို ရိုက်ခွင့်ပေးတာ ဝမ်းသာတယ်။ မြန်မာနိုင်ငံက ရုပ်ရှင်တွေကိုလည်း အဲဒီလိုအခွင့်အရေး ရစေချင်တယ်။ အဆင့်အတန်းမီတဲ့ ရုပ်ရှင်တွေရိုက်မယ်ဆိုရင် မြန်မာဒါရိုက်တာတွေကိုလည်း ဒီလိုမျိုး ခွင့်ပြုစေချင်တယ်"ဟု ပြောသည်။

Action ဇာတ်လမ်းရိုက်ကူးရာတွင် ပစ်ခတ်မှု၊ ဖောက်ခွဲမှု၊ မော်တော်ကားများ အပြိုင်မောင်းနှင်မှု၊ ယာဉ်တိုက်မှု၊ ရဟတ်ယာဉ်ပျံသန်းမှု စသည့် ဇာတ်ဝင်ခန်းများ ပါဝင်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိသည်။

ရန်ကုန်မြို့၌ Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်းလမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူသွားလာမှု အဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါရုပ်ရှင်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။



Line Walker - 2 အက်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ရိုက်ကူးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ရဲထွဋ်

### လမ်းပိတ် လမ်းလွှဲဆောင်ရွက်

အမှတ်(၄၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ ကျောက်တံတားတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်စန်းဦးက "ရိုက်ကူးရေးနဲ့ ပတ်သက်ပြီး လမ်းပိတ်လမ်းလွှဲတွေကို ဆောင်ရွက်ပေးနေပါတယ်။ သက်ဆိုင်ရာ နယ်မြေခံအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေတာပါ။ ဒီနေ့ဆိုရင် မဟာဗန္ဓုလပန်းခြံလမ်းကိုဝင်လာတဲ့ ယာဉ်တွေကို စည်ပင်လမ်းဘက်ကို လမ်းလွှဲဆောင်ရွက်ပေးပါတယ်။ City Star Hotel ကနေပြီး အနော်ရထာလမ်းကို သွားတဲ့ လမ်းပိုင်းကိုတော့ ခေတ္တပိတ်ပြီး ဆောင်ရွက်နေပါတယ်။ ဒီလမ်းအတွင်း နေထိုင်တဲ့ မိသားစုတွေရဲ့ကားတွေကိုတော့ ကြိုတင်ပြီး ကြေညာထားတဲ့အတိုင်း သူတို့အိမ်ရှေ့တွေမှာ ရပ်မယ့်ကားတွေကို မဟာဗန္ဓုလပန်းခြံရှေ့ကားပါကင်မှာ သီးခြားနေရာချထားပေးတဲ့အတွက် လမ်းပိတ်ဆို့မှု မရှိပါဘူး"ဟု ပြောသည်။

### နာရီပိုင်းလောက် လမ်းပိတ်လို့ အခက်အခဲမရှိ

ကျောက်တံတားမြို့နယ်တွင် နေထိုင်သူ (ယာဉ်မောင်း) ဦးဇော်ဇော်က "ဒီရုပ်ရှင်ဇာတ်ကား ရိုက်လို့ လမ်းပိတ်ဆို့မှု မရှိပါဘူး။ လမ်းပိတ်ထားတယ်ဆိုတာကလည်း ရိုက်ကွင်းရှိလို့ နာရီပိုင်းလောက် ပိတ်တာဆိုတော့ အခက်အခဲမရှိပါဘူး။ အခုလို ပြည်ပကလာရိုက်တဲ့အတွက် တိုင်းပြည်အတွက် အများကြီး အကျိုးရှိပါတယ်"ဟု ပြောသည်။

**သတင်း- ရဲခေါင်၊ ဇော်ကြီး**




Line Walker - 2 အက်ရှင်ဇာတ်ကား ရိုက်ကွင်းပြင်ဆင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ရဲထွဋ်

**"မဟာဗန္ဓုလပန်းခြံလမ်းကိုဝင်လာတဲ့ ယာဉ်တွေကို စည်ပင်လမ်းဘက်ကို လမ်းလွှဲဆောင်ရွက်ပေးပါတယ်။ City Star Hotel ကနေပြီး အနော်ရထာလမ်းကိုသွားတဲ့ လမ်းပိုင်းကိုတော့ ခေတ္တပိတ်ပြီး ဆောင်ရွက်နေပါတယ်။ ဒီလမ်းအတွင်း နေထိုင်တဲ့ မိသားစုတွေရဲ့ကားတွေကိုတော့ ကြိုတင်ပြီး ကြေညာထားတဲ့အတိုင်း သူတို့အိမ်ရှေ့တွေမှာ ရပ်မယ့်ကားတွေကို မဟာဗန္ဓုလပန်းခြံရှေ့ကားပါကင်မှာ သီးခြားနေရာချထားပေးတဲ့အတွက် လမ်းပိတ်ဆို့မှု မရှိပါဘူး"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့အားကစား ပိုမိုတိုးတက်ရန် အထောက်အကူပြုရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့အားကစားပိုမိုတိုးတက်ရန် အထောက်အကူပြုရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိသင်ကြား လေ့ကျင့်လျက်ရှိသော အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ နှစ်စဉ်တိုးတက်မှု ရလဒ်ကောင်းမွန်မှု၊ ထိရောက်မှု၊ ပြည်တွင်းနည်းပြများနှင့် နိုင်ငံခြားနည်းပြများ၏ အရည်အသွေး၊ သင်ကြားပြသမှု အရည်အသွေးများ အဆင့်မီမှု၊ လေ့ကျင့်ရေးကျောင်းသားများ နေထိုင်စားသောက်ရေး ကောင်းမွန်ပြည့်စုံမှု၊ အားကစားသမားတစ်ဦးချင်းစီအလိုက် လစဉ်တိုးတက်မှုစသည်ဖြင့် အခြေအနေအရပ်ရပ်ကို အဘက်ဘက်မှ ပြန်လည်ဆန်းစစ်သုံးသပ်လျက်ရှိပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာ့အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပခဲ့သည့် National Sport Seminar ၏ ရလဒ်များအတိုင်း အမြန်ဆုံး ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ အား/ကာသိပ္ပံကျောင်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အချက်များကို ဦးစားပေးသတ်မှတ်ချက်အလိုက် အမြန်ဆုံးတာဝန်များ ခွဲဝေဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အား/ကာ သိပ္ပံကျောင်းများတွင် သင်ကြားလေ့ကျင့်ရာ၌ သာမန်ကျောင်းများတွင် သင်ကြားသကဲ့သို့ စာပေပညာရပ်များကို သင်ကြားနေရသဖြင့် အားကစားသမားများအနေဖြင့် ပိုမိုခက်ခဲပင်ပန်းကာ စာပေပညာတွင် သာမက အားကစားတွင်ပါ အောင်မြင်မှု ရရှိရန် ခက်ခဲလျက်ရှိကြောင်း။

ထို့ကြောင့် အား/ကာသိပ္ပံကျောင်းများတွင် သာမန်ကျောင်းများကဲ့သို့ မဟုတ်ဘဲ အားကစားလေ့ကျင့်ခြင်းနှင့် အားကစားနှင့်သက်ဆိုင်သည့် နည်းစနစ်၊ နည်းပြပညာ၊ ကျင့်ဝတ်နှင့် အားကစားစာပေများကို သင်ကြားလေ့ကျင့်မှသာ အားကစားအောင်မြင်မှုများ ရရှိနိုင်မည် ဖြစ်ကြောင်း၊ ဦးစီးဌာနနှင့် အားကစားသိပ္ပံကျောင်းများအနေဖြင့် သင်ရိုးညွှန်းတမ်းများကို စနစ်တကျ အသေးစိတ်ရေးဆွဲ၍ ပြုစုသင်ကြားရမည်ဖြစ်ပြီး အားကစားနည်း သင်ရိုးပြီးမြောက်မှု သင်တန်းဆင်း လက်မှတ်ပေးရန်နှင့် ပညာရေးကောင်စီ၏ အသိအမှတ်ပြုမှု ရရှိရေးကို အဆင့်ဆင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အား/ကာသိပ္ပံကျောင်းများမှ ပြီးမြောက်အောင်မြင်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် ဘဝအာမခံချက်ရရှိရေးတို့ကို ဝန်ကြီးဌာနမှ အစီအစဉ် ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ တာဝန်ခံဒုတိယညွှန်ကြားရေးမှူးချုပ်က သိပ္ပံကျောင်းများတွင် လေ့လာဆန်းစစ်ခဲ့မှုများ၊ အား/ကာသိပ္ပံကျောင်း ခြောက်ကျောင်းတွင် ကျောင်းအလိုက် သင်ကြားလေ့ကျင့်ပေးမည့် အားကစားနည်းစနစ်များ၊ အဆိုပြု ပြောင်းလဲမည့် သိပ္ပံကျောင်းနှင့် အားကစား အထက်တန်း (သို့မဟုတ်) အားကစား အကယ်ဒမီကျောင်းများ၏ ဖွဲ့စည်းပုံအဆိုပြုမူကြမ်းများ၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် သင်တန်းသားများ ရွေးချယ်ရေး၊ ကျောင်းများအလိုက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ထူးချွန်အားကစား သင်တန်းဆင်းလက်မှတ်ရပြီးသူများကိုသာ B.Sc Sport တက်ရောက်ခွင့်ပြုပြီး သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြ/နည်းစနစ်မှူးအဖြစ် ခန့်ထားနိုင်ရေးတို့ကို အကြံပြုတင်ပြ၍ အား/ကာသိပ္ပံကျောင်းအုပ်ကြီးများက ကျောင်းအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ အမြဲတမ်းအတွင်းဝန်များက ဖြည့်စွက်တင်ပြကြသည်။



အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့အားကစားပိုမိုတိုးတက်ရန် အထောက်အကူပြုရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဦးစီးဌာနမှ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာနက ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအားခေါ်ယူ၍ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးလုပ်ငန်းစဉ်စတင်ရေးနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိန်းသိမ်းထားသော ရဲတပ်သားအား ပြန်လည်လွှဲပြောင်းရေးကိစ္စရပ်များ ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က သံအမတ်ကြီးအား မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရရှိထားသော သဘောတူညီချက်များနှင့်အညီ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ ဆောလျင်စွာ စတင်ရေးအတွက် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group)၏ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၁၉ခုနှစ် ဧပြီလ ဒုတိယလဝက်ကာလတွင် နေပြည်တော်၌ ကျင်းပရန်အဆိုပြုခဲ့သည်။

ထို့ပြင် ၂၀၁၅ခုနှစ် ဇွန်လအတွင်းက မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင် ရောက်ရှိခဲ့သော ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် တစ်ဦးအား နှစ်နိုင်ငံနယ်ခြားစောင့် ရဲတပ်ဖွဲ့များ၏ အလံတင်အစည်းအဝေးပြုလုပ်၍ မြန်မာဘက်မှ ရှစ်ရက်အတွင်း ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ယင်းအစဉ် အလာနှင့်အညီ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိန်းသိမ်းထားသော မြန်မာနိုင်ငံ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲတပ်သား အောင်ဘိုဘိုသိန်းအား ဆောလျင်စွာ ပြန်လည်လွှဲပြောင်းပေးစေလိုကြောင်း အသိပေးပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးကလည်း ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များအနေဖြင့် အဆိုပါ ရဲတပ်သားအား ဥပဒေကြောင်းအရ မည်သည့်အရေးယူမှုမျှ ပြုလုပ်သွားမည်မဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ် ပြည်တွင်းလုပ်ငန်းစဉ်များနှင့်အညီ လိုအပ်သည်များ ဆောင်ရွက်ပြီးပါက မြန်မာဘက်သို့ ပြန်လည်လွှဲပြောင်း သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ တတိယအကြိမ်အဖြစ် ပြန်လည်လက်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ထိုင်းနိုင်ငံမှစိစစ်ပြီး မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၁၃၃ ဦးသည် ထိုင်း-မြန်မာချစ်ကြည်ရေး အမှတ် (၁) မှတစ်ဆင့် မြဝတီမြို့ ကျောက်လုံးကြီးစခန်းသို့ ဖေဖော်ဝါရီ ၂၀ ရက်က ပထမအသုတ်အဖြစ် ပြန်လည်ဝင်ရောက်လာခဲ့ရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ပြီး လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့ ပူးပေါင်းလျက် စနစ်တကျစိစစ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် တတိယအကြိမ်အဖြစ် စိစစ်ပြီး နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၅၇၅ ဦးအား ကရင်ပြည်နယ် မြဝတီဂိတ်နှင့် ကယားပြည်နယ် မယ်စဲ့ဂိတ်တို့မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အတွင်း ပြန်လည် လက်ခံသွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယအသုတ်အဖြစ် စိစစ်ပြီး မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၂၆၀ သည် ကယားပြည်နယ် မယ်စဲ့ဂိတ်နှင့် ကရင်ပြည်နယ် မြဝတီဂိတ် တို့မှလည်းကောင်း၊ တတိယအသုတ် ၁၈၂ ဦးသည် ကရင်ပြည်နယ် မြဝတီဂိတ်မှ လည်းကောင်း ဆက်လက်ဝင်ရောက်လာကြမည်ဖြစ်သည်။



ထိုင်းနိုင်ငံဘက်မှ နေရပ်ပြန်လာသူတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား စိစစ်လက်ခံဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်းထားရှိသည့် မြန်မာ- ထိုင်း ပူးတွဲလုပ်ငန်းအဖွဲ့ တတိယအကြိမ်အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းရိုင်မြို့တွင် ၂၀၁၉ ခုနှစ် မတ်လ ပထမပတ်အတွင်း ကျင်းပသွားရန်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

လေ့ကျင့်မှုများတွင် အသုံးပြုမည်ဖြစ်သည်။ Molten Corporation သည် အာရှဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးစပွန်ဆာဖြစ်ပြီး AFC မှ ကြီးမှူးကျင်းပလျက်ရှိသည့် ပြိုင်ပွဲများအားလုံးတွင် Molten ဘောလုံးကို အသုံးပြုနေသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် Molten Corporation နှင့် စာချုပ်ချုပ်ဆိုကာ အသုံးပြုသွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက် မန်စီးတီးနှင့် အက်သလက်တီကိုတို့ အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာမှ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ရှော်လ်ကေးနှင့် မန်စီးတီးပွဲတွင် မန်စီးတီးအသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပွဲချိန် ၁၈မိနစ်တွင် အဂူရိုက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၃၈မိနစ်တွင် ရှော်လ်ကေးအသင်း ပယ်နယ်တီကန်ခွင့်ရကာ ဘန်တာလပ်က ချေပဂိုးအဖြစ်ပြောင်းလဲပေးခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ရှော်လ်ကေးအသင်း ပယ်နယ်တီကန်ခွင့်ထပ်မံရရှိကာ ဘန်တာလပ်က ဦးဆောင်ဂိုးအဖြစ် သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၆၈ မိနစ်တွင် မန်စီးတီး နောက်တန်းကစား အော့တာမန်ဒီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရပြီး မန်စီးတီးအသင်း တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ခဲ့ကာ ပွဲချိန် ၈၅မိနစ်တွင် ဆာနေးက ဒုတိယ ချေပဂိုးသွင်းယူ၍ ပွဲပြီးခါနီး မိနစ် ၉၀ တွင် စတာလင်း၏ အနိုင်ဂိုးဖြင့် မန်စီးတီး အသင်း အဝေးကွင်း နိုင်ပွဲရရှိခဲ့သည်။

ချန်ပီယံလိဂ် အခြား ရှုံး/ထွက်ပွဲစဉ် အက်သလက်တီကိုနှင့် ဂျူဗင်တပ်စ်တို့ ပွဲစဉ်တွင် အိမ်ရှင် အက်သလက်တီကိုအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အက်သလက်တီကိုအတွက် အနိုင်ဂိုးများကို ပွဲချိန်၇၈မိနစ်တွင် ဂျီမီနက်ဇ်နှင့် ၈၃မိနစ်တွင် ဂိုဒင်တို့ကသွင်းယူခဲ့ခြင်းဖြစ်သည်။

**သီဟ**

# မြင်းမူမြို့တွင် လောင်စာဆီသင်္ဘောတစ်စင်း မီးလောင်မှုဖြစ်

**မြင်းမူ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာ ဧရာဝတီမြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသော အောင်သီတာထွန်းကုမ္ပဏီပိုင် လောင်စာဆီသင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီ ၃၈ မိနစ်ခန့်က မီးလောင်မှုဖြစ်ကြောင်း မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မြင်းမူမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးသူအောင် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုဖြစ်သော လောင်စာဆီသင်္ဘောမှာ မုံရွာမြို့ အောင်မင်္ဂလာရပ်နေ ဦးဇော်ဝင်းမောင် (၃၀ နှစ်) ပိုင်ဆိုင်သည့် သင်္ဘောဖြစ်ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရသည့်အကြောင်း အရင်းမှာ သင်္ဘောဝမ်းဗိုက်အတွင်းရှိ ဒီဇယ်များအား ဆီလှယ်ရာ (ဆီစုပ်ပန့်) ပူလီ အပူလွန်ကဲပြီး လည်ချောင်းပိုက်သို့ မီးကူးစက်လောင်ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဒီဇယ် (ချက်ဆီ) ဂါလန် ၂၀ ဆုံးရှုံးခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဇော်ဝင်းမောင်ကို မြင်းမူမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



မီးလောင်မှုဖြစ်သည့် လောင်စာဆီတင်သင်္ဘောကို မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းမီးငြှိမ်းသတ်စဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၂-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၄၅ - "ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"
၁၀း၃၀ - (၂၀၁၉) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ဘောဂဗေဒဘာသာရပ်)
၁၁း၂၀ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၈၇)
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း -၂၃) "ဆွေသဟာဟိုတယ်လူသတ်မှု" (ဒုတိယပိုင်း)
၁၅း၅၀ - (၂၀၁၉) ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (လက်သင်္ကေတပြ) (သမိုင်းဘာသာရပ်)

**ညပိုင်း**

၁၆း၂၅ - (၂၀၁၉) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ပထဝီဝင်ဘာသာရပ်)
၁၇း၃၅ - Weekly Sport Info
၁၈း၃၀ - BBC Click
၁၈း၄၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဟီးရိုး + ဝက်ဝက်ကွဲအောင်ပွင့်"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း- ၂၄) "ဆွေသဟာဟိုတယ်လူသတ်မှု" (ဇာတ်သိမ်း) (ထိုက်တန်လင်း၊ ဆုမြတ်နိုးဦး၊ သတ္တိ) ဒါရိုက်တာ-ဟိန်းဇော်
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "တရားရုံးများကို မထီမဲ့မြင်ပြုသည်ဆိုခြင်းမှာ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၂)

# တောင်ငူမြို့နယ်၌ မြေကွက်ဂရန်သက်တမ်းတိုးရန် ပြောဆိုစဉ် စကားအချေအတင်ဖြစ်ကာ လင်မယားနှစ်ဦး အသတ်ခံရ

**တောင်ငူ ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် မင်းကြီးဆွေရပ်ကွက် ရန်ကုန်- မန္တလေးကားလမ်း အရှေ့ဘက်ဘေးတွင် လင်မယားနှစ်ဦးစလုံးအသတ်ခံရပြီး ၎င်းတို့၏ သမီးငယ်မှာ ဦးခေါင်းဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်မြို့ ပုသိမ်လမ်း စမ်းချောင်းမြို့နယ်နေ ဦးစိုးလင်းသန်း (၄၉ နှစ်)၊ ဇနီးဖြစ်သူ ဒေါ်ချောစုစုလင်း (၄၅ နှစ်) နှင့်သမီးဖြစ်သူ မသော်တာထက်စံ (၁၅ နှစ်) တို့သည် ကေတုမတီမြို့သစ် မင်းကြီးဆွေ ရပ်ကွက်တွင်နေထိုင်သည့် ဦးတိုးကြည် (၇၆ နှစ်)၏နေအိမ်ရှေ့သို့ ရောက်ရှိလာပြီး ၂၀၁၂ ခုနှစ်က ဦးတိုးကြည်၏ သားဖြစ်သူ ရဲဝင်း (၅၁ နှစ်) ထံမှ မြေကွက်အား ဂရန်သက်တမ်းတိုးရန် လိုအပ်သည်များ တောင်းယူပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ လက်မှတ်လိုက်ထိုးပေးရန် ပြောဆိုကြောင်း။

ထိုသို့ပြောသည်ကို ဦးတိုးကြည်က မလုပ်ပေးနိုင်ကြောင်းပြောရာမှ စကားအချေအတင်ဖြစ်ပြီး ဦးတိုးကြည်က ဝင်ရောက်လုံးထွေး ချုပ်ကိုင်ကာ ရဲဝင်းက လျှပ်စစ်မီးကြိုး သွယ်တန်းရာ၌ အသုံးပြုသည့် ကြွေသီးခေါင်းဖြင့် ဦးစိုးလင်းသန်း၊ ဒေါ်ချောစုစုလင်းတို့ နှစ်ဦးစလုံးကို ထုသတ်ပြီးနောက် သမီးဖြစ်သူ မသော်တာထက်စံကိုပါ လိုက်ထုစဉ် အနီးမှ ဝိုင်းဝန်းဆွဲထားနိုင်ခဲ့ ခြင်းကြောင့် အသက်ဘေးမှ လွတ်ကင်းသွားရခြင်းဖြစ်ကြောင်း အခင်းဖြစ်စဉ်တွင် ဖျန်ဖြေပေးသည့် အမျိုးသမီးက ပြောသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူ တိုးကြည်နှင့် ရဲဝင်းတို့ နှစ်ဦးကို ကေတုမတီမြို့သစ် နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်**



လူသတ်မှုကျူးလွန်သူများနှင့်သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

# ဝိုင်းမော်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာနေ ကျော်နိုင်နှင့် မအေးခွန် တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ၊ ဘိန်းဖြူ ၁၈၇ ဂရမ်နှင့် ငွေကျပ် ၆၅၀၀ တို့ကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များသည် မိုးမောက်မြို့နယ် ကျောက်စခန်းစစ်ဆေးရေးစခန်းတွင် အင်ယော်နော်ရိန်(ခ)နော်ရိန် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၉၁၃ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယနေ့နံနက် ၂ နာရီက မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ခရီးသည် ဝိုင်းအုံချစ် (ခ) ကိုအိုင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ၊ ဘိန်းဖြူ ၉ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဆိုင်ကယ်နှင့် ကား မျက်နှာချင်းဆိုင်တိုက်မိပြီး သုံးဦးသေဆုံး

**သရက်ချောင်း ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်း မြို့နယ် သင်ပုန်းချောင်းကျေးရွာ မြိတ် - ထားဝယ် ကားလမ်းမိုင်တိုင်အမှတ် (၅၀/၄) နှင့် (၅၀/၅) အကြား၌ ဖေဖော်ဝါရီ၂၀ရက် ည ၁၁နာရီခွဲက ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင် တိုက်မိပြီး လူသုံးဦးသေဆုံးကြောင်း ဝင်းဝနယ်မြေရဲစခန်းမှ ဒုရဲအုပ်ထွန်းမင်းထံမှ သိရသည်။

ဖြစ်စဉ်မှာ မြိတ်-ထားဝယ်ကားလမ်းမိုင်တိုင်အမှတ် (၅၀/၄) နှင့် (၅၀/၅) အကြား၌ ထားဝယ်မှ မြိတ်ဘက်သို့ သရက်ချောင်းမြို့နယ် ကညင်ချောင်းကျေးရွာနေသူ ယာဉ်မောင်း စောပီလီ (၃၅နှစ်) မောင်းနှင်ပြီး ညီမဖြစ်သူ နော်တာမူးမူး (၁၃ နှစ်)နှင့် သမီးဖြစ်သူ နော်ဘာဘာ (၉နှစ်)တို့ လိုက်ပါသော ၅၉ယ/........ဟွန်ဒါဒရင်း ဆိုင်ကယ်သည် မြိတ်မှ ထားဝယ်ဘက်သို့ ယာဉ်မောင်း သရက်ချောင်းမြို့နယ် ကမြိုင်ကျေးရွာနေသူ ဇင်သုနိုင်(၂၂ နှစ်) မောင်းနှင်ပြီး ခရီးသည်များတင်ဆောင် လာသော TNI 5L/.....တိုယိုတာယာဉ် နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ စောပီလီ၊ နော်တာမူးမူးနှင့် နော်ဘာဘာတို့သည် အခင်းဖြစ်နေရာတွင် သေဆုံးသွား ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးကို ဝင်းဝနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မျိုးချစ်ဦး (ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်အတွင်း ဆိုင်ကယ် ၁၀ စီးခိုးသူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီ မိနစ်၂၀ က ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ကြောင်း သတင်းရရှိထားသူ ဆန်းဝင်း ကျော်(ခ)မဲကြီးနှင့် ရဲကျော်ဇင် တို့နှစ်ဦးကို သဃ်န်းကျွန်းကြီးကျေးရွာ လမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှစ်ဦးကို စစ်မေးရာ ၎င်းတို့နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ အောင်ကိုလတ် (ခ) အာကြီးကို ယင်းနေ့ ညနေ ၆ နာရီ မိနစ် ၅၀တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ သန္ဒိသုခလမ်းမပေါ်တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးရမိသူ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအရှေ့ပိုင်း နေသူများဖြစ်သည့် ဆန်းဝင်းကျော်(ခ) မဲကြီး (၃၁ နှစ်)၊ ရဲကျော်ဇင် (၂၀ နှစ်) နှင့် အောင်ကိုလတ် (ခ) အာကြီး (၃၁ နှစ်)တို့သည် ၂၀၁ခုနှစ် မေ၊ ဇွန်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် မင်္ဂလာဒုံမြို့နယ် အတွင်းမှ ဆိုင်ကယ်မျိုးစုံ ၁၀ စီးအား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူ ဆန်းဝင်းကျော် (ခ) မဲကြီး၊ ရဲကျော်ဇင်နှင့် အောင်ကိုလတ် (ခ) အာကြီးတို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် မင်္ဂလာဒုံမြို့မ ရဲစခန်းသို့ သွားရောက် စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုရဲ**

# ဖယ်ခုံမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများအားဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဖယ်ခုံမြို့နယ် လွယ်စေတီကျေးရွာ အနောက်ဘက်နှစ်ဖာလုံခန့်အကွာ၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်ကို ဖယ်ခုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆွေဦးစီး ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက်က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ် ပင်မွန်း (တောင်) ကျေးရွာ၏ မြောက်ဘက်တစ်မိုင်ခွဲခန့်အကွာ၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၈ ဧကကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မောင်တောမြို့နယ် နယ်မြေ(၅)၊ အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ယာယီရဲမှူး ကျော်ဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်း အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၄)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Nila ကင်းစခန်းမှ Noyeb Subedar Md Shajahan Ali ဦးဆောင်သည့်အဖွဲ့က စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်းလေးစင်းတို့ဖြင့် စပါယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၁)မှ ပြူးမချောင်းဝထိပ်အနီး ရေမိုင်အမှတ်(၁၅)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့် အဖွဲ့များတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပဲခူးမြစ်အတွင်း၌ စက်တပ်ရေယာဉ်နှစ်စင်းတိုက်မိပြီး တစ်ဦးပျောက်ဆုံး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃) ရပ်ကွက် ကမ်းနားလမ်း အိုအေစစ် သဲကျောက်ဒိုင်အနီး ပဲခူးမြစ်အတွင်း ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က စက်တပ်ရေယာဉ်နှစ်စင်းတိုက်မိပြီး တစ်ဦးပျောက်ဆုံးနေကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၃) ရပ်ကွက် ကမ်းနားလမ်း အိုအေစစ် သဲကျောက်ဒိုင်အနီး ပဲခူးမြစ်ကမ်းစပ်အနီး ယနေ့နံနက်ပိုင်းက ဦးလှခိုင် (၅၃ နှစ်) သည် ၎င်း၏သားဖြစ်သူ ကျော်သီဟ(၁၈ နှစ်)နှင့်အတူ ငါးဖမ်းပိုက်ထောင်ပြီး ပဲခူးမြစ်အတွင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် သက်နိုင်စိုး(၂၉ နှစ်) ဒုရေယာဉ်အုပ် မောင်းနှင်လာသည့် စိုးမင်းအောင် ကျောက်ဆွဲရေယာဉ်နှင့် တိုက်မိကြောင်း သိရသည်။

ရေယာဉ်တိုက်မိမှုကြောင့် ငါးဖမ်းစက်လှေပေါ်ရှိ ဦးလှခိုင်နှင့် ၎င်း၏သားဖြစ်သူ ကျော်သီဟ တို့သည် ကျောက်ဆွဲရေယာဉ်အောက် ရောက်ရှိသွားပြီး ဦးလှခိုင်သည် ရေပေါ်သို့ ပြန်ပေါ်လာပါသော်လည်း ကျော်သီဟမှာ ရေပေါ်ပြန်ပေါ်လာခြင်းမရှိသဖြင့် ရပ်ကွက်သူ ရပ်ကွက်သားများနှင့် ရေငုပ်ကျွမ်းကျင်သူများက ဝိုင်းဝန်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

# ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာ၌ မီးအကြီးအကျယ်လောင်ကျွမ်း၍ ၆၉ ဦးသေဆုံး

ဒါကာ ဖေဖော်ဝါရီ ၂၁

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ဓာတုပစ္စည်းသိုလှောင်ရုံအဖြစ် လုပ်ကိုင်ဆောင်ရွက်နေသည့် တိုက်ခန်းအဆောက်အအုံတစ်ခုတွင် မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ရာ ၆၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မီးသတ်အာဏာပိုင်များက ယမန်နေ့က ပြောကြားသည်။**



ဓာတုပစ္စည်းများ သိုလှောင်ထားသည့် အဆောက်အအုံ မီးလောင်နေသည်ကို တွေ့ရစဉ်။

မီးလောင်ကျွမ်းသည့် အဆောက်အအုံအတွင်း၌ အလွန်မီးလောင်လွယ်သော ဓာတုပစ္စည်းများ၊ ဘော်ဒီစပရေးများနှင့် ပလတ်စတစ်ပစ္စည်းအတိုအစများ မီးတောက်အတွင်း ပေါက်ကွဲနေသည့်အတွက် လူအများအပြား ပိတ်မိနေခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေသည့် ကျဉ်းမြောင်းသော လမ်းများဆီသို့ ထွက်ပြေးလွတ်မြောက်ရန် မတတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုထိန်းချုပ်ခန်းအာဏာပိုင် မာဖတ်ဇ်ရီဘင်က မီးလောင်မှုကြောင့် လူ ၆၉ ဦးသေဆုံးခဲ့ကြောင်း ပြောကြားခဲ့ပြီး ဘင်္ဂလားဒေ့ရှ် မီးသတ်ကယ်ဆယ်ရေးအဖွဲ့ အကြီးအကဲ အလီအာမက်က သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်သေးကြောင်း ပြောကြားခဲ့သည်။ ဒါကာမြို့၏ ကာလကြာမြင့်နေပြီဖြစ်သည့် အစိတ်အပိုင်းရှိ ချော်ဘဇာ၌ဖြစ်ပွားသည့် မီးလောင်မှုသည် ဓာတုပစ္စည်းများ သိုလှောင်ထားရာ အဆောက်အအုံဆီသို့ မြန်မြန်ဆန်ဆန် ကူးစက်လောင်ကျွမ်းခြင်း မဖြစ်ပွားမီ ဓာတ်ငွေ့ဘူးတစ်ခုမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်နိုင်ကြောင်း အာမက်က ပြောသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာနှင့် ကပ်လျက်အဆောက်အအုံလေးခုတစ်လျှောက် မီးတောက်များ ကူးစက်လောင်ကျွမ်းသွားခဲ့ပြီး ယင်းအဆောက်အအုံများသည်လည်း ဓာတုပစ္စည်းသိုလှောင်ရုံအဖြစ် အသုံးပြုသည့် အဆောက်အအုံများဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားနေချိန်သည် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားနေချိန်လည်းဖြစ်သည်။ မီးတောက်များ မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့သွားသည့်အတွက် လူများ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းမရှိကြောင်း ၎င်းက ပြောသည်။ **အေအက်ဖ်ပီ**



ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

## ဆီးရီးယားရှိ အိုင်အက်စ်ထိန်းချုပ်ရာ နောက်ဆုံးနယ်မြေကို ထိုးစစ်ဆင်နွှဲမည်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၁**

ဆီးရီးယားနိုင်ငံတွင် အိုင်အက်စ်အကြမ်းဖက်အုပ်စုထိန်းချုပ်ထားသည့် နောက်ဆုံးနယ်မြေကို အမေရိကန် ကျောထောက်နောက်ခံပြုတပ်ဖွဲ့က အပြီးတိုင်သိမ်းပိုက်နိုင်ရေးအတွက် နောက်ဆုံးထိုးစစ် ဆင်နွှဲတော့မည်ဖြစ်သည်။

သို့သော်လည်း အတွေ့အကြုံရင့် အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ဆက်လက်ခုခံနေဆဲဖြစ်ကြောင်း သိရသည်။

စစ်ပွဲဖြစ်ပွားမည့် အရိပ်အယောင်ကြောင့် ဆီးရီးယားနိုင်ငံမှ ထွက်ခွာလာသည့် အရပ်သားများကို ကာ့ဒ်ဦးဆောင်သည့် ဒီမိုကရေစီတပ်ဖွဲ့ဝင်များက ဆက်လက်ကြိုဆိုလက်ခံပေးလျက်ရှိကြောင်း မဟာမိတ်တပ်ဖွဲ့ဝင်များက ဖော်ပြခဲ့သည်။

ကာ့ဒ်ဦးဆောင်သည့် ဒီမိုကရေစီတပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အကြမ်းဖက်သမားများ ကြံ့ကြံ့ခံနေသည့် ဘာဂူကျေးရွာကို ထိုးဖောက်ဝင်ရောက်ပြီး အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ရာနှင့်ချီနေသော အရပ်သားများကို ကယ်ထုတ်လာခဲ့ကြောင်း သိရသည်။

ထရပ်ကား ၁၀ စီးခန့် အိုင်အက်စ်အကြမ်းဖက်သမားများ ဝိုင်းထားသည့်နေရာမှ ထွက်ခွာလာသည်ကို တွေ့ရကြောင်းနှင့် ကျန်ထရပ်ကားနှစ်စီးပေါ်တွင်လည်း လက်နက်ချအိုင်အက်စ်အကြမ်းဖက်သမားများ လိုက်ပါသွားသည်ကို တွေ့ရကြောင်း မျက်မြင်သက်သေများက ပြောသည်။

ဖေဖော်ဝါရီ ၂၀ ရက်က အိုင်အက်စ်အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့များသည် လူပေါင်း ၂၀၀၀ ခန့်ကို ကယ်ထုတ်ခဲ့ပြီး နောက်ထပ် ၁၀၀၀ ခန့် ကျန်ရှိနေသေးကြောင်း ပြောကြားသည်။

**အေအက်ဖ်ပီ**

## အကြမ်းဖက်ဝါဒီများကို ပူးပေါင်းတိုက်ဖျက်သွားရန် အိန္ဒိယနှင့် ဆော်ဒီ သဘောတူ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၁**

အကြမ်းဖက်ဝါဒသည် အားလုံးအတွက် စိုးရိမ်စရာကိစ္စတစ်ခုဖြစ်နေပြီး အကြမ်းဖက်ဝါဒီများကို တိုက်ဖျက်ရေး အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယူးဒေလီမြို့တော်ရောက်နေသည့် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံပိုင် ကက်ရှ်မီးယားဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ ကျော်သေဆုံးခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အိမ်နီးချင်းပါကစ္စတန်နိုင်ငံနှင့် တင်းမာမှုများ ကြီးထွားနေချိန်တွင် ဆော်ဒီအိမ်ရှေ့မင်းသား အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံကို သွားရောက်ပြီးနှစ်ရက်ကြာပြီးနောက် အိန္ဒိယနိုင်ငံကို ရောက်ရှိလာသည့် ဆော်ဒီအိမ်ရှေ့မင်းသားသည် အိန္ဒိယတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည့်အတွက် စိတ်မကောင်းကြောင်းကို ဖော်ပြခဲ့သော်လည်း တိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး မှတ်ချက်တစ်စုံတစ်ရာ ပြုပြောကြားခြင်းမရှိကြောင်း သိရသည်။

ဆော်ဒီ အိမ်ရှေ့မင်းသားသည် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးတွင် ထောက်လှမ်းရေးသတင်းများ ဖလှယ်ခြင်းနှင့် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန္ဒြာမိုဒီနှင့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

ကက်ရှ်မီးယားဒေသ တိုက်ခိုက်မှုဖြစ်စဉ်သည် ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အကြမ်းဖက်ဝါဒီများကို အားပေးနေသည့် နိုင်ငံများကိုလည်း ဖိအားပေးရန် နှစ်ဖက်နိုင်ငံများကြား သဘောတူခဲ့သည်။

အကြမ်းဖက်ဝါဒီများ၏ အခြေခံအဆောက်အအုံများ၊ အကြမ်းဖက်သမားများကိုလည်း နှိမ်နင်းရန်လိုကြောင်း ခေါင်းဆောင်နှစ်ဦး ပြောဆိုဆွေးနွေးခဲ့ကြသည်။

ကက်ရှ်မီးယားဒေသတွင် တိုက်ခိုက်မှု ကျူးလွန်သူများကို ခိုလှုံခွင့်ပေးထားသည်ဟုလည်း အိန္ဒိယနိုင်ငံက စွပ်စွဲခဲ့ကြောင်း သိရသည်။ ထို့အပြင် ပါကစ္စတန်နိုင်ငံကိုလည်း သံတမန်ရေးအရ ဖိအားပေးရန် အိန္ဒိယနိုင်ငံက အရှိန်မြှင့်ကြိုးပမ်းနေကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဆော်ဒီ အိမ်ရှေ့ မင်းသား အိန္ဒိယနိုင်ငံသို့ ရောက်ရှိ နေစဉ်။

## အကူအညီအထောက်အပံ့ပစ္စည်းများ ဝင်ရောက်နိုင်ရေးအတွက် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွါက်ဒို ကိုလံဘီယာသို့ ထွက်ခွာ

**ကရာကတ်စ် ဖေဖော်ဝါရီ ၂၁**

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါက်ဒိုသည် အမေရိကန်က ကူညီထောက်ပံ့သည့် အစားအသောက်နှင့် ဆေးဝါးများကို နိုင်ငံအတွင်းသို့ သယ်ဆောင်လာနိုင်စေရေးအတွက် ကိုလံဘီယာနယ်စပ်သို့ ထွက်ခွာလာခဲ့ကြောင်း သိရသည်။ တပ်မတော်က ကျောထောက်နောက်ခံပေးထားသည့် ဗင်နီဇွဲလားအစိုးရကို ဆန့်ကျင်လျက် ထိုသို့သွားရောက်ရန် စီစဉ်လိုက်ခြင်းဖြစ်သည်။

ဂွါက်ဒိုသည် လာမည့်စနေနေ့ကို အကူအညီအထောက်အပံ့များ ဝင်ရောက်လာမည့် နောက်ဆုံးရက်အဖြစ် သတ်မှတ်လိုက်ပြီး အတိုက်အခံများထိန်းချုပ်သည့် အောက်လွှတ်တော်အဖွဲ့သားများနှင့်အတူ ခရီးသွားယာဉ်ဖြင့် ကြာသပတေးနေ့ နံနက် ၆ နာရီတွင် စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

သမ္မတမာဒူရို၏ အမိန့်ထုတ်ပြန်မှုအရ ဗင်နီဇွဲလားတပ်မတော်သည် နယ်စပ်လုံခြုံရေးကို တင်းကျပ်လိုက်ပြီး အထောက်အပံ့ပစ္စည်းများ ကိုလံဘီယာနိုင်ငံ ကျူကျူတာမှ နိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရန် တားဆီးသည့်အနေဖြင့် အဓိကနယ်စပ်တံတားကို တားဆီးပိတ်ဆို့လိုက်သည့်အတွက် အထောက်အပံ့ပစ္စည်းတန်ချိန်ပေါင်းများစွာ နယ်စပ်တံတားပေါ် စုပြုံနေခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဂွါက်ဒိုက မည်သို့ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း အထောက်အပံ့ပစ္စည်းများ နိုင်ငံအတွင်းသယ်ယူရန်နှင့် ဖြန့်ဖြူးရာတွင် အထောက်အကူဖြစ်စေရန်အတွက် စေတနာ့ဝန်ထမ်း ထောင်ပေါင်းများစွာကို မကြာသေးမီရက်ပိုင်းအတွင်း စုစည်းထားကြောင်း၊ အကူအညီအထောက်အပံ့ပစ္စည်းများ မရှိလျှင် ပြည်သူသုံးသိန်းတို့ သေဆုံးနိုင်ကြောင်းနှင့် ယင်းပစ္စည်းများကို စတင်သယ်ယူနိုင်ရန် စေတနာ့ဝန်ထမ်းတစ်သန်းခန့်ကို စည်းရုံးသွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဗီယက်နမ်၌ အလုပ်သဘောအဆင့် ဆွေးနွေးမှုများစတင်

**ဟနွိုင်း ဖေဖော်ဝါရီ ၂၁**

လာမည့်ရက်သတ္တပတ်၌ ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးမစတင်မီ နှစ်နိုင်ငံ သံအမတ်ကြီးများသည် ဟနွိုင်းမြို့၌ တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် စတီဖင်ဘီဂန်သည် ကြာသပတေးနေ့တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိခဲ့သည်။ ဘီဂန်သည် ထိပ်သီးအစည်းအဝေးပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြောက်ကိုရီးယားသံတမန် ကင်ဟော့ချိုနှင့်အတူ အလုပ်သဘောအဆင့် ဆွေးနွေးရန် တွေ့ဆုံခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန်နှင့် မြောက်ကိုရီးယားနိုင်ငံက ကျင့်သုံးနေသည့် နိုင်ငံရေးစနစ် ဘေးအန္တရာယ်ကင်းကြောင်း အာမခံပေးနိုင်လိမ့်မည်ဟု ယူဆထားသည့် ကိုရီးယားစစ်ပွဲအဆုံးသတ်ကြောင်း ကြေညာချက်တစ်ရပ်ကို တောင်းဆိုလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

### အမေရိကန်က ဒုံးကျည်များ ဖြန့်ကြက်လာလျှင် အမေရိကန်ကို အရေးယူဆောင်ရွက်မည်ဟု ပူတင်ပြော

**မော်စကို ဖေဖော်ဝါရီ ၂၁**

ရုရှားနိုင်ငံသည် ဥရောပ၌ ပထမဆုံး ဒုံးကျည်များ ဖြန့်ကြက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ရည်ရွယ်ချက်မရှိကြောင်း၊ သို့သော်လည်း အကယ်၍ အမေရိကန်ပြည်ထောင်စုက ဒုံးကျည်များ ဖြန့်ကြက်လာပါက ရုရှား၏ကာကွယ်ရေးဆိုင်ရာ လက်နက်ပစ္စည်းများကို အဆင့်မြှင့်တင်သွားမည်ဖြစ်သလို လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ရုရှားဖက်ဒရယ်ညီလာခံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

တိုက်ရိုက်ခြိမ်းခြောက်မှုများ ဖြစ်လာနိုင်သည့် ဇရိယာများတွင်သာမက ရုရှားကို ခြောက်လှန့်နေသည့် ဒုံးကျည်စနစ်များ အသုံးပြုမှုကို ဆုံးဖြတ်ချက်ချသည့် ဌာနများကိုပါ ပစ်ခတ်နိုင်သည့် လက်နက်များကို မဖြစ်မနေဖန်တီးကာ ယင်းလက်နက်များကို ဖြန့်ကြက်သွားရလိမ့်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောသည်။

တာလတ်ပစ် ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ရိုမေးနီးယားနှင့် ပိုလန်တို့တွင် တွမ်ဟော့ခ် ခရုဇ်ဒုံးကျည်များအတွက်သုံးရန် ဒုံးပစ်စင်များကို ဖြန့်ကြက်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုသည် နျူကလီးယားသဘောတူစာချုပ်ကို တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်၍ တစ်ဖုံ ချိုးဖောက်နေခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ယခုအချိန်ထိလစ်လပ်နေဆဲဖြစ်တဲ့ ကုလဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဘယ်သူဖြစ်လာမလဲ

**ချြုးစန္ဒီနွေး**

**နစ်ကီဟေလီဟာ အမေရိကန်သမ္မတ ထရမ့် ပထမဆုံးခန့်အပ်ခဲ့တဲ့ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ဖြစ်ပြီး နစ်ကီဟာ ၂၀၁၈ နှစ်ကုန်ပိုင်းလောက်မှာ ရာထူးကနေ နုတ်ထွက်သွားခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ အမေရိကန်ဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီးနေရာ လစ်လပ်နေခဲ့ပါတယ်။**



ကုလသမဂ္ဂ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မိန့်ခွန်းပြောကြားနေစဉ်။

### လက်လျှော့ခဲ့

အမေရိကန်ဆိုင်ရာ ကုလသံအမတ်ကြီးနေရာအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟီသာနော့ကို လျာထားခဲ့ပေမယ့် ဟီသာနော့ဟာ ဒီရာထူးအတွက် ဝင်ရောက်အရွေးခံမယ့်ကိစ္စကို လက်လျှော့လိုက်ပါတယ်။ ဟီသာနော့မှာ လုံလောက်တဲ့ အတွေ့အကြုံမရှိသေးဘူးဆိုပြီး တချို့က ဝေဖန်ခဲ့ကြတဲ့အတွက် လွှတ်တော်က အတည်ပြုချက်ရဖို့ အတားအဆီးတွေ ရှိလာနိုင်ပါတယ်။ အဲဒီရင်ဆိုင်ရမယ့်အခက်အခဲတွေကို တားဆီးပေးဖို့လည်း ထရမ့်က ကြိုးစားခဲ့ပါတယ်။ ဟီသာကတော့ သူ့ကို ရွေးချယ်ဖို့ စဉ်းစားပေးခဲ့ကြတဲ့ သမ္မတထရမ့်နဲ့ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့ကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။ ကျွန်မကို ယုံကြည်ပေးခဲ့ကြလို့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်လအတွင်းမှာ ကျွန်မရဲ့ မိသားစုဟာ အကျပ်ရိုက်တဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒါကြောင့် မိသားစုအတွက် စဉ်းစားပေးရင် သံအမတ်ကြီးနေရာအတွက် လျာထားမှုကနေ နုတ်ထွက်ခဲ့တာပါလို့ ပြောကြားခဲ့ပါတယ်။ မစ္စဟီသာရဲ့ ရာထူးနေရာယှဉ်ပြိုင်မှုကနေ နုတ်ထွက်သွားတာဟာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးနေရာ ခန့်အပ်ဖို့အတွက် ထရမ့်မှာ စိန်ခေါ်မှုတွေ အများကြီးရှိနေတယ်ဆိုတာကို ပြသလျက်ရှိပါတယ်။

### အခုအချိန်ထိပျက်ကွက်နေဆဲ

မစ္စ ဟေလီတစ်ယောက်ကတော့ သူ့နေရာမှာ ဆက်လက်တာဝန်ယူမယ့်သူဟာ ဘယ်သူလဲဆိုတာ မသိရသေးခင်မှာပဲ ရာထူးကနေ နုတ်ထွက်သွားခဲ့ပါတယ်။ ကုလသမဂ္ဂရဲ့အဆင့်မြင့်ရာထူးတစ်နေရာကို ပြန်လည်ဖြည့်တင်းပေးဖို့ ထရမ့်အစိုးရဟာ အခုအချိန်ထိတိုင် ပျက်ကွက်နေတုန်းပါပဲ။ ကုလသမဂ္ဂဆိုတာကလည်း ကမ္ဘာမှာ ထင်ရှားလှတဲ့သံတမန်ရေးရာ စင်မြင့်တစ်ခုဖြစ်ပါတယ်။ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးဆိုတာ တကယ့်ကို အရေးပါလှတဲ့ သံတမန်ရေးရာ အခန်းကဏ္ဍတစ်ခုလည်း ဖြစ်ပါတယ်လို့ ဝါရှင်တန်အခြေစိုက် မူဝါဒရေးရာသုတေသနစင်တာက ဗစ်တိုးရီးယားကေဟော့က ပြောပါတယ်။ ဒီနေရာဟာ ကုလသမဂ္ဂမှာ အမှန်တကယ် အရေးပါတဲ့ နေရာတစ်ခုပါပဲ။ ဆွဲဆောင်မှုတွေ၊ ရင်းနှီးစွာဆက်ဆံမှုတွေအတွက် အရေးပါတဲ့ နေရာတစ်ခုပါလို့ သူက ဆက်ပြောပါတယ်။

### တိုင်းပြည်အတွက် ကိုယ်စားပြုရသူ

ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုခံထားရတဲ့ သံအမတ်ကြီးရာထူးဟာ အမေရိကန်ပြည်ထောင်စုရဲ့ လုပ်ငန်းတာဝန်တွေအတွက် ခေါင်းဆောင်ပါပဲ။ လုံခြုံရေးကောင်စီမှာ တိုင်းပြည်အတွက် ကိုယ်စားပြုရသူလည်း ဖြစ်ပါတယ်။ အဖွဲ့ဝင်ပေါင်း ၁၉၃ နိုင်ငံရှိတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးမှာ လုံခြုံရေးကောင်စီဆိုတာ အာဏာအရှိဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးရာထူးအတွက် နာမည်စာရင်းကို အမေရိကန်သမ္မတက အဆိုပြုတင်သွင်းရပြီး လွှတ်တော်က ထောက်ခံပေးရပါတယ်။ အစိုးရအဖွဲ့ဝင်မဟုတ်ရင်တောင် သံအမတ်ကြီးရာထူးရထားတဲ့သူဟာ အစိုးရအဖွဲ့အဆင့်ကို ပေးထားရပါတယ်။

### သမ္မတကြီးကို အကြံပေးနိုင်ရမယ်

နိုင်ငံခြားရေးဝန်ကြီးနဲ့ အမျိုးသားလုံခြုံရေးအကြံပေးတို့ သမ္မတကြီးကို အကြံဉာဏ်တွေ မပေးစွမ်းနိုင်တဲ့အခါ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက အကြံပေးနိုင်စွမ်းရှိရမယ်လို့ မစ္စတာ ဘေးလ်ရစ်ချက်ဆင်က ပြောပါတယ်။ ရစ်ချက်ဆင်ဟာ ကလင်တန်အစိုးရအဖွဲ့လက်ထက်က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်လုပ်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးဖို့အတွက် သမ္မတမှာ အနည်းဆုံး လူနှစ်ဦးတော့ရှိသင့်တယ်လို့ သူက ဆက်ပြောပါတယ်။ ပြီးတော့ ကုလသမဂ္ဂမှာ ကြံ့ကြံ့ခံရပ်တည်နိုင်မယ့်သူ ရှိဖို့ဆိုတာလည်း အလွန်ကို အရေးကြီးပါတယ်လို့ သူက ဆက်ပြောပါတယ်။ အခုဆိုရင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးနေရာဟာ လစ်လပ်နေပါတယ်။

### အရေးပါတဲ့ တွန်းအားတစ်ခုဖြစ်ခဲ့

ထရမ့် အမေရိကန်သမ္မတဖြစ်လာပြီးတဲ့နောက်ပိုင်း နိုင်ငံပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးမှာ တချို့သောအစီအစဉ်တွေက အမေရိကန်နုတ်ထွက်တာမျိုး၊ ထောက်ပံ့ကြေးလျှော့ချတာမျိုးတွေ ပြုလုပ်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်ခန့်ကဆိုရင် ထရမ့်အစိုးရအဖွဲ့ဟာ ရာသီဥတုပြောင်းလဲမှုနဲ့ လူတွေရွှေ့ပြောင်းနေထိုင်လာမှုအပေါ် လက်မခံနိုင်တာတွေ ဖြစ်လာခဲ့ပါတယ်။ ပါလက်စတိုင်းက ဒုက္ခသည်တွေကို ထောက်ပံ့ပေးနေတဲ့ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ကိုလည်း ထောက်ပံ့ပေးမှုတွေ ရပ်တန့်ခဲ့ပါတယ်။ နောက်ပြီးတော့ ယူနက်စကို၊ လူ့အခွင့်အရေးကောင်စီတို့ကလည်း နုတ်ထွက်ခဲ့ပါတယ်။ မစ္စ ဟေလီဟာ တချို့အရေးကြီးတဲ့ကိစ္စရပ်တွေမှာ ထရမ့်နဲ့ ခြားနားမှုတွေ ရှိနေပေမယ့် ကုလသမဂ္ဂမှာ မြောက်ကိုရီးယားအရေးနဲ့ ပတ်သက်လို့ကတော့ အရေးပါတဲ့တွန်းအားတစ်ရပ်ဖြစ်ခဲ့ပါတယ်။

### ဆွဲဆောင်နိုင်ခဲ့

၂၀၁၇ ခုနှစ်အတွင်းမှာ နစ်ကီဟေလီဟာ မြောက်ကိုရီးယား နျူကလီးယားလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး တင်းကျပ်တဲ့ပိတ်ဆို့မှုတွေ သုံးကြော့ချမှတ်ဖို့ လုံခြုံရေးကောင်စီက တခြား ၁၄ နိုင်ငံကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ အဲဒီအထဲမှာ အရေးကြီးဆုံးလုပ်ဆောင်နိုင်ခဲ့မှုကတော့ တရုတ်နဲ့ ရုရှားတို့ကို ဆွဲဆောင်နိုင်ခဲ့တာပါပဲ။ နစ်ကီဟေလီရဲ့နောက် ရာထူးကို ဆက်ခံမယ့်သူဟာလည်း အမှီအခိုကင်းကင်းနဲ့ ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

### အခက်တွေ့နေ

ကုလသမဂ္ဂရဲ့တချို့သောသံတမန်တွေကတော့ ထရမ့်အစိုးရအဖွဲ့ဟာ နစ်ကီဟေလီနေရာမှာ အစားထိုးဖို့ လူရှာတဲ့နေရာမှာ အခက်တွေ့နေတယ်လို့ ခန့်မှန်းနေကြပါတယ်။ ဘာလို့လဲဆိုရင် သမ္မတရဲ့အမြင်ကို ဘယ်တော့မှမဆန့်ကျင်မယ့်လူမျိုးကို ရှာနေလို့ပဲဖြစ်တယ်လို့ တွက်ချက်နေကြပါတယ်။ မစ္စတာထရမ့်ရဲ့ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်အာဘော့တန်ကတော့ သမ္မတ ဂျော့ဒဗလျူဘုရှ်လက်ထက်မှာ ၂၀၀၅ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးဖြစ်မယ့်သူဟာ နိုင်ငံရေးသဘောထား မျှတစွာရှိတဲ့သူဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ တကယ်လို့များ ဘော့တန်လို သဘောထားတင်းမာတဲ့လူမျိုးကို ရွေးခဲ့ရင် အဲဒီလူဟာ ကုလသမဂ္ဂမှာ ထိပ်တိုက်ရင်ဆိုင်တွေ့တဲ့နေရာတစ်ခုအဖြစ်သာ အသုံးပြုသွားလိမ့်မယ်လို့ ကိုလံဘီယာဥပဒေကျောင်းမှ ပါမောက္ခတစ်ဦးဖြစ်သူ မိုက်ကယ်ဒေါ်လီက ပြောပါတယ်။ သူဟာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်လက်ထက်မှာ ၂၀၀၁ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ အထူးအကြံပေးအဖြစ် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါတယ်။

### အမည်စာရင်းအသစ်တင်သွင်းမယ်

ဘရွတ်ကင်းအင်စတီကျူမှ နိုင်ငံခြားမူဝါဒဆိုင်ရာ အကြီးတန်းအရာရှိတစ်ဦးဖြစ်သူ သီယိုဒါပစ်ကိုနီကတော့ နောက်ဖြစ်လာမယ့် သံအမတ်ကြီးဟာ ဟီသာနော့လို လူမျိုးပဲဖြစ်လိမ့်မယ်။ အမေရိကန်သာလျှင် ပထမဦးစားပေးလို့ ဆောင်ရွက်ပေးမယ့် သံအမတ်ကြီးဖြစ်လိမ့်မယ်လို့ သူ့ရဲ့ သဘောထားအမြင်ကို ပြောပြခဲ့ပါတယ်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးရာထူး ရွေးချယ်ဖို့ အထက်လွှတ်တော်ကို အမည်စာရင်း တင်သွင်းရမှာဖြစ်ပေမယ့် သမ္မတထရမ့်အနေနဲ့ကတော့ အခုထက်ထိ တရားဝင်အမည်စာရင်း တင်သွင်းတာ မရှိသေးပါဘူး။ သမ္မတထရမ့်ဟာ မကြာခင်မှာပဲ အမည်စာရင်းအသစ် တင်သွင်းလိမ့်မယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာထားပါတယ်။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> “ကုလသမဂ္ဂရဲ့အဆင့်မြင့်ရာထူးတစ်နေရာကို ပြန်လည်ဖြည့်တင်းပေးဖို့ ထရမ့်အစိုးရဟာ အခုအချိန်ထိတိုင် ပျက်ကွက်နေတုန်းပါပဲ။ ကုလသမဂ္ဂဆိုတာကလည်း ကမ္ဘာမှာ ထင်ရှားလှတဲ့ သံတမန်ရေးရာ စင်မြင့်တစ်ခုဖြစ်ပါတယ်။ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးဆိုတာ တကယ့်ကို အရေးပါလှတဲ့ သံတမန်ရေးရာ အခန်းကဏ္ဍတစ်ခုလည်းဖြစ်”

# ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၅) ရပ်ကွက် အနော်ရထာလမ်းနှင့် ကုန်းဘောင်လမ်း ထောင့်၌ (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံအနက် ချင်းလူမျိုးတို့၏ ရိုးရာအမွေအနှစ်များဖြစ်သော စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ထုတ်ဖော်ပြီး နောင်မျိုးဆက်များသို့ လက်ဆင့်ကမ်းနိုင်ရန် အမျိုးသားနေ့က အရေးကြီးကြောင်း၊ တိုင်းရင်းသားလူမျိုး တစ်ခုချင်းစီ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက်လည်း နိုင်ငံသားအားလုံး တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်ကလည်း ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို သွားနိုင်ရန်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကြီးကို မျှော်မှန်းပြီး တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် နိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းလူမှုရေးအသင်း(ရန်ကုန်)၏ အတွင်းရေးမှူး ဦးနိုင်းထန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သော ချင်းလူမျိုးများ၏ စားဝတ်နေရေး၊ ဆေးဝါးကုသရေး၊ အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသော ချင်းလူမျိုးများ တည်းခိုရန်နေရာများ စီစဉ်ပေးခြင်းတို့အပြင် အခြား လိုအပ်သောအကူအညီများကိုလည်း ချင်းလူမှုရေးအသင်း(ရန်ကုန်)က ဝိုင်းဝန်းကူညီပေးနေကြောင်း ပြောကြားပြီး ချင်းအမျိုးသားနေ့ အခမ်းအနားအတွက် အလှူငွေ ပေးအပ်လှူဒါန်းကြသူများအား ချင်းလူမှုရေးအသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်ခင်မျိုးကြည်၊ ချင်းလူမှုရေးအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ချင်းတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

# (၇၂)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

(၇၂)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ သာသနာ ၂၅၀၀ ဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အခမ်းအနား ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မွန်တိုင်းရင်းသားလူမျိုးများထဲမှ ပညာရေးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ လူငယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးမြို့နေ မွန်တိုင်းရင်းသားလူမျိုးများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ခန္တီးမြို့ မြို့သင်္ကေတအဖြစ် အလေးချိန်လေးတန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးထားရှိ



**ခန္တီး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်စိမ်းထွက်ရှိသည့် ခန္တီးရတနာနယ်မြေတွင် မြို့၏ သင်္ကေတအဖြစ် အလေးချိန် လေးတန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးကို ထားရှိထားကြောင်း ခန္တီးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဘကြိုင်က ပြောသည်။

ခန္တီးမြို့ မြို့သင်္ကေတအဖြစ် ထားရှိရန်အတွက် အလေးချိန် လေးတန်ခန့်နှင့် ငါးတန်ကျော်ရှိ ကျောက်စိမ်းတုံးနှစ်တုံးကို ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီနှစ်ခုထံမှ အလှူခံရရှိခဲ့ကြောင်း၊ လက်ရှိတွင် အလေးချိန်လေးတန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးကို ခန္တီးမြို့ မြို့မရပ်ကွက်ရှိ ကမ်းနားလမ်း မဥ္ဇူပန်းခြံတွင် ထားရှိပြသထားကြောင်း ခန္တီးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“ကုမ္ပဏီနှစ်ခုက လှူတာ၊ပြီးတော့ အဲဒီကျောက်စိမ်းတုံးကြီးတွေက နိုင်ငံတော်ကို အခွန်ဆောင်ပြီးသားပါ။ ခုထားရှိထားတာ လေးတန်လောက်ရှိတယ်။ နောက်ထပ် ငါးတန်ကျော်ကျော် တစ်လုံးရှိသေးတယ်။ အဲဒါတော့ မလုပ်ရသေးဘူး၊ဘတ်ဂျက်အခြေအနေအရ မဥ္ဇူပန်းခြံ နားလေးမှာပဲ စုပုံထားပါသေးတယ်။ ကြည့်လို့ကောင်းပြီး လုံခြုံအောင်ထားဖို့ကျတော့ ဘတ်ဂျက်ကုန်ကျခံရတာပေါ့၊ အဲဒါလေးကိုတော့ မလုပ်ဖြစ်သေးဘူး”ဟု ခန္တီးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဘကြိုင်က ပြောသည်။

အဆိုပါ ကျောက်စိမ်းတုံးကို ထားရှိရန် မဥ္ဇူပန်းခြံအတွင်း ကြာပန်းပုံကလပ်တည်ဆောက်ခဲ့ပြီး ထိုကလပ်အပေါ်တွင် ကျောက်စိမ်းတုံးကို ထားရှိပြသထားကြောင်း၊ အလေးချိန် ငါးတန်ကျော်ရှိ ကျောက်စိမ်းတုံးကို အဆိုပါ ပန်းခြံ အနီးရှိ မြို့မဘုန်းကြီးကျောင်းအတွင်း ထားရှိရန် စီစဉ်ထားကြောင်း ခန္တီးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

“ကျွန်တော်တို့ဆီမှာ တစ်ချိန်တုန်းက ရတနာနယ်မြေဆိုပြီး ကျောက်စိမ်းထွက်တယ်။ နာမည်ကြီးထားတယ်လေ။ခန့်မှန်းအားဖြင့် နှစ်ပေါင်း ၃၀ လောက်ဆို အလားအလာ သိပ်မကောင်းတော့ဘူး။ အဲဒါကြောင့် ကျွန်တော်တို့က အမှတ်တရထားပေးတာပါ။ နောင်လာနောက်သားတွေ ခန္တီးဒေသဟာ ကျောက်စိမ်းထွက်ခဲ့တာအမှန်တကယ်ပါလားဆိုတာကို လက်တွေ့ပြနိုင်အောင်လို့ အမှတ်တရထားရှိပြသပေးတာပါ ” ဟု ခန္တီးမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဘကြိုင် ကပြောပြသည်။

**ကိုမင်း (အင်းတော်)**

# အမျိုးသားပြတိုက်(ရန်ကုန်)၌ ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲ(၂) ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးမှူး၍ ပြတိုက်လှုပ်ရှားမှုပန်းချီပြပွဲ(၂)(Museum Activity-II Art Exhibition) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ မြန်မာပန်းချီပညာရှင်များ တက်ရောက်ကြသည်။

ပန်းချီပြပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ်က မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံများ ရှိကြောင်း၊ ၎င်းတို့မှာ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားဇာတ်ရုံနှင့် ကြိုးပမ်းဆောင်ရွက်ဆဲဖြစ်သည့် အမျိုးသားအနုပညာပြတိုက်တို့ ဖြစ်ကြောင်း၊ ယခုကျင်းပသည့် ပန်းချီပြပွဲသည် အမျိုးသားအနုပညာပြတိုက်အတွက် အရေးပါသည့်ခြေလှမ်းဖြစ်ကြောင်း၊ ပြတိုက်များသည် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှု၊ လက်မှုအနုပညာပစ္စည်းများ၊ အခြား အနုပညာလက်ရာမြောက်သော ရှေးဟောင်းသုတေသနဆိုင်ရာ ဝတ္ထုပစ္စည်းအမျိုးမျိုးနှင့် ယဉ်ကျေးမှု၊ သမိုင်း၊ သိပ္ပံပညာရပ်ဆိုင်ရာ အရေးပါသည့် ပစ္စည်းများကို တစ်နေရာတည်းတွင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးနေသည့် နေရာကြီးတစ်ခုဖြစ်၍ အမျိုးသားအဆင့် ကာကွယ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ကိစ္စများအတွက် နိုင်ငံတော်အစိုးရအဆက်ဆက်က အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားဇာတ်ရုံ၊ အမျိုးသားမော်ကွန်းတိုက် စသည်ဖြင့် သတ်မှတ်ထားရှိခဲ့ကြပြီး အမျိုးသားအနုပညာပြတိုက် ဖြစ်ပေါ်လာရေးအတွက်လည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ပြတိုက်လှုပ်ရှားမှုပန်းချီပြပွဲ(၂) ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပန်းချီပညာရှင်များကိုယ်စား ပန်းချီဆရာ ဦးတင်မောင်လွင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အမျိုးသားပြတိုက်(ရန်ကုန်)သို့ ပန်းချီဆရာ ကျိုက်လတ်ဝင်းမောင်မှလှူဒါန်းသော ပန်းချီကားကို ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ပန်းချီဆရာကြီး ဦးအမ်တင်အေး(ကွယ်လွန်) ရေးဆွဲခဲ့သည့် ရေဆေးပန်းချီကား သုံးကားကိုလည်း ပိုင်ရှင်မိသားစုက ပေးအပ်လှူဒါန်းရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲ(၂)ကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ပြတိုက်ရုံးချိန်အတိုင်း နေ့စဉ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပန်းချီချစ်မြတ်နိုးသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ၂၃ ရက် နေ့လယ်ပိုင်းတွင် ပန်းချီပြပွဲ၌ပါဝင်ကြသည့် ပန်းချီဆရာများ ရေးဆွဲထားသော ရှစ်လက်မ×ခြောက်လက်မအရွယ် ပန်းချီကားငယ်များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲ(၂) ဖွင့်ပွဲ ကျင်းပနေစဉ်။

# မန္တလေးမြို့၌ (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

(၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် ရွှေပြည်သာဟိုတယ်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကျင်းပရေးကော်မတီ နာယကချင်းလူမှုရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝမ်လျန်းထမ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒုရဲမှူးဟိုင်းဇာအုပ်က (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေးကော်မတီ နာယကတစ်ဦးက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှ ဂုဏ်ထူးရှင် တိုင်းရင်းသားလူငယ်များ၊ တက္ကသိုလ်များမှ ဒေါက်တာဘွဲ့၊ မဟာဘွဲ့ရရှိကြသူများ၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် အခမ်းအနားတွင် ချင်းရိုးရာနှင့် ခေတ်ပေါ်တေးသီချင်းများ၊ ချင်းရိုးရာ ဝတ်စားဆင်ယင်မှုများ ပြသခြင်း စသည့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆက်လက် ဖျော်ဖြေတင်ဆက်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ချင်းလူမှုရေးအသင်း၊ ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-မန္တလေး)၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်နှင့် အဖွဲ့ဝင် တိုင်းရင်းသားလူမျိုးစုအသီးသီးမှ ကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားထားသူများနှင့် ချင်းတိုင်းရင်းသားများတက်ရောက်ခဲ့ကြသည်။

**အောင်ဖြိုးကျော်**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မုံရွာခရိုင်အတွင်း စာစစ်ဌာန ၃၁ ခု ဖွင့်လှစ်ကျင်းပသွားမည်

**မုံရွာ ဖေဖော်ဝါရီ ၂၁**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးခု၌ စာစစ်ဌာန ၃၁ ခုဖြင့် ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်ကြောင်း ခရိုင်အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇံအောင်က ပြောသည်။

အဆိုပါစာမေးပွဲတွင် ခရိုင်အတွင်းရှိ မြို့နယ်အတွင်း စာစစ်ဌာန ၁၅ ခုဖြင့် လည်းကောင်း၊ ဘုတလင်မြို့နယ်တွင် စာစစ်ဌာနခြောက်ခုဖြင့်လည်းကောင်း၊ ချောင်းဦးမြို့နယ်အတွင်း စာစစ်ဌာနနှစ်ခုဖြင့် လည်းကောင်း၊ အရာတော်မြို့နယ်အတွင်း စာစစ်ဌာနရှစ်ခုဖြင့် လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် ကျောင်းသားကျောင်းသူ ၁၇၄၁၆ ဦးတို့ စာရင်းပေးသွင်းထားကြောင်း ခရိုင်အခြေခံပညာဦးစီးဌာနရုံး၏ မှတ်တမ်းများအရ သိရသည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စာစစ်ဌာနလေးခုထပ်မံတိုးမြှင့်ခဲ့ရာ စာစစ်ဌာန ၃၁ ခုအထိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် စာစစ်ဌာန ၂၇ ခုဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဝင်ငွေနည်းမိသားစုများအတွက် အရင်းအနှီးများရရှိစေရေး လုပ်ငန်းလိုင်စင်ရရှိထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေပြည်တော် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် နေပြည်တော်အတွင်းရှိ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လိုင်စင်ရ ငွေရေးကြေးရေးအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးကြစဉ်။

ရှေးဦးစွာ နေပြည်တော် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးဝင်းက နေပြည်တော်တွင် လုပ်ငန်းလိုင်စင်ရရှိထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်သည့် NGO လေးဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၁ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၁၇ ဖွဲ့ စုစုပေါင်း ၃၂ ဖွဲ့တို့မှ အသေးစား ချေးငွေလုပ်ငန်းဆောင်ရွက်ရာတွင် အာမခံပစ္စည်းရယူခြင်းမပြုဘဲ ငွေချေးခြင်းသာဖြစ်၍ အထူးအလေးထားဆောင်ရွက်ရန်လိုအပ်ပြီး အသေးစားချေးငွေမရှိသေးသော ကျေးရွာများသို့ရောက်ရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ အသေးစားချေးငွေသည် ဝင်ငွေနည်းမိသားစုများအား အရင်းအနှီးများရရှိစေပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူဖြစ်စေသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလမှစတင်၍ ငွေစာရင်းများကို ပုံစံအသစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ အကြံပြုလိုသည်များရှိပါက အကြံပြုပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာကြသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက မိမိတို့ဒေသအလိုက် ချေးငွေလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ အခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**ခရိုင် (မြန်/ဆက်)**

# စဉ့်ကူးမြို့၌ ၂၀၁၉ တိုးမြှင့်ပင်စင်လစာများ စတင်ထုတ်ပေး



စဉ့်ကူးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများ ထုတ်ပေးနေစဉ်။

**စဉ့်ကူး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ ၂၀၁၉ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတိုးမြှင့်ပင်စင်လစာများ ထုတ်ပေးရန် ယခုလတွင် သက်ဆိုင်ရာဌာနမှ စာရင်းဇယားပြည့်စုံစွာ ရောက်ရှိနေပြီဖြစ်၍ စဉ့်ကူးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ဖေဖော်ဝါရီ ၂၁ ရက်က စတင်ထုတ်ပေးနေပြီသည်။

"ကျွန်မတို့ဘဏ်မှာ မြို့ပြပင်စင်၊ ကာကွယ်ရေးပင်စင်၊ နိုင်ငံရေးပင်စင်ဆိုပြီး ပင်စင်စားဦးရေ ၉၃၅ ဦး ရှိပါတယ်။ အဲ့ဒီထဲကမှ အရင်လက စာရင်းရောက်ရှိလာတဲ့ မြို့ပြပင်စင် ၂၇ ဦး၊ နိုင်ငံရေးပင်စင်တစ်ဦးနဲ့ ကာကွယ်ရေးပင်စင် နှစ်ဦး စုစုပေါင်း ၃၀သာ ထုတ်ပေးနိုင်ခဲ့ပါတယ်။ အခုလမှာတော့ ထပ်မံရောက်ရှိလာတဲ့ မြို့ပြပင်စင် ၄၆၅ ဦး၊ နိုင်ငံရေးပင်စင် ၁၂၅ ဦးနှင့် ကာကွယ်ရေး ပင်စင် ၁၃ ဦး စုစုပေါင်း ၆၀၃ ဦးကို ထုတ်ပေးသွားမှာဖြစ်ပါတယ်။ နောက်ရက်တွေမှာလည်း ကျန်ရှိနေလို့ ရောက်ရှိလာတဲ့ တိုးမြှင့်ပင်စင်လစာတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်ခင်မာဝင်းက ပြောသည်။

**မင်းဇော်ဦး (မြန်/ဆက်)**

# မင်းလှမြို့နယ် ဂျင်ရဲမြောင်ကျေးရွာ၌ လျှပ်စစ်ဓာတ်အား ၂၄ နာရီ သုံးစွဲနိုင်တော့မည်

**မင်းလှ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဂျင်ရဲမြောင်ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ အိမ်ခြေ ၁၆၈ အိမ်မှာ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ အသုံးပြုနိုင်တော့မည် ဖြစ်သည်။

အဆိုပါ မီးလင်းရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ ငွေကျပ် သိန်း ၁၁၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၀၂ ဒသမ ၇ သိန်း တို့ဖြင့် ၃၃ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၃၃ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းကြိုးသွယ်တန်းခြင်း ပေ ၂၃၅၀၊ ၄၀၀ ဗို့အား ရွာတွင်း လိုင်းကြိုးသွယ်တန်းခြင်း ပေ ၃၆၅၀ လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ ယင်းကျေးရွာတွင် လျှပ်စစ်ဓာတ်အားကိုအချိန်ပြည့်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောသည်။

**ငြိမ်းသူ (စလင်း)**



ဂျင်ရဲမြောင်ကျေးရွာသို့ ဓာတ်အားပို့လွှတ်ပေးမည့် ထရန်စဖော်မာကို တွေ့ရစဉ်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၈၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၅ ကျပ် | ၉၁၅/၉၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၂၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၇၃၀ ကျပ် | ၇၅၅/၇၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၅/၈၂၀ ကျပ် | ၈၅၅/၈၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၆ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၀ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၁ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၀ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၇ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၅၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၉၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၀၄၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# လီဗာပူးရဲ့ ချန်ပီယံအိပ်မက်ကို မေးခွန်းထုတ်မယ့် မန်ယူ

▌ဝေမိုးဆက်



### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| အဂူရို | မန်စီးတီး | ၁၇ |
| ဆာလတ် | လီဗာပူး | ၁၇ |
| အူဘာမီယန် | အာဆင်နယ် | ၁၅ |
| ဟယ်ရီကိန်း | စပါး | ၁၄ |
| ဟာဇက် | ချယ်လ်ဆီး | ၁၂ |

ပရီမီယာလိဂ်ပွဲစဉ် ၂၇ မှာ ကာရာဘောင်ဖလားဗိုလ်လုပွဲကြောင့် မန်စီးတီး၊ ချယ်လ်ဆီးတို့ရဲပွဲတွေကို ကျင်းပမှာမဟုတ်ပါဘူး။ အဆိုပါနှစ်ပွဲအနက်က မန်စီးတီးရဲပွဲကိုတော့ ကြိုကစားခဲ့ပြီး မန်စီးတီးက အဲဗာတန်ကိုအနိုင်ရခဲ့လို့ လက်ရှိ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရှိနေပါတယ်။ ဒါကြောင့် လီဗာပူးအနေနဲ့ ဒီပွဲစဉ်မှာမန်ယူကို အနိုင်ယူနိုင်ပါမှ ထိပ်ဆုံးပြန်ရောက်မှာဖြစ်လို့ဘယ်လိုဖြစ်လာမလဲ စောင့်ကြည့်ရမယ်။

### ကာဒစ်ဖ် Vs ဝက်ဖို့ဒ်

ပထမအကျော့ရလဒ် - ဝက်ဖို့ဒ် ၃-၂ ကာဒစ်ဖ်

တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ ကာဒစ်ဖ်ရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်မှုအပြည့်ရှိပါတယ်။ အက်ဖ်အေဖလားပွဲမကစားခဲ့ရတာကြောင့်လည်း နားရက်ပြည့်ပြည့်ဝဝရရှိထားလို့ ဒီပွဲမှာ ခြေကုန်ထုတ်လာနိုင်မှာ သေချာတဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေတယ်။ ဝက်ဖို့ဒ်ကတော့ ဒီနောက်ပိုင်းမှာ ဂိုးသွင်းအားကျဆင်းလာပါတယ်။ အိမ်ရှင်ကာဒစ်ဖ်ကိုပဲ နှစ်သက်တယ်။

### ဘန်လေ Vs စပါး

ပထမအကျော့ရလဒ် - စပါး ၁-၀ ဘန်လေ

အခုနောက်ပိုင်းမှာစပါးစ်ခြေစွမ်း ပြန်လည်တည်ငြိမ်လာတယ်။ တိုက်စစ်ကလည်း ထက်မြက်လာတယ်။ ဒါပေမယ့် ဒီပွဲအပြီးမှာ ပရီမီယာလိဂ်ကြားရက်အဖြစ် ချယ်လ်ဆီးနဲ့ရင်ဆိုင်ရမှာဖြစ်လို့ ဒီပွဲမှာ ခြေကုန်ထုတ်ဖို့ခက်မယ်။ ဘန်လေက အခုနောက်ပိုင်း တံ့ပြန်ကစားအားကောင်းနေလို့ ဒီပွဲမှာတော့စပါးတို့ ဂိုးပြတ်နိုင်ပွဲရဖို့ မလွယ်ဘူး။ စပါးဂိုးပြတ်နိုင်ဖို့ခက်မယ်။

### မန်ယူ Vs လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၃-၁ မန်ယူ

အခုနောက်ပိုင်းမှာ လီဗာပူးခြေစွမ်းအနည်းငယ်ကျဆင်းလာတာကိုတွေ့ရပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာဆိုရင် လီဗာပူးရဲ့တိုက်စစ်ပိုင်းက ဂိုးသွင်းအား ကျဆင်းတတ်တယ်။ မန်ယူကတော့ ခြေစွမ်းပိုင်းကောင်းမွန်တယ်။ မာတီရယ်၊ လင်ဂတ်တို့ပါဝင်နိုင်ဖို့မသေချာပေမယ့်လည်း ပေါ့ဂ်ဘာ၊ မာတာ၊ ရက်ရှ်ဖို့ဒ်တို့ရှိနေတဲ့မန်ယူအနိမ့်ဆုံး သရေရမယ်။

### အာဆင်နယ် Vs ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၃-၂ အာဆင်နယ်

အာဆင်နယ်က ဒီပွဲစဉ်မှာ မန်ယူတို့လီဗာပူးနဲ့ ပွဲကျပ်ကြုံနေချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါပေမယ့် ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိလာနိုင်တယ်။ ဆောက်သမ်တန်အနေနဲ့လည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးတာကြောင့် အာဆင်နယ်တို့ အနိုင်ရရင်တောင် ဂိုးမပြတ်ဘူး။

### ကာဆယ် Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၀-၁ ကာဆယ်

အခုနောက်ပိုင်းမှာ ကာဆယ်ခြေစွမ်းပိုင်း ကောင်းမွန်လာတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ တိုက်စစ်ပိုင်း အားနည်းပေမယ့်ခံစစ်ပိုင်းကကစားပုံကျစ်လျစ်မှုရှိတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ရှုန်းအားကောင်းမွန်မှုရှိတယ်။ ဟက်ဒါဖီးလ်ကတော့ခြေစွမ်းမငြိမ်ဘူး။ ကာဆယ်နိုင်ပွဲရမယ်။

### လက်စတာ Vs ပဲလေ့စ်

ပထမအကျော့ရလဒ် - ပဲလေ့စ် ၁-၀ လက်စတာ

လက်စတာရဲ့လက်ရှိအခြေအနေက ခံစစ်ပိုင်းကစားပုံတိုးတက်လာပေမယ့်ထိုးစစ်ပိုင်းက အားနည်းမှုတွေရှိနေပြန်ပါတယ်။ ဒီပွဲမှာလည်း လက်စတာတို့ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် ပဲလေ့စ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်နေပြီး ထိုးစစ်ပိုင်းထက်မြက်မှုရှိနေပါတယ်။ ဒါကြောင့်လည်း လက်စတာတို့ဒီပွဲမှာလည်း နိုင်ပွဲရဖို့ရုန်းကန်ရနိုင်တယ်။

### ဘုန်းမောက် Vs ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၂-၀ ဘုန်းမောက်

ဘုန်းမောက်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမငြိမ်ပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာဆိုရင် စွမ်းဆောင်ရည်ကောင်းမွန်တတ်တယ်။ အက်ဖ်အေဖလားပွဲမကစားခဲ့ရတာကြောင့်လည်း ဝုဖ် ထက်နားရက်ပိုရထားလို့ လန်းဆန်းမှုပိုပြည့်နိုင်တယ်။ ဝုဖ်ကတော့ အိမ်ကွင်းပွဲတွေမှာခြေစွမ်းကောင်းပေမယ့်အဝေးကွင်းဆို ခြေကျတတ်တယ်။ ဘုန်းမောက်အနိမ့်ဆုံးသရေပါ။

### ဝက်စ်ဟမ်း Vs ဖူလ်ဟမ်

ပထမအကျော့ရလဒ် - ဖူလ်ဟမ် ၀-၂ ဝက်စ်ဟမ်း

အခုနောက်ပိုင်း ဝက်စ်ဟမ်းရဲ့တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းလာပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ပြန်ပြီး တည်ငြိမ်လာတယ်။ အိမ်ကွင်းလည်းဖြစ်နေတယ်။ ဖူလ်ဟမ်ကတော့ တန်းမဆင်းရဖို့ရုန်းကန်နေပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်က တိုးတက်မလာသလို အဝေးကွင်းခြေစွမ်းပိုင်းလည်း ကျဆင်းတတ်ပါတယ်။ ဝက်စ်ဟမ်းပဲအနိုင်ရမယ်။

## လီဗာပူးအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ရန် အခွင့်အရေးရှိကြောင်း ခံစစ်မှူးဟောင်း လောရင်ဆန် သုံးသပ်

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းအနေဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းအား အိမ်ကွင်း အန်ဖီးလ်၌ ဂိုးမရှိ သရေကစားနိုင်ခဲ့ခြင်းသည် လီဗာပူးအသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်စေရန်အတွက် ကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်စေခဲ့သည်ဟု ယုံကြည်ကြောင်း လီဗာပူးအသင်းခံစစ်မှူးဟောင်း မတ်ခ် လောရင်ဆန်က ထုတ်ဖော်ပြောဆိုလိုက်သည်။



လီဗာပူးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲအဖြစ် မတ်လ ၁၄ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်း၏ အိမ်ကွင်း၌ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသက် ၆၁ နှစ်အရွယ်ရှိ အိုင်ယာလန်ကစားသမားဟောင်း လောရင်ဆန်က “ဘိုင်ယန်မြူးနစ်အသင်းဟာ အသင်းကောင်းတစ်သင်းအဖြစ် ရှိနေဆဲဖြစ်ပြီး သူတို့ဟာ စုစည်းမှုလည်း အလွန်ကောင်းမွန်တဲ့အသင်းပါ။ အန်ဖီးလ်ကွင်းမှာ ကစားခဲ့တုန်းက ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ အကောင်းဆုံး ကစားနိုင်ခဲ့သလို ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းပါးခဲ့ပါတယ်။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့အဝေးဂိုးရရှိအောင်တော့ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ဘူး။ ဒီအချက်က လီဗာပူးအသင်းအနေနဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ဖို့ အခွင့်အရေးကောင်းတစ်ခုဖြစ်လာနိုင်တယ်။ ဒုတိယအကျော့ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းက နိုင်ပွဲရရှိဖို့ တစ်ချိန်လုံးတိုက်စစ်ဆင်ကစားနေမယ်ဆိုရင် လီဗာပူးရဲ့ တန်ပြန်တိုက်စစ်ဟာ သူတို့အတွက် စိုးရိမ်ပူပန်စရာဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် ဒုတိယအကျော့ပွဲမှာ နှစ်သင်းစလုံးအတွက် အားသာချက် ကိုယ်စီရှိနေတယ်လို့ ပြောရမယ်။ လီဗာပူးရဲ့ တိုက်စစ်ဟာ ဘိုင်ယန်ကွင်းမှာ ဂိုးသွင်းနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒါကြောင့် ပထမအကျော့မှာ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်လာခဲ့ခြင်းဟာ လီဗာပူးအတွက် ဆိုးရွားတဲ့ရလဒ်လို့ ကျွန်တော် မယူဆဘူး။ ဘိုင်ယန်က အိမ်ကွင်းမှာ တိုက်စစ်ကို ပိုမိုဦးစားပေးကစားလာနိုင်တာမို့ ဒီအခြေအနေဟာ လီဗာပူးအတွက် တန်ပြန်တိုက်စစ်ကစားဖို့ သင့်တော်တဲ့အခြေအနေပါပဲ”ဟု သုံးသပ်ပြောဆိုခဲ့သည်။

ခံစစ်မှူးဟောင်း လောရင်ဆန်သည် ၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ လီဗာပူးအသင်းတွင် ပါဝင်ကစားခဲ့ကာ လီဗာပူးအသင်းနှင့်အတူ အင်္ဂလန် ပထမတန်း (ယခု ပရီမီယာလိဂ်) ချန်ပီယံ ဆု ငါးကြိမ်၊ လိဂ်ဖလား သုံးကြိမ်၊ ကွန်မြူနတီဒိုင်း နှစ်ကြိမ်၊ ဥရောပဖလား (ယခု ချန်ပီယံလိဂ်)နှင့် အက်ဖ်အေဖလားတို့ကို တစ်ကြိမ်စီ ရရှိခဲ့သူဖြစ်သည်။ **ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ် (၂၇)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၂-၂-၁၉** |
| ကာဒစ်ဖ် | - | ဝက်ဖို့ဒ် | နံနက် ၂း၁၅ |
| ဝက်စ်ဟမ်း | - | ဖူလ်ဟမ် | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၂၃-၂-၁၉** |
| ဘန်လေ | - | စပါး | ည ၇း၀၀ |
| ဘုန်းမောက် | - | ဝုဖ် | ည ၉း၃၀ |
| ကာဆယ် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| လက်စတာ | - | ပဲလေ့စ် | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂၄-၂-၁၉** |
| အာဆင်နယ် | - | ဆောက်သမ်တန် | ည ၈း၃၅ |
| မန်ယူ | - | လီဗာပူး | ည ၈း၃၅ |

## လာလီဂါပွဲစဉ် (၂၅)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၂-၂-၁၉** |
| အက်စ်ပန်ညို | - | ဝက်စ်ကာ | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၂၃-၂-၁၉** |
| ဂီတာဖေး | - | ဗယ်လီကာနို | ည ၆း၃၀ |
| ဆီဗီလာ | - | ဘာစီလိုနာ | ည ၉း၄၅ |
| အလာဗက်စ် | - | ဆယ်တာဗီဂို | နံနက် ၀၀း၀၀ |
| ဘီလ်ဘို | - | အီဘာ | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၂၄-၂-၁၉** |
| လီဂါနက်စ် | - | ဗလင်စီယာ | ည ၅း၃၀ |
| အက်သလက်တီကို | - | ဗီလာရီးရဲ | ည ၉း၄၅ |
| ဗယ်လာဒိုးလစ် | - | ဘက်တစ် | နံနက် ၀၀း၀၀ |
| လီဗန်တေး | - | ရီးရဲ | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **၂၅-၂-၁၉** |
| ဂျီရိုနာ | - | ဆိုစီဒက်စ် | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၅)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၂-၂-၁၉** |
| မီလန် | - | အမ်ပိုလီ | နံနက် ၂း၀၀ |
| **စနေနေ့** | | | **၂၃-၂-၁၉** |
| တိုရီနို | - | အတ္တလန္တာ | ည ၈း၃၀ |
| ဖရိုစီနုံနီ | - | ရိုးမား | နံနက် ၂း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂၄-၂-၁၉** |
| ဆမ့်ဒိုးရီးယား | - | ကယ်ဂလီယာရီ | ည ၆း၀၀ |
| ချီယေဗို | - | ဂျီနိုအာ | ည ၈း၃၀ |
| ဘိုလော့ဂ်နာ | - | ဂျူဗင်တပ်စ် | ည ၈း၃၀ |
| ဆက်ဆူအိုလို | - | SPAL | ည ၈း၃၀ |
| ပါးမား | - | နာပိုလီ | ည ၁၁း၃၀ |
| ဖီယိုရင်တီးနား | - | အင်တာ | နံနက် ၂း၀၀ |

## ပရီမီယာလိဂ်ပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၂၆-၂-၁၉** |
| ကာဒစ်ဖ် | - | အဲဗာတန် | နံနက် ၂း၁၅ |
| ဟက်ဒါဖီးလ် | - | ဝုဖ် | နံနက် ၂း၁၅ |
| လက်စတာ | - | ဘရိုက်တန် | နံနက် ၂း၁၅ |
| ကာဆယ် | - | ဘန်လေ | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၂၇-၂-၁၉** |
| အာဆင်နယ် | - | ဘုန်းမောက် | နံနက် ၂း၁၅ |
| ဆောက်သမ်တန် | - | ဖူလ်ဟမ် | နံနက် ၂း၁၅ |
| ပဲလေ့စ် | - | မန်ယူ | နံနက် ၂း၃၀ |
| ချယ်လ်ဆီး | - | စပါး | နံနက် ၂း၃၀ |
| လီဗာပူး | - | ဝက်ဖို့ဒ် | နံနက် ၂း၃၀ |
| မန်စီးတီး | - | ဝက်စ်ဟမ်း | နံနက် ၂း၃၀ |

## ဘွန်ဒက်လီဂါပွဲစဉ် (၂၃)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၂၂-၂-၁၉** |
| ဝါဒါဘရီမင် | - | စတုဂတ် | နံနက် ၂း၀၀ |
| **စနေနေ့** | | | **၂၃-၂-၁၉** |
| ဘိုင်ယန် | - | ဟာသာဘာလင် | ည ၉း၀၀ |
| ဂလာဘတ်ချ် | - | ဝုဖ်ဘတ် | ည ၉း၀၀ |
| ဖရိုင်းဘတ် | - | အော့စ်ဘတ် | ည ၉း၀၀ |
| မိန့်ဇ် | - | ရှော်ကေး | ည ၉း၀၀ |
| ဖော်ကျူနာ | - | နူရင်ဘတ် | နံနက် ၀၀း၀၀ |

# ဘယ်သွားမလဲ အိုက်ကာဒီ

အောင်က




အင်တာမီလန်တိုက်စစ်မှူး အိုက်ကာဒီဟာ မကြာသေးခင်က အင်တာမီလန်အသင်း ကပ္ပတိန်နေရာကနေ ဖယ်ရှားခြင်းခံလိုက်ရတယ်။ ၂၀၁၅ ခုနှစ်ကတည်းက အသင်းရဲ့ကပ္ပတိန်အဖြစ် ခန့်အပ်ခံထားရတဲ့ အိုက်ကာဒီအတွက်တော့ ဒါဟာ ရာထူးချလိုက်သလိုတောင် ခံစားကောင်း ခံစားရနိုင်တယ်။ ဒါကြောင့်လည်း နဂိုကတည်းက ထင်ကြေးတွေ ထွက်ပေါ်နေတဲ့ အိုက်ကာဒီရဲ့ အနာဂတ်ကအသင်းမှာ ဆက်လက်ရှိနေရေးက ပိုလို့တောင် မသေမချာဖြစ်လာတယ်လို့ဆိုရမယ်။

ဒါ့အပြင် အသင်းအတွက်အရေးပါတဲ့ ယူရိုပါလိဂ်လိုပွဲစဉ်မှာတောင် အသင်းအနေနဲ့ အိုက်ကာဒီကိုအသင်းမှာ ထည့်သွင်းအသုံးပြုဖို့ ချန်လှပ်ခဲ့တယ်။ အီတလီသတင်းစာတစ်စောင်ဖြစ်တဲ့ Fede-Nerazzurra မှာ အိုက်ကာဒီဟာ အသင်းရဲ့ လေ့ကျင့်ရေးကွင်းမှာသာ ရှိနေခဲ့ရတယ်လို့ရေးသားထားခဲ့ပါတယ်။ ဒါကြောင့်လည်း အသင်းနဲ့ ဆက်ဆံရေးမှာ အဖုအထစ်တွေဖြစ်လာခဲ့တဲ့ အိုက်ကာဒီဟာ အသင်းကနေ ထွက်ခွာရေးကတော့ လာမယ့်နွေရာသီမှာ ဖြစ်လာနိုင်ဖွယ်ရှိနေတယ်လို့ ဆိုရမယ်။ ဒါကြောင့် အိုက်ကာဒီအနေနဲ့ လာမယ့်နွေရာသီမှာ ဘယ်ကိုသွားမလဲဆိုတာက လူတိုင်းသိချင်နေတဲ့အရာလို့ ပြောရမှာပါ။ အိုက်ကာဒီ ဘယ်ကိုသွားမလဲ။

> **အသင်းအတွက်အရေးပါတဲ့ ယူရိုပါလိဂ်လိုပွဲစဉ်မှာတောင် အသင်းအနေနဲ့ အိုက်ကာဒီကိုအသင်းမှာ ထည့်သွင်းအသုံးပြုဖို့ ချန်လှပ်ခဲ့တယ်။ အီတလီသတင်းစာတစ်စောင်ဖြစ်တဲ့ Fede Nerazzurra မှာ အိုက်ကာဒီဟာ အသင်းရဲ့လေ့ကျင့်ရေးကွင်းမှာသာ ရှိနေခဲ့ရတယ်လို့ ရေးသားထားခဲ့ပါတယ်။ ဒါကြောင့်လည်း အသင်းနဲ့ ဆက်ဆံရေးမှာ အဖုအထစ်တွေဖြစ်လာခဲ့တဲ့ အိုက်ကာဒီဟာ အသင်းကနေ ထွက်ခွာရေးကတော့ လာမယ့်နွေရာသီမှာ ဖြစ်လာနိုင်ဖွယ်ရှိနေတယ်လို့ ဆိုရမယ်။**

## စိတ်ကူး

### ဘာစီလိုနာ

ဘာစီလိုနာ အသင်းနည်းပြ ဗယ်လ်ဗာဒီဟာ အသင်းအတွက် ဗဟိုတိုက်စစ်မှူးတစ်ဦးကို ခေါ်ယူချင်တဲ့ဆန္ဒရှိနေခဲ့တယ်ဆိုတာကိုတော့ ကွယ်ဝှက်မထားဘဲ ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်ကဆိုရင်လည်း ပရင့်ဘိုတန်ကို ခေါ်ယူခဲ့မှုနဲ့ပတ်သက်ပြီး လူတိုင်းက အံ့သြတကြီးဖြစ်ခဲ့ရပါသေးတယ်။ ဒါကိုကြည့်တာနဲ့ ဘာစီလိုနာအသင်းဟာ လူတိုင်းက မထင်မှတ်တဲ့ အရာတွေကို လုပ်ဆောင်တတ်လေ့ရှိတယ်လို့ပြောရမှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဘာစီလိုနာရဲ့ ဗဟိုတိုက်စစ်မှူး ဆွာရက်ဇ်ကလည်း သက်ကြီးပိုင်းရောက်လာပြီဖြစ်တာကြောင့် သူ့ရဲ့နေရာမှာအစားထိုးနိုင်ဖို့အတွက် ဘာစီလိုနာက လူငယ်တိုက်စစ်မှူးသစ်ရှာဖွေနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်က ဘာစီလိုနာရဲ့နာမည်ကြီး လာမာဆီယာ အကယ်ဒမီကျောင်းထွက် အိုက်ကာဒီရဲ့ အနာဂတ်လားရာဟာ ဘာစီလိုနာအသင်းမှာ ရှိနိုင်တယ်လို့ သတင်းတွေထွက်ပေါ်နေတာလည်း ဖြစ်ပါတယ်။ အိုက်ကာဒီအတွက်ကလည်း ဘာစီလိုနာမှာ သူ့အတွက် မပြီးပြတ်တဲ့ ဇာတ်လမ်းတစ်ပုဒ်ဆက်ဖို့ရှိနေသေးတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

### ရီးရဲမက်ဒရစ်

အပြောင်းအရွှေ့ ဈေးကွက်တိုင်းမှာတော့ အိုက်ကာဒီဟာ ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့ရှိနေတယ်လို့ သတင်းတွေထွက်ပေါ်နေခဲ့တဲ့သူဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ တိုက်စစ်မှူး ရော်နယ်ဒိုထွက်ခွာသွားကတည်းက ထိပ်တန်းတိုက်စစ်မှူးတစ်ဦးခေါ်ယူဖို့ လိုအပ်နေခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ကလည်း နေမာကို အဓိကခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့သလို ချယ်လ်ဆီးကစားသမားဟာဇက်ကိုလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် အိုက်ကာဒီကို ခေါ်ယူရေးကလည်း အလွန်ကို အရေးကြီးတဲ့ပုံတော့ မပေါ်တော့ဘူးလို့ ပြောနိုင်ပါတယ်။

ဒါ့အပြင် လက်ရှိအချိန်မှာကလည်း ဘင်ဇီမာကအသင်းမှာ ခြေစွမ်းပြနေသလို ရီးရဲမက်ဒရစ်ဥက္ကဋ္ဌပီရက်ဇ်ကိုယ်တိုင်ကလည်း ဘင်ဇီမာဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်တယ်လို့ဆိုထားတာကြောင့် ဗဟိုတိုက်စစ်မှူးသစ်တစ်ဦးခေါ်ယူရေးကလည်း စဉ်းစားစရာကောင်းနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။

## ဖြစ်နိုင်ခြေ

### ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းရဲ့ ဒီနှစ်ရာသီကို ကြည့်မယ်ဆိုရင်တော့ ဗဟိုတိုက်စစ်မှူးကောင်းကောင်းလိုအပ်နေတယ်ဆိုတာကတော့ မြင်သာထင်သာရှိလှပါတယ်။ မိုရာတာ၊ ဂျရူးတို့ကလည်း ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းအတွက်တော့ အကောင်းဆုံးလို့ ပြောလို့မရဘူး။

ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်က ဟီဂွါရင်ကို အရခေါ်ယူထားနိုင်တယ်။ ဒါပေမယ့် ဟီဂွါရင်ရဲ့ အသက်ကလည်း ၃၁ နှစ်ရှိပြီဖြစ်တာကြောင့် ချယ်လ်ဆီးအသင်းအတွက်တော့ တာရှည်စွာ အသုံးပြုနိုင်ဖို့ဆိုတာက ခက်ခဲလွန်းတယ်။ ဒါကြောင့်လည်း မန်နေဂျာဆာရီအနေနဲ့ အသင်းရဲ့နံပါတ် ၉ နေရာအတွက်တော့ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦး ရှာဖို့ရှိနေတယ်လို့ပြောရမယ်။ အိုက်ကာဒီဟာ ဂိုးသွင်းခြေကောင်းလွန်းသလို အသက်ကလည်း ၂၅ နှစ်သာရှိနေသေးတာကြောင့် သူဟာ ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းပြဿနာကို ကောင်းကောင်းဖြေရှင်းပေးနိုင်ဖို့ ရှိလာနိုင်ပါတယ်။

### ဂျူဗင်တပ်စ်


ဂျူဗင်တပ်စ်အသင်းဟာ ပြီးခဲ့တဲ့ နွေရာသီကတည်းက အိုက်ကာဒီကိုခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်စ်အသင်းဟာ တိုက်စစ်မှူး ရော်နယ်ဒိုကို အရခေါ်ယူခဲ့ပါတယ်။ ဂျူဗင်တပ်စ်အသင်း အားကစားဒါရိုက်တာ ပါရာတီစီကလည်း ပြိုင်ဘက်အသင်းဖြစ်တဲ့ အင်တာတိုက်စစ်မှူး အိုက်ကာဒီကို ခေါ်ယူရေးဟာ အသင်းအတွက်တော့ အဓိက အရေးကြီးတဲ့အရာလို့ဆိုထားခဲ့ပါတယ်။

ဂျူဗင်တပ်စ်အသင်းအနေနဲ့ကလည်း အငှားချထားတဲ့ဟီဂွါရင်နဲ့ ဇာတ်လမ်းက ပြတ်ဖို့ရှိနေပြီဖြစ်တာကြောင့် အိုက်ကာဒီကိုအရခေါ်ယူဖို့သဘောတူညီမှုတွေရယူထားပြီလို့တောင် အီတလီအားကစားဂျာနယ်လစ်မာဂျီယိုက ဆိုထားခဲ့ပါသေးတယ်။

ဂျူဗင်တပ်စ်အသင်းနည်းပြ အယ်လီဂရီအနေနဲ့ကလည်း အိုက်ကာဒီကိုသာ ခေါ်ယူခဲ့မယ်ဆိုရင်တော့ ဗဟိုတိုက်စစ်နေရာမှာ အိုက်ကာဒီကိုထားပြီး ရော်နယ်ဒိုကိုတော့ နောက်ချန်တိုက်စစ်မှူးအဖြစ် ထားသုံးကောင်းသုံးနိုင်ပါတယ်။ ဒါကြောင့်လည်း အိုက်ကာဒီရဲ့ လားရာဟာ စီးရီးအေကလပ်ဂျူဗင်တပ်စ်အသင်းလည်း ဖြစ်နိုင်တယ်လို့ဆိုရတာ ဖြစ်ပါတယ်။ ။

---

## မန်စီးတီးအသင်း ချန်ပီယံလိဂ်ချန်ပီယံ ဖြစ်လာနိုင်ဟု ဖာဒီနန် မှတ်ချက်ပြု




ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်တို့ကဲ့သို့ အသင်းကြီးများသည် ပုံမှန်ခြေစွမ်းအောက်ရောက်ရှိနေခြင်းကြောင့် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်း ဖိုလ်စွဲနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း မန်ယူနှင့် အင်္ဂလန်ဗဟို ခံစစ်မှူးဟောင်း ရီယိုဖာဒီနန်က မှတ်ချက်ပြု ပြောဆိုလိုက်သည်။

မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၁ ရက်တွင် အဝေးကွင်း၌ ဂျာမနီကလပ် ရှော်လ်ကာအသင်းနှင့် ရင်ဆိုင်ကစားခဲ့ရာ ၂-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ရန် အလားအလာကောင်း ပိုင်ဆိုင်နေသည့်အသင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် (ယခင် ဥရောပချန်ပီယံဖလား) ပြိုင်ပွဲတွင် ဖိုလ်စွဲဖူးခြင်းမရှိသေးပေ။ ခံစစ်မှူးဟောင်း ဖာဒီနန်က "မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဖိုလ်စွဲဖို့ ရေပန်းစားတဲ့အသင်းတစ်သင်းဖြစ်တယ်လို့ အခုနှစ်ရာသီအစပိုင်းကတည်းက ကျွန်တော် ပြောခဲ့ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မန်စီးတီးကို ယှဉ်နိုင်လောက်တဲ့အသင်းမရှိဘူးလို့ ကျွန်တော်ယူဆတယ်။ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာတို့လို အခြားအသင်းကြီးတွေကို ကြည့်မယ်ဆိုရင် သူတို့ဟာ သူတို့ရဲ့ပုံမှန်ခြေစွမ်းမှာ မရှိပါဘူး။ အဲဒီအသင်းကြီးတွေက ကောင်းမွန်တဲ့ ခြေစွမ်းအဆင့်မှာ ရှိပေမယ့် အရင်တုန်းကလို အခြေအနေမျိုးမှာတော့ မရှိဘူး။ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေအတွက် ချန်ပီယံဖြစ်ဖို့ မျှော်လင့်ချက် အများအပြားရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော့်အမြင်အရတော့ မန်စီးတီးအသင်းဟာ ချန်ပီယံဖြစ်နိုင်တဲ့ အလားအလာအကောင်းဆုံးအသင်းပါ" ဟု ပြောဆိုခဲ့သည်။ မန်စီးတီးအသင်းသည် လာမည့် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဝင်ဘလေကွင်း၌ ချယ်လ်ဆီးအသင်းနှင့် Carabao Cup ဖိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲအဖြစ် မတ်လ ၁၃ ရက်တွင် ရှော်ကေးအသင်းအား အိမ်ကွင်း၌ ပြန်လည်လက်ခံကစားရမည်ဖြစ်သည်။

**ထက်အောင်**

## ချယ်လ်ဆီးမန်နေဂျာရာထူးအတွက် အာဆင်ဝင်းဂါး အသင့်တော်ဆုံးဟု ဒေးဗစ်ဆီးမန်း ပြောဆို

အာဆင်နယ်အသင်း မန်နေဂျာဟောင်း အာစင်ဝင်းဂါးသည် ချယ်လ်ဆီးအသင်းမန်နေဂျာ ဆာရီ၏ နေရာတွင် အစားထိုးရန် အသင့်တော်ဆုံးမန်နေဂျာဖြစ်ကြောင်း အာဆင်နယ်ဂိုးသမားဟောင်း ဒေးဗစ်ဆီးမန်းက မှတ်ချက်ပြုပြောဆိုလိုက်သည်။

ပြင်သစ်လူမျိုး မန်နေဂျာ အာစင်ဝင်းဂါး (၆၉ နှစ်) သည် ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီအကုန်တွင် အာဆင်နယ်အသင်း မန်နေဂျာရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။ ၎င်းသည် ၁၉၉၆ ခု နှစ်မှစတင်ကာ အာဆင်နယ်အသင်းကို တာဝန်ယူခဲ့သူဖြစ်ပြီး အာဆင်နယ် အသင်းအား ပရီမီယာလိဂ် ချန်ပီယံဆုဖလား သုံးကြိမ်၊ အက်ဖ်အေချန်ပီယံဖလား ခုနစ်ကြိမ်နှင့် ကွန်မြူနတီဒိုင်း ခုနစ်ကြိမ် ရရှိစေရန် ဦးဆောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် မန်ယူအသင်းအား အရေးနိမ့်ခဲ့ရပြီးနောက် ချယ်လ်ဆီးအသင်း တာဝန်ရှိသူများသည် မန်နေဂျာ ဆာရီအား ထုတ်ပယ်ကာ မန်နေဂျာအပြောင်းအလဲ ပြုလုပ်နိုင်ဖွယ်ရှိကြောင်း ထင်ကြေးပေးသတင်းများ ထွက်ပေါ်လာခဲ့သည်။ ချယ်လ်ဆီးအသင်းမန်နေဂျာရာထူးအတွက် အာစင်ဝင်းဂါးအပြင် ဇီဒန်းနှင့် ဖရန့်လမ်းပတ်တို့လည်း ရေပန်းစားလျက်ရှိသည်။

နာမည်ကျော် အင်္ဂလန်ဂိုးသမားဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်ဆီးမန်းက "အာဆင်ဝင်းဂါးဟာ အာဆင်နယ်အသင်းကို ချစ်ခင်တာကြောင့် သူဟာ ပရီမီယာလိဂ်ကို ဘယ်တော့မှ ပြန်လာမှာမဟုတ်ဘူးလို့ အာဆင်နယ်အသင်းက အမြဲတမ်း ပြောဆိုနေခဲ့ပါတယ်။ ဒါပေမယ့် အရာရာကို အချိန်က ကုစားပေးသွားမှာပါ။ အာစင်ဝင်းဂါးအနေနဲ့ ပရီမီယာလိဂ်ကိုပြန်လာပြီး လူအချို့ရဲ့သူ့အပေါ် ထင်မြင်ယူဆချက်တွေ မှားယွင်းကြောင်း သက်သေပြဖို့ စဉ်းစားသင့်ပါတယ်။ ကျွန်တော့်အမြင်အရ အာစင်ဝင်းဂါးဟာ အာဆင်နယ် မန်နေဂျာဘဝ နောက်ပိုင်းနှစ်တွေမှာ သူနဲ့ မထိုက်တန်တဲ့ ဝေဖန်မှုတွေ ခံခဲ့ရတယ်လို့ ထင်ပါတယ်။ လာမယ့် သုံးပွဲရလဒ်အပေါ်မူတည်ပြီး ချယ်လ်ဆီးအသင်းမန်နေဂျာရာထူး အပြောင်းအလဲဖြစ်နိုင်တယ်။ အာစင်ဝင်းဂါးဟာ နေရာတိုင်းမှာ အကောင်းဆုံး လုပ်ပြနိုင်သူပါ။ မန်နေဂျာလောကကို အာစင်ဝင်းဂါး ပြန်လာတာကို ကျွန်တော်မြင်ချင်ပါတယ်"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

# မြန်မာကာယဗလခရီး အရှေ့တောင်အာရှ၊ အာရှမှသည် ကမ္ဘာသို့

ကျော်သန်း

**(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ၂၀၁၉ ခုနှစ် မေ ၁၆ ရက်မှ ၂၁ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ အစိကအားပေးပံ့ပိုးမှုများကို ရယူ၍ ပြိုင်ပွဲကို နိုင်ငံတော်အဆင့် ခမ်းနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**




**ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် (၅၁)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများကို တွေ့ရစဉ်။**

မြန်မာ့ကာယဗလသမိုင်းကြောင်းကို မျှော်မှန်းကြည့်မည်ဆိုပါက ကာယဗလ ဦးရိုန်၊ ဦးဇော်ဝိတ်တို့ကစ၍ ကာယဗလ မောင်ဘွဲ့များ ရရှိခဲ့ကြသည့် ဦးမောင်မောင်၊ ဦးမောင်မောင်လွင်၊ ဦးခင်မောင်၊ ဂျင်မီဘသန်း၊ ဦးအိန်ဆိုင်၊ ဦးစိန်မောင် စသည့်တို့သို့ မောင်ဗမာများ ပေါ်ပေါက်ထွန်းကားခဲ့သကဲ့သို့ အမည်ကျော်ကြားလှသည့် မယ်ဗမာ မစိန်အေး၊ ခင်မြင့်မြင့်၊ ဒေါ်လီချို၊ ခင်စန်းကြွယ်၊ ဖြူဖြူရှိန်၊ နီနီရှိန်၊ မမြသွေး၊ နုနုရီ၊ အိုလံပစ်မယ် ဝါဝါရှိန်၊ မီနီပု၊ ပြည်ထောင်စုမယ် ခင်သန်းနု စသည့် မြန်မာ့ကာယအလှမယ်များ၏ တစ်ချိန်က အောင်မြင်မှုများက မြန်မာ့ကာယဗလနှင့် ကာယအလှသမိုင်းတွင် အရှိန်အဝါနှင့် ဂုဏ်သတင်း ကြီးမားစေခဲ့ပါသည်။ မြန်မာ့ကာယဗလ အားကစားသမိုင်းသည် ရှေးဦးပိုင်းကပင် ထူးချွန်မှုများဖြင့် စတင်ခဲ့သည်ကို တွေ့ရှိရသည်။

စစ်ကြိုခေတ် ၁၉၃၅ ခုနှစ်ကပင် ဦးဇော်ဝိတ်သည် မြန်မာတစ်ဦးအနေဖြင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် အာရှပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိကာ အောင်မြင်မှု အစပြုခဲ့ပြီး စစ်ပြီးခေတ်တွင်လည်း မောင်ဗမာပြိုင်ပွဲများ ကျင်းပခဲ့ရာ ၁၉၄၆ ခုနှစ်တွင် ဦးအိန်ဆိုင်က မောင်ဗမာ ရရှိခဲ့သည်။ ၁၉၄၈ ခုနှစ် အင်္ဂလန်နိုင်ငံ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပပြုလုပ်သည့် မောင်စကြဝဠာ (Mr.Universe) ပြိုင်ပွဲတွင် ဦးအိန်ဆိုင်က အဆင့်(၁၀) ရရှိပြီး ၁၉၅၂ ခုနှစ်တွင် ဦးသန်းထွန်းက အဆင့် (၆) ရရှိခဲ့သည်။ မောင်ကမ္ဘာ (Mr.World) ပြိုင်ပွဲတွင် ၁၉၅၅ ခုနှစ်တွင် ဦးထွန်းမောင်က ဒုတိယ၊ ၁၉၅၆ ခုနှစ်တွင် ဦးဘကွန်းက စတုတ္ထဆုများ ရရှိခဲ့ခြင်း၊ ၁၉၅၇ ခုနှစ် မလေးရှားနိုင်ငံ (မာဒေးကား)မောင်ပြိုင်ပွဲတွင် ဦးဘကွန်းက ပထမ၊ အီရန်တွင် ပြုလုပ်သည့် အာရှမောင် (Mr.Asia) တွင် တတိယဆုများ ရရှိခဲ့ခြင်းမှာလည်း နိုင်ငံတကာ ကာယဗလပြိုင်ပွဲများတွင် သမိုင်းအစ အောင်မြင်မှုမှတ်တမ်းများဖြစ်သည်။

### အရှေ့တောင်အာရှ အားကစားပွဲများမှာ ပါဝင်ယှဉ်ပြိုင်

၁၉၉၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကာယဗလအားကစားကို အရှေ့တောင်အာရှ၊ အာရှမှသည် ကမ္ဘာက လေးစားရသည့်အဆင့်သို့ တက်လှမ်းနိုင်ရေး ရည်မှန်း၍ ကြိုးပမ်းမှု စတင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ကာယဗလပြိုင်ပွဲများနှင့် ပတ်သက်၍ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEA Games)များတွင် ၁၉၇၇ ခုနှစ်က အင်ဒိုနီးရှား၌ သာအောင် (၇၀ ကီလိုတန်း) ဒုတိယရရှိခဲ့ပြီး ၁၉၉၁ ခုနှစ် ဖိလစ်ပိုင်တွင် စိုးသန်း(၈၀)ကီလို၊ စံစီအေး (၇၅) ကီလိုတို့က ပဉ္စမနှင့် ထွန်းလွင် (၆၅)ကီလိုက စတုတ္ထ အဆင့်ရရှိခဲ့ပြီး ၁၉၉၃ ခုနှစ် စင်ကာပူတွင် တင်တင်ကို (၆၅)ကီလိုသတ္တမ ရရှိခဲ့ပါသည်။

အဖွဲ့ချုပ်က ဆက်လက်ကြိုးပမ်းမှုများကြောင့် ၁၉၉၇ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်(၆၀) ကီလိုက ပထမရွှေတံဆိပ်ဆု၊ နိုင်ဝင်းအောင် (၅၅ ကီလို)၊ ထွန်းထွန်းအောင် (၆၀ ကီလို)နှင့် ခင်မောင်ထွေး(၇၁ ကီလို) တို့က ဒုတိယဆုများနှင့် ခိုင်လင်း (၈၅ ကီလို)က တတိယရရှိကာ ရွှေ တစ်၊ ငွေ သုံး၊ ကြေးတစ်ဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ SEA Games တွင် မြန်မာနိုင်ငံက ပထမဆုံး ရွှေတံဆိပ်ရရှိခဲ့ပြီး အောင်ပွဲဆင်နိုင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်က ပထမအကြိမ် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် စတင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံက ခိုင်လင်း(၈၀ ကီလိုတန်း)က ပထမ ရွှေတံဆိပ်၊ ထွန်းထွန်းအောင် (၆၀ ကီလိုတန်း)က ငွေတံဆိပ်နှင့် အောင်နိုင်(၇၀ ကီလိုတန်း)က ငွေတံဆိပ်အသီးသီး ရရှိခဲ့သည်။

၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ ဒုတိယအကြိမ် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ အောင်နိုင် (၆၀ ကီလိုတန်း) ရွှေတံဆိပ်၊ ထွန်းထွန်းအောင် (၆၅ ကီလို) ရွှေတံဆိပ်၊ ခင်မောင်ထွေး (၇၀ ကီလို)ငွေတံဆိပ်၊ ခိုင်လင်း (၈၀ ကီလို) ငွေတံဆိပ်နှင့် နိုင်ဝင်းအောင် (၆၀ ကီလို)ကြေးတံဆိပ် အသီးသီးရရှိပြီး ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် အောင်မြင်မှု ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာကာယဗလအသင်းက အသင်းလိုက် တံခွန်စိုက်ဆု ရရှိပြီး အရှေ့တောင်အာရှတွင် အိမ်ရှင်မြန်မာနိုင်ငံ၏ ကာယဗလသမိုင်းကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ယင်းနောက် ၁၉၉၉ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တတိယအကြိမ် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲကျင်းပပြုလုပ်ခဲ့ရာ မြန်မာက ရွှေနှစ်၊ ငွေသုံးနှင့် ကြေးတစ်ခု ရရှိခဲ့သည်။ စတုတ္ထအကြိမ် အရှေ့တောင်အာရှ ကာယဗလ တံခွန်စိုက်ပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံက ငွေသုံး၊ ကြေး တစ် ရရှိခဲ့ပြီး သတ္တမအကြိမ် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို ၂၀၀၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့ရာ မြန်မာအသင်းက ရွှေနှစ်ခု ရရှိသည်။ ပြိုင်ပွဲအကောင်းဆုံး ကာယဗလမောင်ဆုနှင့် Mr. Bali (2014) ဆုကို မင်းဇော်ဦးက ဆွတ်ခူးရရှိသဖြင့် မြန်မာအသင်းအတွက် အထူးအောင်မြင်မှုရရှိခဲ့သော ပြိုင်ပွဲဖြစ်သည်။

၂၀၀၉ ခုနှစ် (၉)ကြိမ်မြောက် တံခွန်ပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် ကျင်းပခဲ့ရာ ကြေးတစ်ခုသာရရှိပြီး (၁၀)ကြိမ်မြောက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ် စင်ကာပူနိုင်ငံတွင် ကျင်းပသည့်အခါ ရွှေနှစ်ဆုနှင့် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံက(၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ရာ ရွှေတံဆိပ်သုံးခု၊ ငွေနှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ရရှိအောင်မြင်ခဲ့သည်။

### အမျိုးသမီးများပါဝင်ရန် အခွင့်အလမ်းရရှိ

မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှအဆင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် အခွင့်အလမ်းရရှိခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ အမျိုးသမီးများ သီးသန့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Athletic Physique 165cm ပြိုင်ပွဲတွင် အေးအေးစိုးက ပထမရွှေတံဆိပ်နှင့် နန်းထက်ထက်လင်းက ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ် အသီးသီးရရှိ၍ ပထမဆုံး အမျိုးသမီးပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုဖြင့် စတင်လမ်းဖွင့်ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအသင်းက ရွှေတစ်၊ ကြေးသုံးဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ် (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲ ထိုင်းနိုင်ငံ ကိုရက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအသင်းက ရွှေ၊ ငွေ၊ ကြေး တစ်ခုစီဖြင့် လည်းကောင်း ရရှိအောင်မြင်ခဲ့သည်။

၂၀၁၈ ခုနှစ်(၁၅)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ စီယံရိမ်မြို့တွင် ကျင်းပခဲ့ရာ မြန်မာအသင်း ရွှေနှစ်၊ ငွေနှစ်ဖြင့် အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်သဖြင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားသမိုင်းတွင် မြန်မာ အားကစားသမားများ၏ ရှည်လျားသော အောင်မြင်မှုသမိုင်း မှတ်တိုင်များကို မှတ်တမ်းတင်ဂုဏ်ပြုရပါသည်။

အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲများတွင် မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုကို ကြည့်ပါက ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၌ ကျင်းပသည့်(၁၀)ကြိမ်မြောက် အာရှကာယဗလ တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုံး ရွှေတံဆိပ် ရယူနိုင်ခဲ့ပြီး ၁၉၉၆ ခုနှစ် အိန္ဒိယနိုင်ငံတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ရယူပေးနိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် စိုးမိုးအောင်က အငယ်တန်း (၇၀)ကီလိုတွင် ပထမရွှေတံဆိပ် ရရှိခဲ့သည်။

၂၀၀၂ ခုနှစ် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပပြုလုပ်သည့် (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံတော်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မင်းဇော်ဦးက (၇၅) ကီလိုတွင် တတိယဆုရရှိခဲ့သည်။ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများတွင် ၂၀၁၂ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၄၆)ကြိမ်မြောက်နှင့် ၂၀၁၃ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် (၄၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲမှ အေးအေးစိုးက တတိယကြေးတံဆိပ်ဆု အသီးသီးရရှိ ကျေနပ်ခဲ့ရသည်။

၂၀၁၄ ခုနှစ် တရုတ်/မက္ကာအိုတွင် ကျင်းပပြုလုပ်သည့် (၄၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲတွင် ထွန်းထွန်းမင်း (၆၀)ကီလိုက မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ကို ရယူပေးနိုင်ခဲ့ပြီး အေးအေးစိုးက အမျိုးသမီး Athletic Physique တွင် တတိယကြေးတံဆိပ် ရယူပေးခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ဥဇဘက်ကစ္စတန်နိုင်ငံ၌ ကျင်းပသည့် (၄၉)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး နန်းလောင်ခမ်းက Model Physique up to 160cm အတန်းတွင် ပထမရွှေတံဆိပ်ရရှိပြီး မြန်မာအမျိုးသမီးများအတွက် အာရှတွင် ပထမဆုံး ရွှေတံဆိပ် ရယူပေးသူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အမျိုးသားကာယဗလ ၆၀ ကီလိုတန်းတွင် ထွန်းမင်းက ငွေတံဆိပ်ရရှိ၍ ရွှေတစ်၊ ငွေတစ်ဖြင့် အောင်မြင်မှု ရရှိခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ဘူတန်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် အာရှကာယဗလအဖွဲ့ချုပ်(ABBF) ရွှေရတုပွဲ(၅၀)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာ အသင်းအတွက် ပထမဆုံးရွှေနှစ်ဆုရယူခဲ့သည်။

၂၀၁၇ ခုနှစ် ကိုရီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၅၁)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲတွင် ရွှေသုံး၊ ငွေတစ်ခုနှင့် အမျိုးသမီးနှစ်ဦးက တတိယကြေးတံဆိပ်နှစ်ခု ရယူခဲ့ပါသည်။

၂၀၁၈ ခုနှစ် အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၅၂)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆု ရရှိခဲ့သည်။ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်အနေဖြင့် အာရှအဆင့်၏ အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်း၍ ကမ္ဘာ့အဆင့်သို့ တက်လှမ်းရန် မျှော်မှန်းချက်အတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

### ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင်ပါဝင်

ကမ္ဘာ့အဆင့်ပြိုင်ပွဲနှင့် ပက်သက်၍ ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက် မှ ၂၆ ရက်အထိ (၅၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ မြန်မာက ငွေတံဆိပ်နှစ်ဆု၊ ကြေးတံဆိပ် တစ်ဆု ရရှိခဲ့သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၉ ရက်အထိ မွန်ဂိုလီးယားနိုင်ငံ၌ ကျင်းပသည့် (၉)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ အားကစားသမားနှစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားကာယဗလပြိုင်ပွဲ (၆၀)ကီလိုတန်းတွင် ထွန်းထွန်းအောင်က ပထမရွှေတံဆိပ်ရရှိပြီး (၆၅)ကီလိုတန်းတွင် ထွန်းမင်းက ဒုတိယငွေတံဆိပ်ရရှိခဲ့သည်။

မြန်မာနိုင်ငံအတွက် ပထမဆုံး ကမ္ဘာ့အဆင့် ရွှေတံဆိပ် ရယူပေးနိုင်ခဲ့ခြင်းဖြစ်၍ များစွာဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရသည့် ပြိုင်ပွဲတစ်ခု ဖြစ်ခဲ့ရသည်။ မြန်မာ့ကာယဗလအားကစားကို ကမ္ဘာက သိခဲ့ပါပြီ။ အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်သို့ ရည်မှန်းမျှော်ကြည့်ခဲ့ရသည့်အဆင့်မှ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို လက်ဝယ်ပိုင်ပိုင် ရရှိခဲ့သည့်အထိ တက်လှမ်းနိုင်ခဲ့ပြီး ဖြစ်သည်။ အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်ထိ အောင်မြင်မှုများရရှိရန် တက်ရောက်ယှဉ်ပြိုင် အနိုင်ယူနိုင်ခဲ့သည့် မြန်မာ့ကာယဗလ သူရဲကောင်း အမျိုးသား အမျိုးသမီးများကို အထူးချီးကျူး ဂုဏ်ပြုပါသည်။ ။

**"မြန်မာနိုင်ငံအတွက် ပထမဆုံး ကမ္ဘာ့အဆင့် ရွှေတံဆိပ် ရယူပေးနိုင်ခဲ့ခြင်းဖြစ်၍ များစွာ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ရသည့် ပြိုင်ပွဲတစ်ခု ဖြစ်ခဲ့ရသည်။ မြန်မာ့ကာယဗလ အားကစားကို ကမ္ဘာက သိခဲ့ပါပြီ။ အရှေ့တောင်အာရှမှသည် ကမ္ဘာ့အဆင့်သို့ ရည်မှန်းမျှော်ကြည့်ခဲ့ရသည့်အဆင့်မှ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို လက်ဝယ်ပိုင်ပိုင် ရရှိခဲ့သည့်အထိ တက်လှမ်းနိုင်ခဲ့ပြီးဖြစ်"**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ FAO ရုံးမှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ FAO ရုံးမှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် လက်ထောက်ညွှန်ကြားရေးမှူးချုပ် Ms. KundhaviKadiresan နှင့် မြန်မာနိုင်ငံဆိုင်ရာ FAO ကိုယ်စားလှယ် Ms. Xiaojie Fan ခေါင်းဆောင်သော တာဝန်ရှိသူများအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR-ရေဆင်း) သို့ ယမန်နေ့က လေ့လာရေးခရီး လာရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့အား စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သုတေသနရလဒ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် သုတေသနလုပ်ငန်းစဉ်များကို မှတ်တမ်းဗီဒီယိုနှင့်တကွ ရှင်းလင်းပြသသည်။ ဆက်လက်၍ FAO နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ အောင်မြင်ရေးအတွက် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုနိုင်မည့် အလားအလာကောင်းသီးနှံများဖြစ်သည့် ပိန်းဥနှင့် နံ့စားပြောင်းသီးနှံသုတေသနများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ ပျောက်ကွယ်လုနီးပါးဖြစ်ပြီး အသုံးပြုမှုနည်းပါးသော သီးနှံမျိုးကွဲများကို ထိန်းသိမ်းထားရှိရန်၊ FAO ၏ သီးနှံဇီဝမျိုးစုံမျိုးကွဲများနှင့် အာဟာရဓာတ်ပါဝင်မှုဆိုင်ရာ စီမံကိန်းနှင့် ဒရုန်းအသုံးပြု၍ သီးနှံဆိုင်ရာ မှတ်တမ်းအချက်အလက်များကောက်ယူခြင်း စီမံကိန်းတို့၌ ပူးပေါင်းဆောင်ရွက်ရန်တို့ကို အပြန်အလှန် ဆွေးနွေးကြသည်။



ဗန်ကောက် FAO ရုံးမှ တာဝန်ရှိသူများ စိုက်/သုဦးစီးဌာနသို့ လာရောက်လေ့လာစဉ်။

ထို့နောက် FAO၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှင့်တကွ မြန်မာနိုင်ငံဆိုင်ရာ FAO ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနကွင်း၌ သုတေသနစိုက်ခင်းများတွင် မောင်းသူမဲ့ လေယာဉ် (Drone) အသုံးပြုကာ အနီအောက်ရောင်ခြည်သုံး (NIR) ကင်မရာဖြင့် ဝေဟင်ဓာတ်ပုံများ ရိုက်ယူ၍ သီးနှံစိုက်ခင်းများ၏ ရှင်သန်ကြီးထွားမှု၊ စိုက်ခင်းအတွင်း အာဟာရဓာတ်နှင့် စိုက်ပျိုးရေလိုအပ်မှုနှင့် ရောဂါပိုးမွှားကျရောက်မှုအား သိရှိရန်အတွက် မှတ်တမ်းယူခြင်းကို လက်တွေ့ပျံသန်းသရုပ်ပြမှုများအား ကြည့်ရှုကြကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# မုံရွာမြို့နယ်တွင်ပထမအကြိမ် မြင်းအသားကျမောင်းနှင့် ဒုန်းမောင်းပြိုင်ပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရွှေဇလုပ်ရပ်ကွက် မိုယ်းကောင်းရှင်ပင်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် ပထမအကြိမ်အဖြစ် မြင်းအသားကျမောင်းနှင့် ဒုန်းမောင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ နှင့် ၂၁ ရက်တို့တွင် ကျင်းပလျက်ရှိသည်။

"ရှေးဘုရင်လက်ထက်ကတည်းက မြင်းခင်းသဘင်ပွဲတော်တွေ ကျင်းပပြီး ဆင်းသက်လာခဲ့တာ ဒီဘက်ခေတ်မှာဆိုရင် ပြိုင်ပွဲတွေအဖြစ် ကျင်းပလာတယ်။ အရင်က နိုင်ငံတော်အဆင့် မြင်းပြိုင်ပွဲတွေ ကျင်းပပေးတယ်။ နောက်ပိုင်းမှာတော့ မြင်းပြိုင်ပွဲတွေက ကွင်းအခက်အခဲ အကြောင်းအမျိုးမျိုးတွေကြောင့် ကျင်းပခြင်းမရှိတာ အတော်ကြာနေပြီ။ အခုအချိန်ကျမှ ဘုရားပွဲတော်တွေမှာ ထည့်သွင်းပြီး ကျင်းပလာတာဖြစ်တယ်။ မြင်းပြေးလမ်းကလည်း အရှည်ပေ ၁၂၀၀ ကနေ ၁၅၀၀ လောက်အထိ ဖောက်ပေးရတဲ့အတွက် ကွင်းအပိုင်တွေမရှိလို့ ပြိုင်ပွဲတွေမလုပ်နိုင်တော့ ဆုတ်ယုတ်သွားတာ အခုမှ ပြန်လည်ဖော်ထုတ်ကျင်းပတာပါ။ ရှေးရိုးရာမပျက်အောင်ရယ်၊ နောင်လာနောက်သားတွေ မြင်းပြိုင်ပွဲဆိုတာ ဒီလိုပါလားဆိုတာ သိရအောင်လို့ပါ။ မြင်းပြိုင်ပွဲတွေ အများအပြားပေါ်လာဖို့ကလည်း နိုင်ငံတော်ကပံ့ပိုးပြီးတော့ ပြိုင်ပွဲတွေပြန်လည် ကျင်းပပေးရင် မြင်းမျိုးကောင်းမျိုးသန့်တွေ ပေါ်ထွန်းလာမယ်။ မြင်းစီးသမားကောင်းတွေ ပေါ်ထွန်းလာပြီး နိုင်ငံတကာအဆင့်အထိ ထိုးဖောက်နိုင်မယ်လို့ ပြောချင်ပါတယ်" ဟု မြင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစံငြိမ်းက ပြောသည်။



မုံရွာမြို့နယ်၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သော မြင်းပြိုင်ပွဲကို တွေ့ရစဉ်။

မြင်းအသားကျပြိုင်ပွဲသို့ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင် မြင်းအကောင် ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် မြင်းဒုန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံ၌ ရောဂါဖြစ်ပွားမှု ၈၆၀ ခုဖြစ်ပွားခဲ့ပြီး သေဆုံးသည့် လူဦးရေ ၄၅၄ ဦးရှိခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံအသီးသီးတွင် ရာသီမရွေးဖြစ်ပွားနိုင်သဖြင့် မိမိနိုင်ငံရှိ ကြက်၊ ဘဲ၊ ငုံးခြံများတွင်လည်း ဇီဝလုံခြုံမှုစနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(ဃ) ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(င) အသား၊ ဥတို့ကိုသေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(စ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာမှ ကျေးလက်ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ခင်ရန်းကျေးရွာအုပ်စု တောင်ခင်ရန်းကျေးရွာ၌ အကောင်အထည်ဖော်နေသော ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားကာ စတင်အသုံးပြုနိုင်ပြီဖြစ်၍ ကျေးရွာရှိ တောင်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

တောင်ခင်ရန်းကျေးရွာ ကုန်ထုတ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၉ ဒသမ ၄၆၃၉ သန်းဖြင့် မြစ်သာဂန့်ဂေါကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းအလျား တစ်မိုင်၊ အကျယ် ၁၂ ပေတွင် ကျောက်ရောမြေခင်းခြင်းနှင့် အပေါ်မှ မြေနီကျောက်စရစ် ကိုးလက်မထုခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ယခု လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ဇေယျက ပြောသည်။

"တောင်ခင်ရန်းကျေးရွာဟာ ဂန့်ဂေါမြို့နယ်ရဲ့ဆီအိုးနဲ့ ဆန်အိုးဖြစ်ပါတယ်၊ ကုန်ထုတ်လမ်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာက တောင်သူဦးရေ ၂၈၀ ရဲ့လယ်ယာဧက ၉၃၀ ကျော်အတွက် အကျိုးပြုနိုင်မှာဖြစ်ပြီး လယ်ယာထွက်ကုန်တွေကိုလည်း ကုန်ကျစရိတ် သက်သာစွာ အလွယ်တကူ ထုတ်ယူသယ်ပို့နိုင်တော့မှာဖြစ်ပါတယ်" ဟု ဦးစီးမှူးက ဆက်ပြောသည်။

**သန်းလွင်(မကွေး)**

# ကလေးမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ကလေး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စံပြရွာ၊ စီးစံရွာနှင့် ဟံသာရွာတို့၌ အကောင်အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီကို ဖေဖော်ဝါရီ ၁၈ ရက်က ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

"ကျွန်တော်တို့ဌာနအနေနဲ့ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲလိုဆောင်ရွက်ခဲ့ရာမှာ ကလေးမြို့နယ်အတွင်းက အိမ်ခြေ ၉၉၇၀၊ အိမ်ထောင်စုပေါင်း ၉၁၉၅ စုကို ချေးငွေ ကျပ်သန်း ၁၀၅၀ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်" ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်မျိုးက ပြောသည်။

ကျေးလက်နေပြည်သူများ စီမံကိန်း ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးပွားလာသည်နှင့်အမျှ ဆင်းရဲမှုလျော့ကျလာမည်ဖြစ်ကြောင်း၊ ရန်ပုံငွေများ ရေရှည်တည်တံ့စွာဖြင့် စီမံကိန်းလည်ပတ်နိုင်ရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

**သျှင်နေမင်း (ဂန့်ဂေါ)**

# မှုခင်းအသိပညာပေး ဟောပြောပွဲများ ကျင်းပ

**နေပြည်တော်**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဟသ်ာကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ဖေဖော်ဝါရီ ၁၈ ရက်က မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်နှင့် တာဝန်ရှိသူတို့က မှုခင်းလျော့နည်းကျဆင်းရေး၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပေါ်စေရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ဒေသခံများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

**ဗဟန်း**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်းနှင့် တာဝန်ရှိသူများက မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့မရပ်ကွက် ဗဟန်း ၁ လမ်း ပအိုဝ်းမွေ့ရုံ၌ကျင်းပရာ မြို့မရပ်ကွက် အုပ်ချုပ်ရေး ဦးစိန်မြင့်နှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။ **ဗလစိုး**

**အုတ်တွင်း**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ ရထားရဲတပ်ဖွဲ့ အမှတ်(၁၁) တပ်ခွဲ၊ တပ်စု(၃)(ဖြူး)တပ်စုမှူး ရဲအုပ်စိုးလေး ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် ရထား/ကြိတ်တိုက်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ချပြရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# တက္ကသိုလ်ဘွဲ့ရများနှင့် အလုပ်အကိုင်ရရှိရေး

## ဒေါက်တာမျိုးကြွယ် (AUAA)

ပညာရေးနှင့် စီးပွားရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့ရာ ကျွန်တော် တက်ရောက်ဖြစ်ခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က ပညာရေးကဏ္ဍနှင့် လုပ်ငန်းခွင်ကဏ္ဍ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး(Schools Industry Partnership)ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆရာကြီး ဒေါက်တာအောင်ထွန်းသက်က တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သော ဘွဲ့ရများနှင့် အလုပ်အကိုင် ကိုက်ညီမှု၊ ပညာရေးကဏ္ဍနှင့် လုပ်ငန်းခွင်ကဏ္ဍ ချိတ်ဆက်နိုင်ရေး(Matching)တို့ကို ရှင်းလင်းပြောကြားသွားသည်။

ပြီးခဲ့သောလက ကျွန်တော်တို့၏ရုံးတွင် အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် ဥရောပနိုင်ငံများရှိ တက္ကသိုလ်အချို့ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းမှ မန်နေဂျာဖြစ်သူ အီတလီနိုင်ငံ ဘိုလော့နာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာအင်တိုနီယိုက "ပြောရမှာတော့ အားနာပါတယ်၊ မြန်မာနိုင်ငံ တက္ကသိုလ်များက မွေးထုတ်ပေးလိုက်သော ဘွဲ့ရများနဲ့ မြန်မာနိုင်ငံမှာ လိုအပ်နေသော အလုပ်အကိုင်များက မြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတယ်"ဟူ၍ သုံးသပ်ပြောကြားသွားသည်။

ကျွန်တော်တို့နိုင်ငံရှိ တက္ကသိုလ်များအတွက် နောင်အနာဂတ်စီမံကိန်းအနေဖြင့် နောင် ငါးနှစ်၊ ၁၀ နှစ်ထက်မပိုသည့် ကာလအတွင်း မည်သည့်အလုပ်အကိုင်များ၊ ဘွဲ့ရများ လိုအပ်နေပါသနည်း ဆိုသည်ကို ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ပေးရန် လိုအပ်လျက်ရှိပါသည်။

ဥပမာ - ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွေးနွေးသွားသည့် အချက်အရ အခြေခံပညာကဏ္ဍ၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း အစိုးရ/ပုဂ္ဂလိက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၇ သိန်းကျော်အတွက် နိုင်ငံတော်မှ ခန့်အပ်ထားသော ဆရာ ဆရာမ အရေအတွက် လေးသိန်းရှိပါသည်။ ကျောင်းသားနှင့် ဆရာအချိုးမှာ ကျောင်းသား ၂၄ ဦးလျှင် ဆရာ တစ်ဦးသာ ရှိသည်။ အချို့ကျေးလက်ဒေသများ၊ ပြည်နယ်များတွင်မူ ဆရာ ဆရာမ တစ်ဦးလျှင် ကျောင်းသား ၂၅ ဦးထက် ပိုပါလိမ့်ဦးမည်။

နိုင်ငံတော်အတွက်လိုအပ်သော မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာ ဆရာမ အလုပ်အကိုင်နေရာများအတွက် ပညာရေးတက္ကသိုလ်များမှ ဘွဲ့ရမွေးထုတ်ပေးနိုင်မှုမှာ ယူနက်စကို၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် စုစုပေါင်းဘွဲ့ရအားလုံး၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသာရှိနေချိန်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ၁၃ ရာခိုင်နှုန်း၊ မလေးရှားတွင် ၁၃ ရာခိုင်နှုန်း၊ ဂျပန်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ အမေရိကန်တွင် ၉ ဒသမ ၅ ရာခိုင်နှုန်း၊ နယ်သာလန်တွင် ၁၂ ဒသမ ၄ ရာခိုင်နှုန်း၊ ဩစတြေးလျားတွင် ၁၆ ရာခိုင်နှုန်း၊ ဗီယက်နမ်တွင် ၂၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် လာအိုတွင် ၂၅ ဒသမ ၂ ရာခိုင်နှုန်းအထိ ဘွဲ့ရများ မွေးထုတ်ပေးနေကြသည်ကို တွေ့ရသည်။ နောင် လေးနှစ်၊ ငါးနှစ် အပြီးတွင်တော့ ပညာရေးဒီဂရီကောလိပ်များမှ လေးနှစ်ပြီးသည့် ဘွဲ့ရများ ပေါ်ထွက်လာပါမည်။

အခြားနိုင်ငံများတွင် မူကြိုပညာရေးမှအစ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဘာသာရပ်သင် အထူးပြုများဖြင့် ပညာရေးဘွဲ့ကို ပေးသည်။ ရာထူးတိုးကိုလည်း ပြောင်းရွှေ့ခြင်းမပြုဘဲ မူလတန်းသင် ဆရာ ဆရာမသည် အလုပ်စဝင်သည်မှ အငြိမ်းစားယူသည်အထိ မူလတန်းတွင်သာ ရာထူးအဆင့်ဆင့်ပြောင်း၍ သင်ကြားလျက်ရှိကြသည်။ ပညာရေးတွင် ဆရာ ဆရာမများ ခန့်အပ်ရာ၌ နိုင်ငံအတွင်းရှိ အတော်ဆုံး ၅-၁၀ ရာခိုင်နှုန်းအတွင်းမှ ရွေးချယ်ခန့်အပ်ကာ လုပ်ခလစာကိုလည်း လောက်ငစွာ ပေးထားသည်။ ကျောင်းဆရာ ဆရာမ၏ လခသည် အခြား ရာထူးတူ

## GRADUATE EMPLOYMENT SURVEY

| Degree | Overall Employment Rate[2] | Full-Time Permanent employment Rate[3] | Basic Monthly Salary[4] | | Gross Monthly Salary[5] | | | |
|---|---|---|---|---|---|---|---|---|
| | | | Mean | Median | Mean | Median | 25th Percentile | 75th Percentile |
| **College of Business (Nanyang Business School)** | | | | | | | | |
| Double Degree in Bachelor of Business (Hons) and Bachelor of Engineering (Hons) (Computer Science) | 100.0% | 95.0% | $5,036 | $4,750 | $5,225 | $5,000 | $4,000 | $5,362 |
| **College of Engineer** | | | | | | | | |
| Bachelor of Engineering (Hons) (Aerospace Engineering) | 78.3% | 65.2% | $3,326 | $3,200 | $3,486 | $3,419 | $3,000 | $3,825 |
| Bachelor of Engineering (Hons) (Civil Engineering) | 98.5% | 96.9% | $3,373 | $3,300 | $3,442 | $3,400 | $3,190 | $3,675 |
| **College of Humanities, Arts & Social Science** | | | | | | | | |
| Bachelor of Fine Arts (Hons) | 88.5% | 54.0% | $2,862 | $2,800 | $2,909 | $2,800 | $2,500 | $3,200 |
| **College of Humanities, Arts & Social Science** | | | | | | | | |
| Bachelor of Science (Hons) in Biological Science | 80.4% | 62.6% | $3,177 | $3,100 | $3,255 | $3,200 | $3,000 | $3,500 |
| **Sport Science and Management** | | | | | | | | |
| Bachelor of Science (Hons) (Sport Science & Management) | 81.1% | 48.6% | $3,372 | $3,285 | $3,486 | $3,450 | $2,800 | $4,000 |

လခထက် ပိုပါသည်။

စင်ကာပူနိုင်ငံမှ ပညာရေးမိတ်ဆွေတစ်ယောက်ကို ကျွန်တော် မေးကြည့်ရာ သူ့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံမဟုတ်၍ ဘွဲ့ရအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်မှာ အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံမှ ဘွဲ့ရများဖြစ်ကြပြီး မိမိနိုင်ငံအတွက်သာမက နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နိုင်ရန်ပါ ရည်ရွယ်ထားကြောင်း ပြောပြသည်။

နီပေါနိုင်ငံမှ မိတ်ဆွေတစ်ယောက်ကို မေးကြည့်ရာတွင်မူ သူ့နိုင်ငံ၏ဝင်ငွေမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း(Tourism)ဖြစ်သဖြင့် အဆင့်မြင့်ပညာကျောင်းများတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ဦးတည်ထားသည့် ဘာသာရပ်များကို ဦးစားပေးသင်ကြားသည်ဟု ပြောပါသည်။ စိုက်ပျိုးရေးပညာအနေဖြင့် သူ့နိုင်ငံမှာ တောင်တန်းထူထပ်လွန်းသဖြင့် သာမန်စိုက်ပျိုးရေးလုပ်ငန်းကို သင်ကြားပေး၍ အဆင်မပြေဘဲ တောင်တန်းဒေသနှင့် လိုက်လျောညီထွေဖြစ်နိုင်သော စိုက်ပျိုးမွေးမြူရေး(Mountain Agriculture)ကို တက္ကသိုလ်၊ ကောလိပ်များ၌ သင်ကြား သင်ယူစေသည်ဟု ပြောပါသည်။

ကျွန်တော် ဂျာမနီနိုင်ငံ၌ ပါရဂူဘွဲ့တက်စဉ်ကလည်း ဂျာမနီတွင် ဆန်စပါးနှင့်ကြံကို စိုက်ပျိုး၍မရသဖြင့် ဆန်စပါးစိုက်ပျိုးရေးကို မသင်ကြားဘဲ သူတို့နိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် ဂျုံ၊ ဘာလီ၊ သကြားမုန်လာ၊ သစ်တော်သီး၊ ပန်းသီး၊ ချယ်ရီသီး စသည်တို့ စိုက်ပျိုးရေးကိုသာ တက္ကသိုလ်များ၌ ဦးစားပေးသင်ကြားပြီး ဘွဲ့ရများကို မွေးထုတ်ပေးသည်ဟု ပြောဆိုပါသည်။

စင်ကာပူနိုင်ငံရှိ နန်ယန်းနည်းပညာတက္ကသိုလ်(Nanyang Technological University-NTU)မှ ဘွဲ့ရရှိပြီးသူများ၏ အလုပ်အကိုင်ရရှိမှုကို ၂၀၁၇ ခုနှစ်က စစ်တမ်းကောက်ယူ သုတေသနပြုခဲ့ရာတွင် (B.Accountancy) ဘွဲ့ရသူများက ၉၇ ရာခိုင်နှုန်း၊ (B.Business) ဘွဲ့ရသူများက ၉၃ ရာခိုင်နှုန်း၊ B.E(Civil Engineering)ဘွဲ့ရသူများက ၉၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် B.Sc(Biological Science) ဘွဲ့ရသူများက ၈၀ ရာခိုင်နှုန်း စသည်ဖြင့် အလုပ်အကိုင်များ ရရှိကြသည်ကို ဖော်ပြပါဇယားအတိုင်း တွေ့ရပါမည်။

ကျောင်းသား ကျောင်းသူများ လက်ခံသည့် အရေအတွက်မှာလည်း ဘာသာရပ်အလိုက် လိုအပ်ချက်အရသာ စိစစ်လက်ခံသည်ကို တွေ့နိုင်သည်။ ကျောင်းသား ကျောင်းသူအရေအတွက်ကို လိုအပ်သည်ထက် (ဥပမာ-ဓာတ်ခွဲခန်း၊ ကိရိယာ၊ ဆရာ ဆရာမ အရေအတွက် အချိုးအရ လက်ခံနိုင်သည်ထက်) ပိုမိုလက်ခံထားပါက နိုင်ငံတော်အတွက်လိုအပ်မည့် သုတေသနကို အသာထား၊ လက်တွေ့လုပ်ဆောင်ရာတွင်ပင် ပြုံတိုးနေ၍ သိပ္ပံ၊ အသုံးချသိပ္ပံ ဘာသာရပ်များကို ကျောင်းသား ကျောင်းသူတိုင်း လက်တွေ့မလုပ်ဆောင်နိုင်တော့ပါ။

စင်ကာပူ၊ ဂျာမနီ၊ ဆွစ်ဇာလန် စသည့် ဥရောပနိုင်ငံများ၌ တက္ကသိုလ်သို့ သွားရောက်သည့် ကျောင်းသား ကျောင်းသူအရေအတွက်သည် မများဘဲ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများ(Technical & Vocational Education & Training-TVET)၌ ကျောင်းသား ကျောင်းသူ အရေအတွက် ၅၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ သင်ကြား သင်ယူလျက်ရှိပြီး အလုပ်အကိုင်ရရှိမှုမှာလည်း အလွန်ကောင်းမွန်နေပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော၊ မြန်မာနိုင်ငံ၏ အမှန်တကယ်လိုအပ်ချက်များနှင့်လည်း ကိုက်ညီသော အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပို့ချရေးကို ဦးစားပေး လုပ်ဆောင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ကျောင်းသား ကျောင်းသူများ လက်ခံသည့် အရေအတွက်မှာလည်း ဘာသာရပ်အလိုက် လိုအပ်ချက်အရသာ စိစစ်လက်ခံသည်ကို တွေ့နိုင်သည်။ ကျောင်းသား ကျောင်းသူ အရေအတွက်ကို လိုအပ်သည်ထက် (ဥပမာ-ဓာတ်ခွဲခန်း၊ ကိရိယာ၊ ဆရာ ဆရာမ အရေအတွက် အချိုးအရ လက်ခံနိုင်သည်ထက်) ပိုမိုလက်ခံထားပါက နိုင်ငံတော်အတွက်လိုအပ်မည့် သုတေသနကို အသာထား၊ လက်တွေ့လုပ်ဆောင်ရာတွင်ပင် ပြုံတိုးနေ၍ သိပ္ပံ၊ အသုံးချသိပ္ပံ ဘာသာရပ်များကို ကျောင်းသား ကျောင်းသူတိုင်း လက်တွေ့မလုပ်ဆောင်နိုင်တော့ပါ။**

# ပြင်ဦးလွင်မြို့၌ ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) မာလာလမ်းရှိ တရုတ်နှစ်ချင်းကျမ်းစာကျောင်း၌ (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသားလူမျိုးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖျော်ဖြေရေး အကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ဆုတောင်းဆက်ကပ်ခြင်းများပြုလုပ်ပြီး သဘာပတိ ဦးထန်ခိုကျင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးပါစည်နှင့် လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကား ပြောကြား၍ ဗိုလ်မှူးကမ်ခန်းကျင့်(ငြိမ်း)က ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကူကီးရိုးရာယဉ်ကျေးမှုအဖွဲ့၏ တစ်ပင်တိုင်သီချင်း၊ တီးတိန်ရိုးရာယဉ်ကျေးမှုအဖွဲ့၏ လပ်ဂွီအကနှင့် တစ်ပင်တိုင်သီချင်း၊ လူရှိုင်း ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ချိတ်လမ်အကနှင့် တစ်ပင်တိုင်သီချင်း၊ ဖလမ်း ယဉ်ကျေးမှုအဖွဲ့၏ ရယ်လမ်အက၊ ဟားခါးယဉ်ကျေးမှုအဖွဲ့၏ တစ်ပင်တိုင်သီချင်းနှင့် လူငယ်အက၊ တီးတိန်ရိုးရာယဉ်ကျေးမှုအဖွဲ့၏ လူငယ်အကနှင့် ရိုးရာဝတ်စားဆင်ယင်မှု အလှပြ၊ မတူပီ ရိုးရာယဉ်ကျေးမှုအဖွဲ့၏ စုံတွဲသီချင်းနှင့် လူရှိုင်း ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ဝါးညှပ်အက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**




ဝါးညှပ်အကဖြင့် ဖျော်ဖြေနေသော ယဉ်ကျေးမှုအဖွဲ့ဝင်များကို တွေ့ရစဉ်။

# မွန်ပြည်နယ်အဆင့် မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာများအား ဆုပေးပွဲ မော်လမြိုင်မြို့၌ပြုလုပ်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၁**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ ခု၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့ရာ လက်ရှိအချိန်တွင် ကျေးရွာပေါင်း ၁၇၀ ၌ စီမံကိန်းယူနစ် ၁၅၃ ခုကို အကောင်အထည်ဖော်ထားပြီးဖြစ်သည်။ အဆိုပါ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာ ဆုပေးပွဲကို မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ တတိယပတ်အတွင်းက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ မွန်ပြည်နယ်အဆင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာများမှ မြစိမ်းရောင် စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် စံပြကျေးရွာဆု သုံးဆု၊ စည်းလုံးညီညွတ်မှု စွမ်းဆောင်ရည်အကောင်းဆုံးဆု၊ ပူးပေါင်းဆောင်ရွက်မှု စွမ်းဆောင်ရည်အကောင်းဆုံးဆုနှင့် မြို့နယ်အလိုက် အကောင်းဆုံးဆုများကို ဆုရရှိသောကျေးရွာများမှ စီမံကိန်းကော်မတီဝင်များထံသို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

မွန်ပြည်နယ်၌ မြစိမ်းရောင်စီမံကိန်း ၁၅၃ ယူနစ်အတွက် တစ်ယူနစ်လျှင် ကျပ်သိန်း ၃၀၀ ဖြင့် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၄၅၉၀ ကို နိုင်ငံတော်က မတည်ပေးထားပြီး စီမံကိန်းမတည်ငွေအတွက် စုစုပေါင်း အတိုးရငွေမှာ ငွေကျပ် ၁၆၀၈ သန်းကျော်ရှိပြီဖြစ်ကာ အဆိုပါ အတိုးငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် စီမံကိန်းကျေးရွာများမှ ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ ပူးပေါင်းညှိနှိုင်း၍ ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုးမောင်ထံမှ သိရသည်။ **(မွန် ကျေးလက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန

# လျှောက်လွှာခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လက်အောက်ရှိ ရောဂါတိုက်ဖျက်ရေးဌာနအသီးသီးတို့တွင် ဆေးဘက်ကျွမ်းကျင် (၂) (ဓာတ်ခွဲ)/ဓာတ်ခွဲကျွမ်းကျင် (၂)လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောသူများသည် လျှောက်ထားနိုင်ပါသည်။

(၁) လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(၃) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံထားရသူများလျှောက်ထားခွင့်မရှိပါ။

(၄) လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်(ရန်ကုန်/ မန္တလေး)မှ B.Med.Tech ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ၊ ယာယီဘွဲ့လက်မှတ်နှင့် အမှတ်စာရင်းမိတ္တူပူးတွဲတင်ပြရမည်။

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။

(ဂ) တာဝန်ကျရာမည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာပူးတွဲတင်ပြရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း ပူးတွဲတင်ပြရမည်။

(င) ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း)

(စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်အစား ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရပါမည်။

(ဆ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာအား တိကျစွာရေးသားဖော်ပြပေးရပါမည်။

(ဇ) လျှောက်ထားသူသည် မိမိ၏ကိုယ်ရေးမှတ်တမ်းကို ပြည့်စုံစွာဖော်ပြပေးရပါမည်။

(ဈ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်ခွဲ)/ဓာတ်ခွဲကျွမ်းကျင် (၂)များအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံ့တာဝန်အား အနည်းဆုံး (၃) နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသောလျော်ကြေးငွေကျပ် လေးသိန်းတိတိ ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ၁၉-၃-၂၀၁၉ရက်(အင်္ဂါနေ့) ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ကုသရေးဦးစီးဌာန၊ ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

၆။ လျှောက်ထားသူများသည် ၁-၄-၂၀၁၉ရက်(တနင်္လာနေ့) တွင် စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ မပျက်မကွက်လူကိုယ်တိုင် လာရောက်သတင်းပို့ရပါမည်။

၇။ လျှောက်ထားသူများသည် ၂-၄-၂၀၁၉ရက်(အင်္ဂါနေ့)တွင် ရေးဖြေကျွမ်းကျင်ဘာသာရပ်(၁)နာရီနှင့် အင်္ဂလိပ်စာဘာသာရပ်(၁)နာရီဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေ ဖြေဆိုအောင်မြင်သူများကို ၄-၄-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီမှစ၍ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ ယာယီဘွဲ့လက်မှတ်မူရင်းအမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၈။ အသေးစိတ်သိရှိလိုသည်များကို စီမံကိန်းဌာနစိတ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၃၉၃နှင့်အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဖုန်း-၀၁-၃၇၁၉၅၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၉။ ရေးဖြေနှင့်လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့်မကိုက်ညီ၊ မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးပါသည်။

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**ကုသရေးဦးစီးဌာန**

# ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၇၀၆)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဒေါ်ဝါဝါညွန့်ရွှေ (ဘ) ဦးညွန့်ရွှေ ၉/မထလ(နိုင်)၁၈၈၉၀၉ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ရောက်ဆန်း (ဘ) ဦးလော်ရောက်ပေါက် ၉/မရမ(နိုင်)၀၉၂၁၄၂ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၅၈၀)၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ ဒေါ်သူဇာ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဝေဝေမွန် (ဘ)ဦးချစ်ငွေ ၁/ရကတ(နိုင်)၀၁၀၂၂၈ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ် ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာ၊ ဦးထော်ပလော်ဖော ၁၄/ပသန(နိုင်)၀၄၉၇၅၅ အမည်ပေါက် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာအကွက် (၂)၊ ဒါးကမီးရထားမြို့ကွက်၊ ဦးပိုင်အမှတ် ၁၉-၂၀-၃၇-၃၈ ဂရန်မြေ ၀ဒသမ၂၂၀ဧကအား ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဒါရိုက်တာအဖွဲ့က လက်ရှိအငှားဂရန်ပိုင်ရှင် ဦးထော်ပလော်ဖောထံမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ခိုင်မာသည့် အထောက်အထားနှင့်တကွ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဒါရိုက်တာအဖွဲ့သို့ ဤကြော်ငြာပါသည့်ရက်မှစတင်၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ယခုကြေညာသည့်ရက်ကုန်ဆုံးသည့်ရက်မှစ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**
**ဖုန်း-၀၄၂-၂၁၃၀၆**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အုတ်တွင်းမြို့
## ကြေညာချက်အမှတ် (၈/၂၀၁၉)

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁ရက်
## (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်)

၁။ အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာလအထိ) မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း (၅)ခုအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၁-၃-၂၀၁၉ရက် (သောကြာနေ့) |
| **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** | - | ၈-၃-၂၀၁၉ရက် (သောကြာနေ့) ညနေ ၀၄:၀၀ နာရီ |
| **တင်ဒါရွေးချယ်မည့်ရက်/နေရာ** | - | ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၀၀နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အုတ်တွင်းမြို့ |

၂။ အသေးစိတ်သိရှိလိုပါက တင်ဒါရွေးချယ်ရေးနှင့် စိစစ်ရေးကော်မတီ အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုတ်တွင်းမြို့ ဖုန်း-၀၅၄-၄၆၀၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အုတ်တွင်းမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## ချင်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန
## ဟားခါးမြို့

၁။ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်၊ ဟိုင်တလန်ရပ်၊ ရေကူးကန်အနီးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ဟားခါး) ကို တည်ဆောက်ဖွင့်လှစ်ရန်အတွက် သင်တန်းကျောင်းအုပ် အုပ်ချုပ်မှုရုံး၊ နှစ်ထပ်စာသင်ကျောင်း၊ သင်တန်းသား/သူ အိပ်ဆောင်၊ ကျောင်းအုပ်ကြီးနေအိမ်၊ စတို၊ ဂါလန် (၅၀၀၀၀)ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၂-၂-၂၀၁၉ရက်မှစ၍ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူပြီး ၂၂-၃-၂၀၁၉ရက် ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၀-၂၁၀၇၈၊ ၀၉-၅၂၂၈၃၁၀**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## (ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၌ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) လပွတ္တာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးနှင့် အခြားဆက်စပ်လုပ်ငန်းများ RC(၂)ထပ် (၅၈'-၀"×၅၃'-၀"×၂၄'-၀") ရုံးအတွင်း ရေ/မီး၊ Apron & Drain၊ ရုံးအဝင်လမ်း/ကားပါကင်၊ ဆိုင်းဘုတ်/ခြံစည်းရိုး၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးအပါအဝင်

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၂၈-၂-၂၀၁၉ရက်မှ ၁၄-၃-၂၀၁၉ရက် အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၂၁-၃-၂၀၁၉ရက် မွန်းလွဲ ၁၄:၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ၂၈-၂-၂၀၁၉ရက် နံနက် ၉:၃၀နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို (ဖိတ်စာသီးသန့်မပို့ပါ) တက်ရောက်နိုင်ပါသည်။

၄။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်စုပေါင်းရုံး မြက်တို၊ စုပေါင်းရုံးလမ်းအမှတ် (၁၃)ရပ်ကွက်၊ ပုသိမ်မြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၂၅-၂-၂၀၁၉ရက်မှစ၍ တိုင်းဒေသကြီးရုံးဖုန်း-၀၄၂-၂၉၂၇၃ နှင့် ၀၄၂-၂၉၂၇၄ သို့လည်းကောင်း ခရိုင်/မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများသို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကုလားမျောကျေးရွာနေ (ဘ) ဦးကျော်စိန်၏သမီး မောင်အောင်ကျော်မင်း၊ မောင်အောင်ကျော်ဝင်းတို့၏ မိခင် ဒေါ်အမာရီ(ခ)ဒေါ်မဲ ၉/ရမသ(နိုင်)၀၇၄၇၂၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အမာရီ(ခ)ဒေါ်မဲ**

# ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၆၃၁)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးကျော်ခိုင်မိုး(ဘ)ဦးထွန်းကြိုင် ၉/လဝန(နိုင်)၁၆၂၃၁၇ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်စန္ဒာမြင့်(ဘ)ဦးခင်မောင်မြင့် ၁၂/မရက(နိုင်)၀၂၃၄၁၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အဆောက်အအုံအဆိုပြုပုံစံ (Proposal Design) များ

# ဖိတ်ခေါ်ခြင်း

၁။ သတ္တုဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၈-ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဘုရားကြီးလမ်းထောင့်ရှိ ၀ဒသမ၁၄၃၉ဧက ဂရန်အမည်ပေါက်မြေကွက်ပေါ်တွင် သတ္တုဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်အဆောက်အအုံအား ၁၂-ထပ်အမြင့် RC အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် (၇၆ ပေ ၉လက်မ×၈၀ပေ) အကျယ်အဝန်းရှိ အထက်ဖော်ပြပါမြေကွက်တွင် ဆောက်လုပ်နိုင်ရေးဘဏ်ရုံးချုပ် အဆောက်အအုံအဆိုပြုပုံစံ (Proposal Design) များ ပေးပို့တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အဆိုပြုပုံစံပေးပို့ တင်သွင်းရမည့်ရက်** | - | ၂၅-၂-၂၀၁၉ရက်မှ ၂၂-၃-၂၀၁၉ရက်ထိ |
| (ခ) | **ပေးပို့တင်သွင်းရမည့်လိပ်စာ** | - | သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်ရုံးချုပ်အမှတ် (၆၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

၃။ အသေးစိတ်သိရှိလိုပါက သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်ရုံးချုပ်၊ ဖုန်း-၀၁-၆၅၈၂၁၇၊ ၀၁-၆၅၈၂၁၈၊ Fax: ၀၁-၉၃၄၅၅၃၉၊ ၀၁-၉၃၄၅၅၄၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံးအမှတ် (ခ-၄)၊ ဆိုင်ခန်းအမှတ် (၁၉)အား နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ် (၄)ရပ်ကွက်နေ ဦးအေး ၉/လဝန(နိုင်)၀၅၂၅၁၇ အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးအေးကွယ်လွန်သွားပါသဖြင့် သမီးဖြစ်သူ နေပြည်တော် လယ်ဝေးမြို့နယ်၊ အမှတ် (၄)ရပ်ကွက်နေ ဒေါ်အမီနာ ၉/လဝန(နိုင်)၂၃၈၉၉၆သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်အမှတ် ၅၇၈၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ ဒေါ်သူဇာ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ဝေဝေမွန်(ဘ)ဦးချစ်ငွေ ၁/ရကန(နိုင်)၀၁၀၂၂၈မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်း လောင်း-၂၊ မြေကွက်အမှတ် (၅၇၉)၊ ဧရိယာ ၀ဒသမ၀၉၉ဧကရှိ ဒေါ်သူဇာ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဝေဝေမွန် (ဘ) ဦးချစ်ငွေ ၁/ရကန(နိုင်)၀၁၀၂၂၈ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၅၄)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးဌေးအောင်(ကိုယ်စား) ဦးဝင်းဇေယျာထွန်း (ဘ) ဦးသန်းဝင်း ၁၀/ရမန(နိုင်)၀၀၁၄၅၆ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၂၉/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၄င်းမြေကွက်ကိုချထားပေးသည်မှာမှန်ကန်ကြောင်း အသိသက်သေ (၃) ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


**ကိုချစ်ကို**

အိမ်ခြံမြေအကျိုးဆောင်မှ
အုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/
အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ
ဈေးကောင်းပေးဝယ်ပါသည်။
ပွဲခပေးရန်မလိုပါ။
09-423224544
09-5094084
အချိန်မရွေးဆက်သွယ်ပါ။


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၅၃၀၁ Suzuki Smash 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်အောင်ကျော် ၁၀/မဒန(နိုင်)၀၀၇၈၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ ဦးလင်းအောင် မြေကွက်အမှတ် (၄၇၈၆)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ပါမစ်မြေကွက်အား ဒေါ်အေးမြတ်သူ (ဘ)ဦးဗိုလ်ဝင်းမြတ် ၅/မရန(နိုင်)၁၆၂၃၈၃ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း) များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တပ်ကုန်းမြို့နယ်တရားရုံးတော်၌**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၇**

ဦးလှမြင့် နှင့် ၁။ ဦးအောင်မြင့် ၂။ ဦးညီမောင်
၃။ ဦးလှအောင် ၄။ မခင်တင့်
၅။ မသန်းသန်းဆင့် ၆။ ကိုမောင်ချို
၇။ ကိုမောင်အေး ၈။ မခင်မိုးမြင့်
၉။ ကိုဇော်ပိုင် ၁၀။ ကိုညီအောင်
၁၁။ မခင်စန်းမြင့် ၁၂။ မခင်မြလင်း
၁၃။ ကိုထိန်လင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်နေ (၇) တရားပြိုင် ကိုမောင်အေး၊ (၈)တရားပြိုင် မခင်မိုးမြင့်၊ (၉)တရားပြိုင် ကိုဇော်ပိုင်၊ (၁၀)တရားပြိုင် ကိုညီအောင်နှင့် မုံရွာမြို့၊ ကျောက်ကာတောင်ရွာနေ (၁၃)တရားပြိုင် ကိုထိန်လင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးလှမြင့်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မတ် ၈ရက် (၁၃၈၀ပြည့်နှစ် တပေါင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေစိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**တပ်ကုန်းမြို့နယ်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ တေလဂူလမ်း၊ အိမ်အမှတ် ၂A/၁၀ တွင် နေထိုင်သော ဒေါ်မငယ်၏သမီးကြီး မသဇင်မာ MME -၆၅၅၅၂၂ သည် မိခင်၏ဆုံးမမှုကို နာခံခြင်းမရှိဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်မငယ် (MMN -၅၀၆၈၄၆)**

## မူဆယ်မြို့ မေဦးကဖေးပိုင်ရှင် ဒေါ်တင်တင်ဦး(ခ)ဒေါ်မေဦးက အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဒေါ်တင်တင်ဦး (ခ)ဒေါ်မေဦး ၁၃/ကတန(နိုင်)၀၈၆၈၇၆ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဦး (ခ) ဒေါ်မေဦးသည် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေးတွင် May Oo ကဖေးနှင့်စားဖွယ်စုံအမည်ဖြင့် ကော်ဖီဆိုင်နှင့် အခြားစီးပွားရေးလုပ်ငန်းများအား ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်လုပ်ကိုင်နေသူဖြစ်ပါသည်။

ယခုအခါတွင် ဒေါ်မေဦး၏ စီးပွားရေးလုပ်ငန်းများအပေါ် စားသုံးသူ (customer)များနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ အထင်အမြင်လွဲမှားစေရန် Facebook လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ ရေးသားခြင်း၊ ထပ်ဆင့်ဖြန့်ဝေခြင်း (Share)များပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။ နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဦးအား ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်တွင် မဟုတ်မမှန် ပုဂ္ဂိုလ်ရေးတိုက်ခိုက်ရေးသားခြင်းများ၊ ထပ်ဆင့်ဖြန့်ဝေ (Share)ခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူဝင်း (LL.B,LL.M)(စဥ်-၁၄၈၆၆)**
**တရားလွှတ်တော်ရှေ့နေ**
**ခ-၁၂၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉/ဇေယျာမြိုင်)၊ ဦးပိုင်အမှတ် ၄၇၊ မြေကွက်အမှတ် ၃၈၊ မြေချိန်ဧရိယာ ၀ဒသမ၀၅၅၈ဧကရှိမြေသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၆-၁၁-၂၀၀၄)ရက်စွဲပါစာအမှတ်၊ ၄၀၀/၂-၃/ပယက(မွန်)အရ လ/န (၃၉) သတ်မှတ်ထားပြီး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၉-၁၁-၂၀၁၂)ရက်စွဲပါစာအမှတ် ၄/၂-၈/ ဦး ၁ အရ ဦးစောသမူဟဲအမည်ဖြင့် မြေကွက်ချထားပေးကြောင်း အသိအမှတ်ပြုလွှာရရှိထားပြီး ဦးစောသမူဟဲ (၁၈-၅-၂၀၁၄)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နော်ဂေးဖိုးမှ ပိုင်ဆိုင်ကြောင်း မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဥ် (၁၃၇/၂၀၁၆)ဖြင့် ကျမ်းကျိန်ဆိုပြီး၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၉၀/၂၀၁၄)အရ မှတ်ပုံတင်ကာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၂၂၁/၂၀၁၄)အရ တရားဝင်ပိုင်ဆိုင်လာပါသည်။ ဒေါ်နော်ဂေးဖိုးကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၆/၂၀၁၄) အရ ဦးစောမျိုးသိန်းအား လွှဲအပ်ထားပြီး လျှောက်ထားသူ ဦးအောင်မိုးကျော်နှင့် ဒေါ်ဝါဝါလွင်တို့နှစ်ဦးသည် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် (၂၃၂/၂၀၁၈)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်လာ၍ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၇)မြေကွက်ပေါ်ရှိ (၆)ထပ်တိုက်၊ အဆောက်အအုံ၏ (ငါးလွှာ/ပဉ္စမထပ်)၊ အကျယ်အဝန်း(၂၅'×၅၀')ရှိရေမီးစုံတိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဥပဒေအရ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြသော ဦးချစ်ဦးလွင် ၁၂/ဗဟန(နိုင်)၀၃၇၉၃၂၊ ဒေါ်အုံးမြင့်(ခ)ဒေါ်ခင်အုန်းမြင့် ၁၂/စခန(နိုင်)၀၃၁၂၃၇၊ ဒေါ်နီလာ ၁၂/စခန(နိုင်)၀၃၀၈၆၅တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်းကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက် LL.B**
**အထက်တန်းရှေ့နေ(စဥ်-၃၇၁၇၉)**
**အမှတ် ၁၀၂၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးအုပ်စု၊ စိန်ရွှေကုန်းကျေးရွာ၊ သဇင်မြိုင်(၅)လမ်း၊ မြေကွက်အမှတ် ၅၂၁ ဟုခေါ်တွင်သော ဥယျာဉ်ခြံမြေကွက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူ ဒေါ်ဆွေဆွေဦး ၁၂/ဥကမ(နိုင်)၀၀၀၆၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းဦး ၁၂/ဥကတ(နိုင်)၀၅၇၉၇၁က အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဥပဒေနှင့်အညီ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဥယျာဉ်ခြံမြေကွက်နှင့်စာရွက်စာတမ်းများကို လက်ရောက်လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါဥယျာဉ်ခြံမြေကွက်သည်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှသာ တရားဝင်လက်ရောက်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း LL.B**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄/၂၀၀၆**
**အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နယ်၊ နောင်ခရီရပ်ကွက်၊ အမှတ် ၅၀နေ ဦးဂျမာလက်တင်-ဒေါ်ဂိုရီတို့၏သမီးအကြီးဆုံး ဒေါ်သန်းသန်းဇင် ၁၀/မလမ(နိုင်)၂၅၉၅၃၄သည် မိခင်အားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ဖြူဖြူပွင့် LL.B**
**အထက်တန်းရှေ့နေ(စဥ်-၄၈၆၂၉)**
**အမှတ် ၁၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်း၊ မော်လမြိုင်မြို့**

ဟဲ့ SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/2783 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/2881 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၂၄၆၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောင်ပိုင်း)**

## ပြည်နယ်အစိုးရအဖွဲ့
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## ပရိဘောဂအိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ စက်တင်ဘာလအထိ)ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး စိတ်ပါဝင်စားသူနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | တစ်ယောက်(ထိုင်ခုံ+စာရေးခုံ) | ၄၀၀(စုံ) |
| (၂) | လေးယောက်တွဲစာသင်ခုံ(မြင့်) | ၃၄၄(စုံ) |
| (၃) | လေးယောက်တွဲစာသင်ခုံ(နိမ့်) | ၅၉၅(စုံ) |

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၉ရက်၊ ၁၀:၀၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၃-၂၀၁၉ရက်၊ ၁၆:၀၀နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ မွန်ပြည်နယ်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
**(က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၅၇-၂၅၉၁၄**
**(ခ) မွန်ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၂၇၂၆၄**

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ငွေခိုင်
## (တောင်ကြီးကောလိပ်)
## B.Sc(Maths)
## အသက်(၇၁)နှစ်

ဦးအောင်လွင် (မင်းလွင်စက္ကူစက်)၏ ချစ်လှစွာသောဇနီးသည် ၁၈-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသန့်နှင့်မိသားစု**
**(စော်ဘွားကြီးကုန်း)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ပါမောက္ခ ဒေါက်တာဒေါ်ခင်မမ (Vilma Nyi Bu)
**B.V.S.(Rgn),M.V.Sc.(Yezin),D.V.C.S.(Palmerston North)**
**ဒု-ပါမောက္ခချုပ်(စီမံ)(ငြိမ်း)၊ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၇)နေ (ဦးညီပု-ဒေါ်ကြင်စီ)တို့၏သမီး၊ (ဦးအောင်မွန်)-ဒေါ်တင်အေးတို့၏ညီမ၊ (ဦးဉာဏ်ဝင်း-ဒေါ်ဒေါ်လီ)၊ ဒေါက်တာကျော်စိုး-ပါမောက္ခဒေါက်တာမာတူးညီပု(ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း)၊ ဦးဝင်းမြင့်-ဒေါ်ခင်မာထွေးတို့၏အစ်မ၊ ဒေါက်တာရဲဇော်ဟန်-မနှင်းလဲ့ဝေ(မင်းတိရစ္ဆာန် ဆေးကုခန်း)၊ ကိုချမ်းအေးလင်း(ခေတ္တ-စင်ကာပူ)-မစုသက်နှင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ ကိုလှိုင်းသစ်ဇင်ဝေ(ခ)သာလွန်ဖောင်းထက်(အယ်ဒီတာချုပ်၊ ရန်ကုန်သစ်မီဒီယာ၊ တွဲဖက်အတွင်းရေးမှူး-၂၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ)-မမြနှင်းအေး(အကြီးတန်း အမှုဆောင်အယ်ဒီတာ၊ The Voice Weekly)၊ မခင်နှင်းကြည်သာ(တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက်)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ဒေါက်တာမောင်မောင်စံ(ခ)စာရေးဆရာ ကြည်မင်း/ကျော်စောမင်း (မွေး/ဆေး ၊ ဒု-ပါချုပ်-ငြိမ်း)၏ဇနီးသည် ၂၀-၂-၂၀၁၉ရက် နံနက် ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အောင်ပြည့်စုံ
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**

---

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အမှတ်(၅) အထက်တန်းကျောင်း၊ ပဥ္စမတန်းနေ မသက်မြတ်နိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကျော်ငွေ ၅/ယမပ(နိုင်)၀၅၆၅၀၉ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

မုံရွာမြို့၊ နန္ဒဝန်ရပ်၊ အထက(ခွဲ) နဝမတန်း (A)မှ မောင်ဇော်လင်းထွန်းနှင့် သတ္တမတန်း (B)မှ မအေးသဉ္ဇာမိုးတို့၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းလှိုင် ၅/မရန(နိုင်)၂၃၆၀၀၃ ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ကသာမြို့၊ ပြည်သာယာရပ်ကွက်(၁၁)နေ မခင်သွယ်ဦး ၅/ကသန(နိုင်)၁၀၁၄၇၁၏မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၉၄ ဖြစ်ပြီးဖခင်အမည်မှန်မှာ ဦးမောင်ထွေး ဖြစ်ပါကြောင်း။

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဒေါ်ခင်မမ
## ဒုတိယပါမောက္ခချုပ်(ငြိမ်း)
## အသက်(၇၂)နှစ်

တပည့်များ ချစ်ခင်လေးစားရပါသော ဒေါက်တာမောင်မောင်စံ(ခ)စာရေးဆရာ ကြည်မင်း/ကျော်စောမင်း၏ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်မမသည် ၂၀-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။
(ဆရာမ ကောင်းရာသုဂတိလားပါစေ)

**VET-86**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ပလက်ဝမြို့နယ်အသင်း(ရန်ကုန်)နာယက**
**ဗိုလ်ကြီးဆလိုင်းကျော်ဇင်(ငြိမ်း)(ခ)ဒန်းအောင်ယာလင်း**
**ကြည်း-၂၂၃၀၅ OTS(80)စည်သူတပ်ခွဲ**
**အသက်(၅၇)နှစ်**

မဇင်သူဖြိုး (ပဉ္စမနှစ်-ဥပဒေ ဒဂုံတက္ကသိုလ်)၊ မောင်မင်းထက်ဖြိုး၊ မကြည်ဝေဖြိုးတို့၏ဖခင်၊ ဒေါ်ပြေလေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ... ကောင်းရာသုဂတိလားပါစေ...

**စည်သူ(၈၀)**
**ကျောင်းဆင်းဖော်သူငယ်ချင်းများနှင့် မိသားစုများ**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ ခင်မလေး ၁၂/အစန(နိုင်)၀၂၆၈၆၃၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ခင်မလေး ဖုန်း-၀၉-၇၃၁၅၀၆၅၄**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၉၅၄၇၇ Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်အေးမိုး ၈/စလန(နိုင်)၁၁၆၄၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သင်းသင်းလှိုင် ၈/မတန(နိုင်)၀၄၉၆၇၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ချောင်းမနားကျေးရွာအုပ်စု၊ ပေါက်တော အထက(ခွဲ) ဒသမတန်းမှ မစိုးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဖိုးစိုး ၅/ခဥတ(နိုင်)၀၅၃၀၃၆ ဖြစ်ပါကြောင်း။

---

## ဒေါ်နန်းမွှေဝမ်း(ခ)မာဂရက်လယ်၊ ဦးစိုင်းဘုန်းမြင့်တို့၏
## ရှေ့နေ ဦးစတီဗင်(ခ)ဦးစတီဖန် (အထက်တန်းရှေ့နေ)နှင့်
## ဒေါ်မေမိုးအေး (တရားလွှတ်တော်ရှေ့နေ)တို့၏
## ၂၆-၁-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာပါ
## ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းထုတ်ပြန်ကြေညာခြင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ် (၂၉)၊ ဦးပိုင်အမှတ် (၇၇)၊ ဧရိယာ ၀ဒသမ၃၄၁ဧကရှိ မြို့မြေကွက်၊ မြေကွက်လိပ်စာ ယခင်အမှတ် (၂၇)၊ ယခုအမှတ် (၁၂)၊ တောင်ကြီးလမ်း၊ အမှတ် (၅)ရပ်ကွက်၊ ကျိုင်းတုံမြို့ရှိ မြေနှင့်အဆောက်အအုံသည် ဦးမောင်လယ် အမည်ပေါက်လျက် မြို့မြေစာရင်းတွင် တရားဝင် တည်ရှိနေပါသည်။ ဦးမောင်လယ်သည် ၁-၁၀-၁၉၉၈ရက်တွင်လည်းကောင်း၊ ဇနီး ဒေါ်နန်းဝမ်းသည် ၁၅-၈-၂၀၁၂ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ၎င်းတို့၏သားသမီးများမှာ (၁) ဒေါ်နန်းမွှေဝမ်း(ခ) မာဂရက်လယ်၊ (၂) ဦးစိန်ဝမ်(ကွယ်လွန်)၊ (၃) ဦးဝင်းစိန်(ကွယ်လွန်)၊ (၄) ဦးမောင်မောင်၊ (၅) ဒေါ်ငွေငွေရီတို့ဖြစ်ပါသည်။

၁။ ဦးမောင်လယ်နှင့်ဇနီး ဒေါ်နန်းဝမ်းတို့သည် လွန်ခဲ့သည့် (၄၅)နှစ်ခန့်က စ၍ ခရစ်ယာန်ဓလေ့ထုံးတမ်းအရ ကွဲကွာပြတ်စဲခဲ့ကြသည်ဟုဆိုသည်မှာ မမှန်ပါ မှားယွင်းနေပါသည်။ ခရစ်ယာန်ဘာသာတရားအရလည်းကောင်း၊ ခရစ်ယာန်ဓလေ့ထုံးတမ်းအရလည်းကောင်း၊ တရားဝင်ကွာရှင်းပြတ်စဲခြင်း မပြုနိုင်ပါ။ ဒေါ်နန်းမွှေဝမ်း၏ စွပ်စွဲပြောဆိုခြင်းသည် မှားယွင်းနေကြောင်း ပြန်လည်ရှင်းလင်းထုချေပါသည်။ ဦးမောင်လယ်နှင့် ဒေါ်နန်းဝမ်းတို့သည် ရိုမန်ကက်သလိတ် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသဖြင့် လုံးဝကွာရှင်းခွင့် မရှိပါ။

၂။ မိခင် ဒေါ်နန်းဝမ်း၏ ပစ္စည်းကို ဦးစိန်ဝမ်း၊ ဦးဝင်းစိန်၊ ဦးမောင်မောင်၊ ဒေါ်ငွေငွေရီတို့ ကာလတန်းဖိုးကျပ် (၂၀၀၀၀)သိန်းနှင့် ကားများကို အမွေခွဲဝေပေးခဲ့သည်ဆိုသည်မှာ မဟုတ်ပါ။ မှန်ကန်မှုမရှိပါ။ ဒေါ်နန်းဝမ်းယူဆောင်ထားသည့်ပစ္စည်းနှင့် ၎င်း၏အိမ်ကို ၎င်းကိုယ်တိုင်ရောင်းချပြီး ၎င်းဆေးရုံတက်ရောက်နေစဉ်တွင်လည်းကောင်း၊ ဆေးကုသရာတွင်လည်းကောင်း အသုံးပြုခဲ့ခြင်းသာဖြစ်ပါသည်။ သားသမီးများကို အမွေခွဲဝေခြင်း လုံးဝ(လုံးဝ)မရှိခဲ့ပါ။

၃။ သားသမီးများကို အမွေခွဲဝေပေးခြင်းဆိုသည်မှာ လုံးဝလုံးဝမမှန်ပါ။ လုံးဝခွဲဝေပေးခဲ့ခြင်းမရှိပါ။

၄။ ဖခင် ဦးမောင်လယ်ပိုင်ဆိုင်သည့် အဆောက်အအုံနှင့် မြေကွက်သည် ကျန်ရှိသော သားသမီးငါးဦး ညီတူမျှတူပိုင်ဆိုင်ခွင့်ရှိသောပစ္စည်းဖြစ်ပါသည်။ ဒေါ်နန်းဝမ်းနှင့် ဦးမောင်လယ်တို့သည် ခရစ်ယာန်ဘာသာတရားအရ တရားဝင် ဘုန်းကြီးရှေ့တွင် လပ်ထပ်ကြပြီး ၎င်းတို့သည် ခရစ်ယာန်ဘာသာဘုန်းကြီးများရှေ့တွင်လည်းကောင်း၊ တရားရုံးတွင်လည်းကောင်း၊ လူပုဂ္ဂိုလ်များရှေ့တွင်လည်းကောင်း၊ အသိသက်သေများရှေ့တွင်လည်းကောင်း လုံးဝကွာရှင်းခြင်း မရှိကြောင်း၊ ကွယ်လွန်သည်အထိ တရားဝင်လင်မယားဖြစ်ပါသည်။ ဒေါ်နန်းမွှေဝမ်းသည် မိဘနှစ်ဦးကွာရှင်းကြောင်း ပြောဆိုခြင်းသည် မိဘများကို မထီမဲ့မြင်၊ စော်ကားရာရောက်နေပါသည်။ ၎င်းပြင် ခရစ်ယာန်ဘာသာကိုလည်း စော်ကားရာရောက်နေပါသည်။

၅။ အထက်ပါဦးမောင်လယ်ပိုင်ဆိုင်သည့်ပစ္စည်းကို သားသမီးတစ်ဦးတည်းအား အမွေခွဲဝေပေးခြင်းစာချုပ်ချုပ်ဆိုခြင်းလုံးဝမရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ဒေါ်နန်းမွှေဝမ်းနှင့်သားတို့သည် ဦးမောင်လယ်၏ မြေကွက်နှင့် နေအိမ်ပေါ်တွင် နေထိုင်လျက်ရှိသော်လည်း ယနေ့အထိ ဦးမောင်လယ် သားသမီးငါးဦးတို့သည် ညီတူမျှတူပိုင်ဆိုင်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။ သားသမီးငါးဦးစလုံး ဦးမောင်လယ်ပိုင်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်၊ ဒေါ်ငွေငွေရီ ပါ (၅)ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရာစိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၄/၇၁)**
**အခန်း (၃)၊ တိုက် (၄၆)၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၀၀၅၉ (Jialing -90) ယာဉ်လက်ဝယ်ရှိသူဦးလာလ်မွန်၅/ကလထ(နိုင်)၀၁၁၄၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း၊ မြေကွက်အမှတ် ၄၇၉၀၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးမိုးမြင့်မင်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးကိုကိုလတ်(ဘ)ဦးတင်မောင် ၅/စကန(နိုင်)၀၂၅၆၇၀မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် ကြေညာခြင်း

ဒေါ်စီစီ ၁၂/ပဘတ(နိုင်)၀၂၃၁၆၈၊ အမှတ် (၁၆၁)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်တွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ အမှတ် ၄၅၂/လေးလွှာ(B)(ခြေရင်းခန်း)၊ သဇင်နွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် မြေပေါ်ရှိ အဆောက်အအုံ၏ တိုက်ခန်းအား ကန်ထရိုက်တာထံမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၁၇-၂-၂၀၁၉ ရက်တွင် ကန်ထရိုက်တာနှင့်မြေရှင်တို့သည် တိုက်ခန်းအား အပြီးအပိုင်လွှဲအပ်ပေးခဲ့ပါသည်။ အဆိုပါတိုက်ခန်းအား ဒေါ်စီစီ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရန် ပြုလုပ်ခဲ့ပါလျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ခြင်းကိုလက်ခံသူ | |
|---|---|---|
| ဒေါ်စီစီ | ဒေါ်သီတာခင်လတ် | ဒေါ်နှင်းဆုအောင် |
| ၁၂/ပဘတ(နိုင်)၀၂၃၁၆၈ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၅၂၆၅ | စဉ်-၁၄၉၄၁ |
| | ဖုန်း-၀၉-၉၅၁၁၉၅၆၁၄၊ ၀၉-၇၆၂၀၇၆၉၅၀ | |

---

## အများသိစေရန်ကြေညာခြင်း

မဖြူဖြူလှိုင် ၁၂/မဒန(နိုင်)၁၂၁၁၆၉ အမှတ် ၁၂/သုံးလွှာ(B)၊ ကမ္ဘာ့ဌာန်းလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်တွင်နေထိုင်သူမှ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာခြင်းဖြစ်ပါသည်။ မဖြူဖြူလှိုင်သည် အမှတ် (၄၅၂)၊ ငါးလွှာ (A)၊သဇင်နွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံ၏ ငါးလွှာ (A)(ခေါင်းရင်းခန်း)အား ကန်ထရိုက်တာထံသို့ ငွေအပြီးပေးချေပြီး ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်၍ ၁၇-၂-၂၀၁၉ ရက်တွင် ကန်ထရိုက်တာနှင့်မြေရှင်တို့သည် တိုက်ခန်းအား အပြီးအပိုင်လွှဲအပ်ပေးခဲ့ပါသည်။ မဖြူဖြူလှိုင်၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါတိုက်ခန်းအား တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန်၊ ပြုလုပ်ဆောင်ရွက်ခဲ့လျှင် ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားချက်အရ- | လွှဲအပ်ခြင်းကိုလက်ခံသူ- | |
|---|---|---|
| ဒေါ်ဖြူဖြူလှိုင် | ဒေါ်သီတာခင်လတ် | ဒေါ်နှင်းဆုအောင် |
| ၁၂/မဒန(နိုင်)၁၂၁၁၆၉ | စဉ်-၅၂၆၅ | စဉ်-၁၄၉၄၁ |
| | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၈)၊ အကွက်အမှတ် (၂၅/လုံလော့ရပ်)၊ ဦးပိုင်အမှတ် (၁၄၄/က)၊ ဧရိယာ ၀ ဒသမ ၂၆၅ဧက၊ အမှုတွဲအမှတ် ၅၀၆-၅/၂၀၁၈-၁၉(အေ)ဖြင့် ဒေါ်လီရော်ဆီမှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ရာ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၆GI/၂၀၁၈) ဖြင့် ဒေါ်ကွမ်းကြိန်း ၁၃/ဟပတ(နိုင်)၀၁၀၆၉၃ ထံသို့ အနောက်ဘက်အခြမ်း ဦးပိုင်အမှတ် (၁၄၄/က၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၅ဧကအား ခွဲစိတ်ရောင်းချထားပြီးဖြစ်သဖြင့် မြေငှားဂရန်ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၂၀)အတွင်း ခရိုင်/ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

## အမည်မှန်

တန့်ယန်းမြို့၊ ရပ်ကွက်(၂)နေ စိုင်းရွှေအေး၏ အမည်မှန်မှာ စိုင်းရွှေအေး(ခ)စိုင်းသျှန်ဟိန်းဝမ်း ၁၃/တယန(နိုင်)၀၄၁၆၂၂ ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဆန်းလင်းဇော် ၁၀/သဖရ(နိုင်)၀၉၅၁၂၄၏ Passport-No(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အုန်းကြည် အသက်(၉၄)နှစ်**

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ဦးခွန်အောင်စိုး(အထွေထွေမန်နေဂျာ)-ဒေါ်နန်းအေးအေးမြင့်တို့၏ မိခင်သည် ၁၉-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ရီနှင့်ဇနီးဒေါ်ဥမ္မာကို**
**အမြဲတမ်းအတွင်းဝန်**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အုန်းကြည် အသက်(၉၄)နှစ်**

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ဦးခွန်အောင်စိုး(အထွေထွေမန်နေဂျာ)-ဒေါ်နန်းအေးအေးမြင့်တို့၏ မိခင်သည် ၁၉-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောဂျွန်ရွှေဘနှင့် ဇနီးဒေါ်နော်ဂျူးနေခိုင်**
**ဦးဆောင်ညွှန်ကြားရေးမှူး(မြန်မာ့သစ်လုပ်ငန်း)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အုံးကြည်
## အသက်(၉၄)နှစ်

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခွန်အောင်စိုး-ဒေါ်နန်းအေးအေးမြင့်တို့၏ မိခင်ဖြစ်သူသည် ၁၉-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**သစ်တောဖက်စပ်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းထွန်း
**အင်ဂျင်နီယာချုပ်(ငြိမ်း၊ အဝေးဆက်သွယ်ရေး)**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**အသက်(၆၃)နှစ်**

ဆရာ ဦးသန်းထွန်း အင်ဂျင်နီယာချုပ်(ငြိမ်း၊ အဝေးဆက်သွယ်ရေး)၊ (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)သည် ၁၉-၂-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၅:၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ ဆရာ ကောင်းရာသုဂတိ ရောက်ရှိနိုင်ပါစေ။

**အဝေးဆက်သွယ်ရေးဝန်ထမ်းများ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာခင်မမ
## ဒုတိယပါမောက္ခချုပ်(ငြိမ်း)
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## အသက်(၇၂)နှစ်

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ ပါမောက္ခ ဒေါက်တာမောင်မောင်စံ၏ ချစ်လှစွာသောဇနီး ပါမောက္ခ ဒေါက်တာခင်မမသည် ၂၀-၂-၂၀၁၉ ရက် နံနက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ ဆရာတို့၏ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ**
**1996-2003 Batch**
**UVS, Yezin**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘကြင် အသက်(၉၃)နှစ်

မန္တလေးမြို့၊ ဝါးတန်းရပ်နေ ဦးကာ-ဒေါ်အုန်းခင်(သင်းနံ့လက်ဖက်စို၊ လက်ဖက်ခြောက်ပွဲရုံ)တို့၏သား၊ ဦးထွန်းဦး-ဒေါ်အုန်းတင် (ပြည်သူ့ သစ္စာဆီစက်)တို့၏သားသမက်၊ ဦးသိန်းဌေး-ဒေါ်ဆွေဆွေကြင် (မဟူရာရွှေဆိုင်)၊ (ဦးမျိုးကြင်-ဒေါ်ခင်သန်းအေး၊ မိုးကုတ်မြို့)၊ ဒေါ်ဝေဝေကြင်၊ ဒေါ်ချစ်ချစ်ကြင်တို့၏ဖခင်၊ မမေသူသိန်းဌေး၊ ကိုစည်သူသိန်းဌေး၊ ကိုသန်းနိုင်ထွန်း-မမေမြတ်နိုးကြင်(စင်ကာပူ)၊ ဒေါက်တာကောင်းမြတ် မျိုးကြင်-မမိုးမိုးအောင်(လှရတီ အမျိုးသမီးဖက်ရှင်နှင့်ဒီဇိုင်း)တို့၏ အဘိုး၊ မေဘလ်မြတ်နိုးထွန်း၊ ကေသရီမြတ်နိုးထွန်းတို့၏ဘိုးဘိုးကြီး၊ မန္တလေးမြို့၊ ဂုဏ်တန်ရပ်၊ ၈၃လမ်း၊ ၃၁×၃၂ လမ်းကြားနေ ဒေါ်သောင်းသောင်းကြင်၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးငွေမောင် (ရဲမှူး-ငြိမ်း)
### အသက်(၈၈)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၁)ရပ်ကွက်၊ ၆၄လမ်း၊ စံပယ်လမ်း နှင့်သရဖီလမ်းကြား၊ (ဏ-၅/၉၇)နေ[ဦးစံခိုင်- ဒေါ်ဖွားစုံ(ခ)ဒေါ်မြညွန့်]တို့၏သား၊ (ဦးတုတ်ကလေး-ဒေါ်သိန်းညွန့်)တို့၏သားသမက်၊ (ရဲအုပ်သူရဇော် အောင်)-ဒေါ်မာမာလွင်၊ ဒေါ်မူမူစန်း၊ ဒေါ်မော်မော်စန်း(ထက်/အုပ်၊ အထက ရွာသစ်၊ မြင်းခြံ)၊ ဒေါ်မိုးမိုးစန်း(လဝက မှူး-ငြိမ်း)၊ မြေးလေးယောက်တို့၏ဘိုးဘိုးကြီး၊ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် အထက်ပါချမ်းမြသာစည်မြို့နယ်နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ မီး ဒါယိကာမကြီး

## ဒေါ်သိန်းသိန်းဝင်း (ရွှေလမင်းရွှေဆိုင်)
### အသက်(၆၈)နှစ်

မန္တလေးမြို့၊ မျက်ပါးရပ်၊ အကွက် ၆၄၃နေ ဦးလှဖေ-ဒေါ်သန်းခင်တို့၏သမီး၊ ဒေါ်ဝင်းရီတို့၏ညီမ၊ ဦးခင်မောင် ဝင်း-ဒေါ်တင်စန်းတို့၏အစ်မ၊ ဦးတင်ကိုကို-မရတနာဖြိုးတို့၏မိခင်၊ (ဦးအောင်ကျော်ဌေး)၏ဇနီးသည် ၁၉-၂- ၂၀၁၉ရက်(အင်္ဂါနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဒေါက်တာဒေါ်ခင်မမ
### ဒုတိယပါမောက္ခချုပ်-စီမံ(ငြိမ်း)
### မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
### အသက်(၇၂)နှစ်

ဆရာကြီး ပါမောက္ခ ဒေါက်တာမောင်မောင်စံ(ခ) စာရေးဆရာကြည်မင်း/ကျော်စောမင်း(မွေးဆေး၊ ဒု-ပါချုပ်-ငြိမ်း)၏ဇနီး ဆရာမကြီး ပါမောက္ခဒေါက်တာ ဒေါ်ခင်မမသည် ၂၀-၂-၂၀၁၉ရက် နံနက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ဇနီး ဒေါ်အေးအေးမြင့်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဒေါ်ဌေးမြင့်(ခ)ဒေါ်လုံး အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်၊ မြို့ပြအိမ်ရာ(မြောက်)ခြမ်း၊ အမှတ် ၃၊ အခန်း၇နေ (ဦးညွန့်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ ဦးကျော်မြင့်ထွန်း-ဒေါ်ခင်စိုးမြင့်၊ ဦးထွန်းမြင့်-ဒေါ်အေးအေးထွန်း၊ ဦးဇော်ဦး-ဒေါ်ခင်လေးမြင့်တို့၏မိခင်၊ ကိုလင်းထက်အောင်-မန္တေးအိမ္မွန်၊ ကိုသတိုးဆွေ၊ ကိုဟိန်းမင်းလတ်၊ ကိုအောင်ကောင်းခန့်တို့၏အဘွား၊ မညွှန်းဆုထက်အောင်တို့၏ဘွားဘွားကြီးသည် ၂၀-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၂-၂-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါမရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကပ္ပတိန်စိုးလင်းသန်း B.S.C (D.S.A)အပတ်စဉ်(၃၃)
### ဗိုလ်မှူး(ငြိမ်း)၊ တပ်မတော်ရေ
### အသက်(၄၉)နှစ်

## ဒေါ်ချောစုစုလင်း B.S.C (Chem)
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်နေ ဦးသန်း-ဒေါ်သန်းမြင့်တို့၏သားနှင့် သမီးချွေးမ၊ မိတ္ထီလာမြို့နေ(ဦးစိုးမြင့်-ဒေါ်မြခိုင်)တို့၏ သားသမက်နှင့်သမီး၊ ဦးမင်းအောင်(ခေတ္တ စင်ကာပူ) ၏ညီနှင့် ညီမ၊ ကိုစိုးမြင့်သန်း၊ ကိုစိုးမိုးသန်း(အီလက်စထရိုပိုစတား)ကုမ္ပဏီတို့၏အစ်ကိုနှင့်အစ်မ၊ မအိမ့်သက်ပိုင်မှူး၊ မသော်တာထက်စံတို့၏ ချစ်လှစွာသော ဖခင်နှင့်မိခင်တို့သည် ၂၁-၂-၂၀၁၉ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (တိုက် ၄၁၊ ခြောက်လွှာ A၊ ပုသိမ်လမ်း၊ စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## Capt: စိုးလင်းသန်း (ဗိုလ်မှူး၊ ငြိမ်း) အသက်(၄၉)နှစ်
### စတသ(၃၃)

## ဒေါ်ချောစုစုလင်း B.S.C(Chem) အသက်(၄၅)နှစ်

သူငယ်ချင်း စိုးလင်းသန်းနှင့် ဇနီး ဒေါ်ချောစုစုလင်းတို့ မမျှော်လင့်ဘဲ ရုတ်တရက်ကွယ် လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၃၃)မှ သူငယ်ချင်းမိသားစုများ**

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီ ဦးအောင်ထွန်း
### သစ်တောဦးစီးဌာန
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၂လမ်းနေ(HJဦးသိန်းကျော်)(အကောက်ခွန်ဌာန)-ဟာဂျီမဒေါ်နုနု တို့၏သား၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းနေ ဦးဘစံ(ကုန်သွယ်လယ်ယာ-ငြိမ်း)-(ဒေါ်လှလှသန်း) တို့၏သားသမက်၊ ဒေါ်နီနီစံ(အထက-၂၊ ဗိုလ်တထောင်မြို့နယ်)၏ခင်ပွန်း၊ မနှင်းရတီအောင်(ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်)၊ မနှင်းဝတီအောင်(ရန်ကုန်နည်းပညာတက္ကသိုလ်) တို့၏ဖခင်၊ Australiaနိုင်ငံ၊ Sydneyမြို့နေ ဒေါ်သိန်းသိန်းနု-ဦးခင်မောင်ကြီး၊ ဒေါ်သိန်းသိန်းရီ-ဦးခင်ဇော်၊ ဦးအောင်လင်း-ဒေါ်ခင်ရီတို့၏ညီ/မောင်၊ London မြို့ နေ ဒေါက်တာ ညီလေးမောင်၊ Australia နိုင်ငံ၊ Sydney မြို့နေ ဒေါက်တာ သိန်းသိန်းယု-ဦးတင်မောင်၊ ဒေါ်သိန်းထွေးနုတို့၏အစ်ကိုသည် ၁၇-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့)တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၂-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင်ရေဝေးသုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်ရဲသီဟအောင်
### အသက်(၂၇)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ ဦးစံညွန့်-ဒေါ်သန်းသန်းနွယ်တို့၏သား၊ ဒေါ်လှလှနွယ်၊ ဒေါ်သန္တာနွယ်(ခေတ္တ-မလေးရှား)၊ ဦးကျော်သူ(တပ်မတော်-ရေ၊ ဟိုင်းကြီးကျွန်း) တို့၏တူ၊ မောင်သန့်စင်ကိုကို၏ တစ်ဦးတည်းသောညီ၊ မပြည့်ပြည့်မြတ်နိုးခန့်(တတိယနှစ်၊ သချာ်)၏ အစ်ကိုသည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉း၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ရက်တွင် အထက်ပါ ဒေါပုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြိုစစ်ခင်(ခ)ဦးချစ်ခင် (ယခင်ရွှေတောင်တန်းလမ်းနေ)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၉၈(သုံးလွှာ၊ A)နေ (ဦးကြိုစီဟောင်-ဒေါ်ငွေပို့)တို့၏သား၊ (ဒေါ်တန်မွန်း)၏ခင်ပွန်း၊ ဦးစောလွင်-ဒေါ်အုန်းရီ၊ ဒေါ်ရှုကြည်-(ဦးသိန်းဝင်း)၊ (ဦးကျော်စိန်)-ဒေါ်တန်ဘိလေ၊ ဒေါ်ဒေစီ-ဦးမြင့်ဝင်း၊ ဦးအောင်လင်း-ဒေါ်ရှုတီ၊ ဒေါ်ခင်သန်းမြင့်-ဦးခင်မောင်တို့၏အစ်ကို၊ ဒေါ်ခင်ဝင်း၊ ဒေါ်သန်းသန်းဝင်း-ဦးငြိမ်းမောင်၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်စန်းစန်းရီ-ဦးသန်းနိုင်ထွန်း၊ (ဒေါ်စန်းစန်းထွေး-ဦးကြည်ဝင်း)၊ (ဦးဝင်းကြူ)၊ ဦးဟိုမင်း-ဒေါ်သဇင်အောင်တို့၏ဖခင်၊ မြေး၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသ ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဝတ္တကမြေ၊ ရေတွင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်မြဦး (ကဝက်၊ မြောင်းမြ)
### အသက်(၈၇)နှစ်

မြောင်းမြမြို့နေ (ဦးဘစိန်-ဒေါ်အေးစိန်)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ (၉)ရပ်ကွက်နေ(ဦးထွန်းထွန်း)၊ (မြို့နယ်မန်နေဂျာ၊ စိုက်ပျိုးရေး-ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်စိုးသင်(ဒု-ရဲမှူး၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေကြောင်းရဲ၊ မန္တလေး)-ဒေါ်သီတာဦး(အလပြ၊ မဲဇလီတော)၊ ဒေါက်တာနီလာထွန်း(တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ ရေနံချောင်းတက္ကသိုလ်)၊ ဦးနေလင်းထွန်း(ထွဋ်ထွဋ်)(မော်တော်ယာဉ်လုပ်ငန်း)-ဒေါ်ချိုမာထွေး၊ ဦးသူရိန်ထွန်း(ဂဲဂဲ)(မော်တော်ယာဉ်လုပ်ငန်း၊ မင်းလှမြို့)၊ ဦးစည်သူ-ဒေါ်ကြည်ကြည်ဝင်း(အောင်စည်နတ်ကန်၊သစ်တောရွာ၊ လယ်ဝေးမြို့နယ်)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား သည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် နေအိမ်မှ မင်းလှမြို့၊ ဘုရားတစ်ဆူသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးဘိုကြီး(ခ)ဦးဖေဝင်း
### ပျဉ်းမနားအသင်း(ရန်ကုန်)၊ အနာကြီးရောဂါတိုက်ဖျက်ရေးမှူး(ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး မြို့နယ်၊ လိမ္မော်ခြံအုပ်စု၊ ညောင်လေးပင်ရွာနေ ဒေါ်နန်းရီ၏ခင်ပွန်း၊ ဦးတိုး ဖြိုး-ဒေါ်နန်းဝင်းခမ်း၊ ဦးစိုးထက်-ဒေါ်မိုမိုဝင်းတို့၏ဖခင်သည် ၁၉-၂-၂၀၁၉ ရက်(အင်္ဂါနေ့)ည ၇း၄၁နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၀-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ဇဟိုရ်အပြီး မွန်းလွဲ ၁ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း (ရွှေဘို)
### အသက်(၇၉)နှစ်

အင်းတော်မြို့၊ အောင်မေတ္တာရပ်(ဝင်ဒါမီယာတိုးချဲ့ရပ်)၊ အမှတ် ၁၅၃နေ ဒေါ်နန်းရီ၏ခင်ပွန်း၊ ဦးသိန်းဆွေဝင်း(လ/ထ ညွှန်ကြားရေးမှူး၊ တိုင်းပညာရေးမှူးရုံး-တောင်ကြီး)-ဒေါ်ဝင်းမြင့်၊ ဦးအောင်ဆန်းဝင်း(အထွေထွေမန်နေဂျာ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း)-ဒေါ်ချိုချိုကျော်၊ ဦးဇင်ဥူးရာဇိန္ဒ(ပထမဂန္ထာရုံကျောင်းတိုက်၊ စစ်ကိုင်း)၊ ဦးစောခိုင်မြင့်-ဒေါ်သီဂီဝင်း (ဝင်းအောင်နာရီ)၊ ဦးဇော်သက်ဦး-ဒေါ်သီရိဝင်း(Three Eleven Mobile Phone) တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၃၃ နာရီတွင် အင်းတော်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်သည်။ ကျန်ရစ်သူမိသားစု

## ဦးစိန်ကျော်သန်း
### စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံကျွန်းချောင်း
### မြန်မာ့ရေနံဓာတုလုပ်ငန်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်-၁၃၄၊ ငါးလွှာနေ (ဦးဘထွန်း- ဒေါ်လွင်လွင်)တို့၏သား၊ သရက်မြို့နေ (ဦးချီစလင်-ဒေါ်ခင်အေး)တို့၏သားသမက်၊ ဒေါ်ဝင်းဝင်းအေး(လက်ထောက်စက်ရုံမှူး-ငြိမ်း၊ ရေနံချက်စက်ရုံ၊ သန်လျင်)၏ခင်ပွန်း၊ ကိုရဲမြင့်အောင်(PEB Steel)-မငြိမ်းစန္ဒီမောင်(MMN Shipping)၊ မမေသီတာလွင်(TPBI& Myanmar Star)၊ မဆုထက်လွင်(MYAT MIBA Construction)တို့၏ဖခင်သည် ၂၀-၂-၂၀၁၉ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိန်ကျော်သန်း
### စက်ရုံမှူး(ငြိမ်း) အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံကျွန်းချောင်း
### မြန်မာ့ရေနံဓာတုလုပ်ငန်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်-၁၃၄၊ ငါးလွှာနေ (ဦးဘထွန်း-ဒေါ်လွင်လွင်)တို့၏သား၊ (ဦးလှကျော်မင်း)-ဒေါ်သန်းသန်းနွဲ့၊ (ဦးအောင်သူရ-ဒေါ်မြင့်မြင့်ဦး)၊ (ဦးလှမြတ်ဦး)၊ (ဦးထွန်းအောင်ရှိန်ဝင်း)-ဒေါ်မူမူသစ်၊ ဦးလှဘဦးတို့၏အစ်ကို၊ မစုရည်နွယ်၊ ဒေါက်တာဝေလင်းရှိန်၊ မစုသီရိခေတ်၊ ကိုကောင်းလတ်သူ၊ မဖူးသစ်နွယ်တို့၏ဘကြီးသည် ၂၀-၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနေသာဝင်း အသက်(၆၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ မင်းပိုင်းရပ်၊ သီတာလမ်း၊ အမှတ် ၆၂နေ (ဦးဘဦး-ဒေါ်အေးခင်)တို့၏မြေး၊ (ဦးဌေးဝင်း-ဒေါ်ခင်မြင့်)တို့၏သား၊ (ဦးဆန်းဦး)၏ညီ၊ ဦးမြင့်စိုး၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ အမှတ် ၄၁/B၂နေ ဒေါ်နေခြည်ဦး၊ ဦးဇေယျကျော်သူ-ဒေါ်မို့မို့ဝင်း၊ ဦးရာဇာအောင်-ဒေါ်နိုင်နိုင်ဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ အထက်ပါ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ယိုဝါး(ခလောင်ယိုဝါး) (ပုသိမ်မြို့) အသက်(၉၉)နှစ်

ပုသိမ်မြို့၊ မာတရပ်၊ ကမ်းနားလမ်း၊ အမှတ် ၄၇၄နေ (ဦးလောင်စင်-ဒေါ်လှ)တို့၏သမီး၊ (ဦးစွန်းနီး-ဒေါ်စပု) တို့၏ သမီးချွေးမ၊ [ဦးလှိုင် ဟုတ်(ခ) ရှာလှိုင်ဟုတ်]၏ချစ်လှစွာသောဇနီး၊ ဦးလှ အေး-(ဒေါ်ရှုကြည်)၊ (ဦးကြည်လွင်)-ဒေါ်လှလှမြင့်၊ ဦးအုန်းခင်-ဒေါ်မော် မော်ဝင်း၊ (ဦးတင်မောင်)-ဒေါ်ကြည်ကြည်ခင်(ခေတ္တ-U.S.A)၊ ကိုဌေးဝင်း၊ ကိုသောင်းဌေး၊ ကိုစိုးဝင်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁း၄၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီ တွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာအား ကြက်မောက်ကုန်း၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟ များအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကိုကိုသိန်း (မြောင်းမြ)
### ငွေစာရင်းမင်းကြီးရုံး(ငြိမ်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၃၄၁(A)နေ (ဦးဘိုးရင်-ဒေါ်ရွှေစိန်)တို့၏သား၊ ဒေါ်ရင်မေ၏ခင်ပွန်း၊ (ဒေါ်မမသိန်း၊ ဒေါ်မမကြည်၊ ကျန်းမာရေးဆရာမ၊ ငြိမ်း)တို့၏မောင်၊ ဒေါ်မမရီ၊ (ဒေါ်မမအေး)တို့၏အစ်ကို၊ ဦးဇော်ဇော်သိန်း၊ ဒေါ်မော်မော်သိန်း၊ ဦးကိုကိုနိုင်သိန်း၊ ဦးညီညီနိုင်သိန်းတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ် နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၉ ရက်(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လေး [မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)]
### ပါတီယူနစ်ကော်မတီဝင်(ပုဇွန်တောင်မြို့နယ်)
### အသက်(၈၂)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ စိန်ပန်းပင်ရွာနေ(ဦးထွန်းလှိုင်-ဒေါ်ဖွားယုံ)တို့၏သား၊ ရေနံချောင်းမြို့နယ်၊ ညောင်လှရပ်နေ(ဦးဟုတ်လှိုင်-ဒေါ်ထွန်းရင်)တို့၏သားသမက်၊ ဦးတင့်နိုင်(ဗိုလ်မှူး-ငြိမ်း)-ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး-ငြိမ်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)၊ ဦးယုလေးမောင်-ဒေါ်မြသန်း(ခ)မိချို(ဝမ်းဘဲခေါက်ဆွဲစက်ရုံ)၊ ဦးယုလေးအောင်(အုပ်ချုပ်ရေးမှူး၊ စည်ပင်တာမွေ)-ဒေါ်ခိုင်ခိုင်အေး(အရှေ့ပိုင်းခရိုင်၊ စည်ပင်ရုံး)၊ ဒေါက်တာကျော်သူ-ဒေါ်သူဇာအောင်(MACLE Gem Traole Leboratory)တို့၏ဖခင်၊ မောင်ဆန်းဦးမောင်၊ မောင်မင်းခန့်ကျော်သူတို့၏ အဘိုး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၃)လမ်း၊ အမှတ် ၁၂နေ ဒေါ်အုံးမြင့်၏ခင်ပွန်းသည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတားဒါယိကာမကြီး

## ဒေါ်ဝင်းမေ
### ဓနုဖြူမြို့
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(A)ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ် ၃၉၉နေ(ဦးဝမ်းနန်း-ဒေါ်ကုလား မ)တို့၏သမီး၊ (ဦးသာရင်-ဒေါ်ပုလေး)တို့၏သမီးချွေးမ၊ ဒေါ်ကျင်ဒေါင်း၏ညီမ၊ (ဦးစံရှိန်)(ရဲမှူး-ငြိမ်း)၏ဇနီး၊ ဦးထင်ကျော်ဝင်း-ဒေါ်သစ်သစ်ရှိန်၊ ဒေါ်ပိုင်ပိုင်စံ၊ ဦးရဲမောင်မောင်မြင့်-ဒေါ်စိုင်စိုင်ရှိန်တို့၏မိခင်၊ မမေဖုန်းသစ်ကျော်(ပထမနှစ်၊ ဂုဏ်ထူးတန်း၊ ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၏အဘွားသည်၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅း၅၀နာရီတွင် လမ်းမတော်မြို့နယ်၊ ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

## ဦးအောင်သူဆန်း(ခ)ကိုလတ် အသက်(၇၀)

ရန်ကုန်မြို့နေ (ဗိုလ်မှူးတင့်ဆန်း-ဒေါ်တင်တင်ရီ)-ဒေါ်တင်တင်ညွန့်တို့၏သား၊ FMI City နေ(ဦးကြင်မောင်-ဒေါ်ခင်ဝင်း) တို့၏သားသမက်၊ ဘုရင့်နောင် သိန်းပွဲရုံနေ (ဒေါ်ဌေးဌေးရီ)၏ခင်ပွန်း၊ [ဟိန်းအောင်သူလင်း(ခ)ဘိုဘို]၏ဖခင်၊ (ဦးသက်တင်ဆန်း)-ဒေါ်ရီရီစိန်၊ ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်ချိုချိုဆန်း၊ ဦးဇော်လွင်-ဒေါ်လဲ့လဲ့ဆန်းတို့၏ညီ/မောင်၊ ဦးဇော်သူဆန်း-ဒေါ်ရီရီမိုး၊ (ဦးကျော်သူဆန်း)-ဒေါ်စဝ်မြကြည်၊ ဦးမျိုးသူဆန်း-ဒေါ်ခင်ခင်ငြိမ်း၊ (ဦးသန်းထွဋ်ဦး)-ဒေါ်ဝင်းလင်းဆန်း၊ (ဦးကြည်သူဆန်း)-ဒေါ်ယဉ်ယဉ်ရွှေတို့၏အစ်ကို၊ တူ၊ တူမ ၂၀ယောက်တို့၏ဦးလေး၊ မြေး၂၆ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆း၅၀နာရီတွင် ခုတင်-၅၀၀ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ် ၅၈၀၊ မေတ္တာညွန့်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

## ဦးအောင်သူဆန်း(ခ)ကိုလတ်
### အသက်(၇၀)

ရန်ကုန်မြို့ ယခင်ဘုရင့်နောင်ပွဲရုံနေ (ဦးကြင်မောင်-ဒေါ်ခင်ဝင်း)တို့၏သားသမက်၊ [ဒေါ်ဌေးဌေးရီ(ခ)မကြည်ပိုး]၏ခင်ပွန်း၊ ဘိုဘို(ခ)ဟိန်း၏ဖခင်၊ (ဦးစိုးအောင်)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးဆန်နီ-ဒေါ်ဘေဘီထင်အောင်-ဒေါ်သန်းသန်းအေး၊ ဒေါ်ဌေးဌေးစိန်တို့၏အစ်ကို၊ ဦးမြဟန်(ခ)ဦးချိန်း-ဒေါ်ကြည်စန်းချစ်၊ ဦးလှအောင်(ခ)ဦးကျွမ်း-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးသန်းထွဋ်(ခ)ဦးတိုးတိုး-ဒေါ်ခင်ဝင်းရီ(ခ)မတုပ်တုပ်တို့၏အစ်ကို၊ တူ၊ တူမ ၁၆ယောက်တို့၏ဦးလေး၊ မြေး၁၀ယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆း၅၀နာရီတွင် ခုတင်-၅၀၀ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ် ၅၈၀၊ မေတ္တာညွန့်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံလွှတ်တော်များ၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ **H. E. Mr. Kim Jaewon** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H. E. Mr. Kim Jaewon အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ- ကိုရီးယား နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်များ၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအထောက်အကူပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးဇော်သိန်း၊ ဦးခင်အေးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ၂၀၁၉ ခုနှစ်၊ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၁၉ ခုနှစ်၊ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမတွင် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်းထုတ်ပြန်ပေးသွားမည်**

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ မတ် ၁၁ ရက်မှ ၁၄ ရက်ထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ မတ် ၂၀ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် မတ် ၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း ၀၆၇-၄၁၂၂၅၅၊ ၄၁၂၂၆ သို့ လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း ၀၆၇-၄၁၄၄၉၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# MFF ၊ MNL နှင့် Molten Corporation တို့ စပွန်ဆာစာချုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီနှင့် Molten Corporation တို့၏ စပွန်ဆာစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက MFF အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး Molten Corporation အထွေထွေမန်နေဂျာ Mr. Kentaro Shimada က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ Molten Corporation အထွေထွေမန်နေဂျာ Mr. Kentaro Shimada နှင့် Winner Sports မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးပိုင်ချစ်တို့ စပွန်ဆာစာချုပ် လက်မှတ်ရေးထိုးကာ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။ **(ဓာတ်ပုံ)** ယင်းနောက် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် မီဒီယာများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

Molten Corporation သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီကို နှစ်နှစ် စပွန်ဆာပေးခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြိုင်ပွဲများနှင့် လက်ရွေးစင်အသင်းများ၏

*စာမျက်နှာ ၁၂ ကော်လံ ၅ ❍*

## အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ယနေ့ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၂ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ခွင့် လက်ကျန်တစ်နေရာအတွက် အသင်းသုံးသင်း အပြိုင်လုရမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၁ ရက် ပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရသည့် အသင်းသုံးသင်း ထွက်ပေါ်ထားပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု (ခ) မှ တစ်နေရာသာ ကျန်ရှိတော့သည်။ အုပ်စု (က) ပွဲစဉ်များမှာ ဖေဖော်ဝါရီ ၂၁ ရက်က ပြီးဆုံးခဲ့ပြီး ဗီယက်နမ်နှင့် ထိုင်းအသင်းတို့ ခုနစ်မှတ်စီရသော်လည်း ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်အသင်းက အုပ်စု ပထမ၊ ထိုင်းအသင်းက အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ အုပ်စု (ခ) တွင်မူ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး အုပ်စုဒုတိယနေရာအတွက် နှစ်မှတ်ရထားသည့် အင်ဒိုနီးရှား၊ တစ်မှတ်စီရထားသည့် မြန်မာနှင့် မလေးရှားအသင်းတို့ မျှော်လင့်ချက်ရှိနေသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် မလေးရှားကို အနိုင်ရရန်လိုအပ်သလို နှစ်မှတ်ရထားသည့် အင်ဒိုနီးရှားအသင်း နိုင်ပွဲမရမှသာ တက်ရောက်နိုင်မည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်း အနိုင်ရပါက မြန်မာနှင့် မလေးရှားပွဲရလဒ်မှာ အရေးမပါတော့ပေ။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် အင်ဒိုနီးရှားနှင့် တစ်ဂိုးစီသရေကျပြီး ကမ္ဘောဒီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မြန်မာနှင့် မလေးရှား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

